မြောင်းမြခရိုင် လပွတ္တာမြို့နယ်.........

လပွတ္တာရှစ် ဘုရားကြီးအနီး ကမ်းပါးနီကျေးရွာ တောရကျောင်း

**ဆရာတော် ဦးဣန္ဒာစက္က**

၇-ဝါတွင် စီရင်ခဲ့၍ ၁၆-ဝါတွင် ထပ်ဖွင့်သော

# တိဖလအဖွင့်ကျမ်း

စ-လယ်-ဆုံး နှလုံးသွင်းကြည့်ပါ။

မေးပါ — တွေးပါ — တောင်ဇွာ

ဆွမ်းဆန် ကြွက်ချေး — ရွေးသို့နည်း။

သုခမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၃၀-ခု၊

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

မြောင်းမြခရိုင် [illegible]မြို့နယ်

လပွတ္တာရပ် ဘုရားကြီးအနီး ကမ်းပါးနီကျေးရွာ တောရကျောင်း

ဆရာတော် ဦးဇောတိက

၇-ဝါတွင် စီရင်ခဲ့၍ ၁၄-ဝါတွင် ထပ်ဖွင့်သော

# တိဗလအဖွင့်ကျမ်း

စ-လယ်-ဆုံး နှလုံးသွင်းကြည့်ပါ။

မေးပါ — သွေးပါ — သေချာ
သင့်မင်းသနို့ ကြွက်ဆေး — သွေးသို့ပြည်း။

---

တိုက်နံပါတ် ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၃၀-ခု၊

ဦးတင်ထူးက ပုံနှိပ်ထုတ်ဝေသည်၊

ပုံနှိပ်တိုက်မှတ်ပုံတင် ၀၀၁၅၊ ထုတ်ဝေသူ ၀၂၂၀။

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၀၀၃၂)

၁၃၃၀—ခု နယုန်လ။ အုပ်ရေ—၂၀၀၀



မြောင်းမြခရိုင် လပွတ္တာမြို့နယ် ကမ်းပါးနီ တောရကျောင်း
ကျမ်းပြုဆရာတော်

**ဦးဣန္ဒာစက္ကပုံတော်**

# နိဒါန်း

## ငှစ်လုံးဖွဲ့ ဂါထာ

၁။ လောကမှုန်            မိန့်ရှိအာဏာ၊
ငါးထောင်ရှည်ဝြား        တည်ထားများစွာ၊
လူ ရှင် ရဟန်း           ထွက်လမ်းကိုသာ၊
မြတ်ဘုရား              မှာထား ကရုဏာ။

၂။ သာသနာများ          တည်ထားမှန်စွာ၊
လူ ရှင် ရဟန်း           ရလမ်းကိုသာ၊
မိမိမပြု                 ကြုံမှုခက်တာ၊
ဒုလ္လဘ                  တွေ့ကြ တခုပါ။

၃။ ကမ်းပါးနီကျောင်း     ကိန်းအောင်းစံပျော်၊
ဇာတ္တသစက္က              နာမထင်ပေါ်၊
လူ ရှင် ရဟန်း           သင်တန်းကိုမြှော်၊
ကျမ်းဂန်ညှိ               ရေးဘိ ဆရာတော်။

မုန့်မြတ်စွာ စိန္တေယျာသည် လောကသုံးခွင် ဘုံအပြင်၌ ခုန်ဆန်တက်လွှား သတ္တဝါများ ကရုဏာတော် ရှေ့ထား၍ ချြွေးပါစေ တရားခရေအေး အမြိုက်ဆေးဖြင့် လေးဆယ့် ငါးဝါတိုင်တိုင် တိုက်ကျွေးတော်မူခဲ့လေသတည်း။

( ဃ )

ဤကဲ့သို့ တိုက်ကျွေးတော်မူပြီးသည့်နောက် ကုသိနာရုံ ပန်းစုံပေါတဲ့ အင်ကြင်းတောဝယ် ခန္ဓပရိနိဗ္ဗာန် စံလွန်ကာနီး ဓမ္မအမွေတော်ကြီးကို သတ္တဝါတွေ ရစေ ယူစေဟု ဆုံးမကာ ထား မိန့်ဟသည့်စကားမှာ "ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ဟု အာလုပ်တော်မနှား ငါးထောင်သော သာသနာများ မိန့်မြွက်ကာ ထားတော်မူလေသတည်း။

ထိုသို့ တည်မှတ်ကာ ထားတော်မူခြင်းကြောင့် စိတ်ရှုကာ အမှန်လင်းရအောင် "သံသာရဘယံ ဣက္ခတီတိ ဘိက္ခု" ဟု အကြံတခုနှင့် သာသနာတော်အတွင်း နေထိုင်လျက်ရှိပေသော ကမ်းပါးနီ တောရကျောင်းဆရာတော် ဦးဣန္ဒာစက္က သည် ဓမ္မာနုဂ္ဂဟ စိတ်ထားဖြင့် များစွာသော ဒါယကာ ဒါယိကာမတို့ အား သဒ္ဓါတရား ရှေ့ထား၍ ပညာတက်လမ်း လက်ရလှမ်း စေခြင်းငှါ ဤတိဖလ အဖွင့်ကျမ်းစာကို ရေးသားတော်မူပါ သတည်း။

နိဒါန်း ပြီး၏။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


နိဒါန်း (ဂ)

## အခန်း-၁

၁ တရားတောင်း ရှစ်လုံးဖွဲ့ .... .... ၁

၂ ပဏာမ ရှစ်လုံးဖွဲ့ .... .... ၂

၃ ပဏာမ ဂါထာပါဠိ အနက် .... ၃

## အခန်း-၂

၁ ဆရာကောင်းကိုရှာ ရှစ်လုံးဖွဲ့ .... ၅

၂ ဝိစိကိစ္ဆာ ယုံမှားခြင်း .... .... ၁၄

## အခန်း-၃

၁ ခန္ဓာနှင့်ဝိပဿနာ ခန္ဓာနှစ်ခုခွဲဝေခြင်း .... ၁၇

၂ ဆောင်ပုဒ်လင်္ကာ .... .... ၁၇

၃ အာရမ္မဏပိုင်းမှာ .... .... ၂၃

၄ ဆောင်ပုဒ်လင်္ကာ .... .... ၂၄

## အခန်း-၄


၁ ယထာဘူတ ရှစ်လုံးဖွဲ့ .... .... ၄၇
၂ စက္ခုနှင့်ရူပါရုံ ရှင်းပြခြင်း .... .... ၄၇
၃ သောတနှင့်သဒ္ဒါရုံ ရှင်းပြခြင်း .... ၄၉
၄ ဃာနနှင့် ဂန္ဓာရုံ ရှင်းပြခြင်း .... ၅၀
၅ ဇိဝှါနှင့် ရသာရုံ ရှင်းပြခြင်း .... ၅၁
၆ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ရှင်းပြခြင်း .... ၅၂
၇ မနနှင့် ဓမ္မာရုံ ရှင်းပြခြင်း .... .... ၅၄
၈ ခန္ဓာဒွယ ယုဂနဒ္ဓ .... .... ၅၈
၉ ဣတ္ထိဘာဝရုပ် .... .... ၅၉
၁၀ ပုရိသဘာဝရုပ် .... .... ၆၀
၁၁ ဥပါဒါနက္ခန္ဓာငါးပါး .... .... ၆၁
၁၂ သညာနီဝရဏဖြစ်ပုံ .... .... ၇၃
၁၃ နီဝရဏအစ ယထာဘူတ .... .... ၇၇
၁၄ စိတ္တာနုပဿနာ သတိပဋ္ဌာန် .... ၈၂
၁၅ မြင်တာနှင့် သညာ .... .... ၈၆


## အခန်း-၅


၁ နာမ်နှင့်ရုပ် ခွဲဝေပြခြင်း .... .... ၉၃
၂ သညာဝိပလ္လာသစက် .... .... ၉၈

၃ ဣရိယာပုထ် ဖုံးကွယ်ထားခြင်း .... ၁၀၄
၄ ဃနလေးမျိုး လွှမ်းဖုံးထားခြင်း .... ၁၀၅
၅ ဆောင်ပုဒ်လင်္ကာ .... .... ၁၀၇
၆ ဝိပဿနာ ဘာဝနာ လေးဆယ် .... ၁၂၂
၇ အနိစ္စလက္ခဏာ .... .... ၁၂၂
၈ ဒုက္ခလက္ခဏာ .... .... ၁၂၃
၉ အနတ္တလက္ခဏာ .... .... ၁၂၄
၁၀ သမ္ပဇညတရား လက်ကိုင်ထား .... ၁၂၈

## အခန်း-၆

၁ ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တ .... ၁၃၉
၂ နိရောဓမေ့နှင့် နိရောဓသစ္စာ ဒွယ .... ၁၄၃
၃ သဒ္ဓါအရင်းထား၍ အလင်းတရားရ .... ၁၅၄
၄ ခန္ဓဝဂ္ဂသံယုတ် ဘာရဝဂ် .... .... ၁၆၁

## အခန်း-၇

၁ ဒုက္ခအေးဘွယ် .... .... ၁၆၆
၂ ပရမတ္ထသံခိပ်ကျမ်း ဆောင်ပုဒ် .... ၁၈၈
၃ အဘိဓမ္မတ္ထ သင်္ဂဟာဂါထာများ .... ၁၉၀

၄ သမထဉာဏ်လမ်း ခဏိကသမာဓိ .... ၁၉၁

၅ သမထစျာန်လမ်း .... .... ၁၉၂

၆ ဝိပဿနာယာနိက ပြဆိုမည် .... ၁၉၂

၇ သစ္စာအနက် ၁၆-ချက် .... .... ၁၉၄

၈ ဒုက္ခသစ္စာအနက် လေးပါး .... ၁၉၄

၉ သမုဒယသစ္စာအနက် လေးပါး .... ၁၉၅

၁၀ နိရောဓသစ္စာအနက် လေးပါး .... ၁၉၅

၁၁ မဂ္ဂသစ္စာအနက် လေးပါး .... .... ၁၉၆

နိဂုံးစကား .... .... ၁၉၉


မာတိကာ ပြီး၏။



# တိပိဋကအဖွင့်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အခန်း – ၁

### တရားတော်ကြီး ရှစ်လုံးဖွဲ့

၁။ လူရော,နတ်ရော — ရသောဗြဟ္မာ၊
ရေတွက်မရ — ဝက်ကတဖြာ၊
ရလေသမျှ — ဒုက္ခကြုံလာ၊
ပြုလုပ်ပေး — ရှေးရေး မသိပါ။

၂။ စောထီးဟောပြ — ဓမ္မကိုသာ၊
လွန်စွာနက်နဲ — ခက်ခဲပညာ၊
ပါဠိတချက် — အနက်ဆယ်ခါ၊
သိနိုင်ရေး — ဉာဏ်တွေး မမှီရှာ။

၃။ ရွေးကာပြုလုပ် နာမ်-ရုပ်ခန္ဓာ၊
လက်သမားကြီး သူ့နည်းမှန်တာ၊
မြန်မာတပည့် ပါဠိနည်းစွာ၊
သဘောရေး ဟောပေးကျမ်းပြုပါ။

သုံးဆယ့်တဘုံ၊ ဖြစ်ရကြုံလည်း၊ အပြီးမသတ်၊ ခြားရဟတ်၌၊ ပတ်ပတ်လည်ငြား၊ ဒုက္ခပွား၍၊ လူကားတဖုံ၊ နတ်ဘုံတသီး၊ ဗြဟ္မာကြီးနှင့်၊ တနည်း ဝက်ဖြစ်၊ ငရဲနစ်အောင်၊ ပြုလုပ်ဆောင်သည့်၊ အမောင်လက်သမား၊ သူလှည့်စားသည်၊ ကေန်တိတိ၊ သဘောရှိ၍၊ စောထီးကျမ်းဂန်၊ လမ်းအမှန်ကို၊ ကေန်မလွဲ၊ သူပါဘဲဟု၊ ဟောပြန်ပြုလည်း၊ စောထီးမြတ်စွာ၊ ဒေသနာသည်၊ လွန်စွာနက်နဲ၊ ပညာမဲ့၍၊ ဉာဏ်နဲ့လို့သာ၊ မသိပါသည်၊ တောင်းပန်တပည့်၊ ဝန်ခံရှိ၍၊ ဉာဏ်ကူရှေသွား၊ နာမ်-ရုပ်များကို၊ ပိုင်းခြားဝေဘန်၊ ဟောမိန့်သံကို၊ ထံတွင်ချဉ်းကပ်၊ ခွင့်ပန်ကြသည့်၊ ဗြဟ္မာတနည်း၊ ကျမ်းဂန်စည်း၍၊ သိပ်သည်းမှန်စွာ၊ ရေးထိုက်ပါသည်၊ ဆရာတောပျော်—ဦးဣန္ဒာစက္က ဆရာတော် အရှင်သူမြတ်ကြီးဘုရား။

**ပဏာမ ရှစ်လုံးဖွဲ့**

၁။ သုံးဘုံထင်ရှား ဘုရားသခင်၊
သဒ္ဒါယုံပွား ညွှတ်တွားဦးတင်၊
ဦးတင်ပြီးငြား ရေးသားအစဉ်၊
တိပိဋက ယထာဘူတပင်။

၂။ တပည့်အများ လျှောက်ထားလို့ပင်၊
ဆရာတော်အား သနားအစဉ်၊
မေတ္တာရှေ့ထား ရေးသားစီရင်၊
တိဖလ ယထာဘူတပင်။

၃။ မဆုတ်ဆိုင်းဘဲ ဟုတ်တိုင်းမှန်စွာ၊
ဣန္ဒာစက္က ရေးရစေငှါ၊
မြတ်ဘုရား၌ ညွှတ်တွားတင်ကာ၊
ရေးသားခွင့် ပေးသင့်သနားပါ။

**ပဏာမဂါထာ**

ဗုဒ္ဓံ နမာမိ အနန္တံ၊ ပကာသိဿာမိ တိဖလံ။
သီလံသမာဓိပညာယ၊ ဥပါသကေဟိ ယာစိတော။

အနက်ကား အနန္တံ၊ သင်္ချေ သင်္ချာ မတင်သာအောင် သက္ကရာဇ်ဆက် ဂဏန်းတွက်က ရေတွက်ခြင်းငှါ မစွမ်းသာအောင် များပြားအထူ အနန္တကျေးဇူး ဂုဏ်အထူးလည်း ရှိတော်မူပေထသော။ ဗုဒ္ဓံ၊ လောကသုံးခွင် ဘုံအပြင်၌ ဂုဏ်အင်ကြီးမား မြတ်ဘုရားကို။ အဟံ၊ ထွက်လိုဝဋ္ဋ်ကမ်း မဂ်ဖိုလ်ပန်းကို ဆင်မြန်းရန်ဟု အကြံပြု၍ ပန်ဆုခြွေသ တပည့်ဣန္ဒာစက္ကသည်။ ဝါ-သုံးဘုံထောင်သွင်း အမှောင်တွင်း၌ အလင်းမရ အကျဉ်းကျ၍ မထနစ်မြုပ် အကျွန်ုပ် ဣန္ဒာစက္ကသည်။ နမာမိ၊ အညွှလီစုံ ထိပ်ဝယ်ပုံ၍ အာရုံညွှတ်တွား မြတ်ဘုရား

ကို ကြည်ယုံသဒ္ဓါ ရှိသေစွာဖြင့် သံသရာဘေး အမြန်အေးဘို့ မြှော်တွေးမှန်းကာ ရှိခိုးကန်တော့လိုက်ပါ၏ဘုရား။

နတ္ထာ၊အဉ္ဇလိကမ္မ တင်ချီသကာ ရှိခိုးပြီး၍။ အဟံ၊တပည့် ဏ္ဍန္ဒာစက္ကကို။ ဥပါသကေဟိ၊ ရတနာသုံး အမြတ်ဆုံးကို မှတ် သုံးမပျက် အားကိုးလျက်ရှိကြပေသော ဒါယကာ ဒါယိကာမ ကြီး-ရွယ်-ငယ်-တစုတို့သည်။ ယာစိတော၊အဉ္ဇလိစုံ တင်ချီပုံ၍ ယှက်ငုံတင်ခ ဦးတင်သညောင်း ညွတ်ပျောင်းမပျက် ရှိခိုးကာ တောင်းပန်ကြသည်ဖြစ်၍။ သီလံသမာဓိပညာယ၊ စောင့်ထိန်း မပျက် သီလ သမာဓိ ပညာတက်လမ်း လောကုတ္တရာ ထွက် ရာကျမ်းဖြင့်။ တိဖလံ၊ သုံးဖြာအကျိုး ယထာဘူတ ဟုတ်တိုင်း မှန်စွာ ဤကျမ်းစာကို။ပကာသိဿာမိ၊ ဇောအာရုံရွှင် သဒ္ဓါ စင်၍ မငြိုမငြင် မပင်မပန်း စိတ်ရွှင်လန်းလျက် ကြိုးပမ်းပြသ ပေအံ့သတည်း။

အခဏ်း ၁-ပြီးပြီ။

# အခန်း - ၂

## ဆရာကောင်းကိုရှာ ရှစ်လုံးဖွဲ့

၁။ အဘိဓမ္မာနည်း မရနဂိုရ်၊
မသင်ရလို့ အားရော့သကို၊
ဆရာမြတ်နှင့် တွေ့မှညာဏ်ပို၊
သဘာဝ ရှာကြဝိဇ္ဇာမိုရ်။

၂။ အကျိုးသတ်က အကြောင်းမသေ၊
အကြောင်းသတ်မှ အကျိုးပြတ်သေ၊
အကျိုးအကြောင်း ညာဏ်လောင်းရှာဖွေ၊
အကြောင်းသတ် မှတ်ကြနိဗ္ဗူပြေ။

၃။ ဂုဏ္ဍာစက္က ရေးသားစီရင်၊
ဘုရားဟောထား ကျမ်းများတိုက်ရင်၊
မကိုက်တာများ မေးငြားလူရှင်၊
မာန်မရှိ သိတာဖြေဘို့ပင်။

လောကုတ္တရာ တရားများကို လိုလားကြသော လူရှင်ရဟန်းတို့ သတိပြုကြစေရန် ဖေါ်ပြပါအံ့၊ အဘိဓမ္မာပညတ် ကျမ်းကြီး ကျမ်းငယ်များကို မသင်ခဲ့ဘူးသော သူတို့သည် မိမိစိတ်ကို လျှော့ချ၍ အားလျှော့ကာ တရားရှာနိုင်မည်မဟုတ်၊ မသိနိုင်ဟု အထင်မှား အမှတ်မှား၍ နေတတ်၏၊ ဤကဲ့သို့ အားလျှော့ကာ နေခြင်းသည် မှားခြင်းကြီးတခုပင် ဖြစ်၏၊

အက္ခရာပညတ် စာပေကျမ်းဂန် သင်ဘူးသည် ဖြစ်စေ၊ မသင် ဘူးသည်ဖြစ်စေ၊ဘုရားဟောကျမ်းနှင့် ကိုက်အောင် ကမ္မဋ္ဌာန်း တရား ပြနိုင်သောဆရာ၏ အသံ ဥပနိဿယကို ကြားနာမှု ဖြစ်အောင်ဘုရားဟော ဒေသနာတော်နှင့် တိုက်ပြနိုင်သော ဆရာမှန် ဆရာမြတ်ကို ရှေးဦးစွာရဘို့ ပဓာနကြီးတခု ဖြစ်သ ဖြင့် အရေးယူ၍ ဆရာရှာရမည်။

"ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော" ဟု နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟောတော်မူ၏။

အနက်ကား ယထာဘူတံ၊ လုပ်ကြံတာ ပယ်ရှား၍ ဟုတ် မှန်သည့်အတိုင်း။ ဉာဏာယ၊ ပညာအစဉ်အဆက် အလင်း ပေါက်အောင် ထွင်းဖေါက်ရှာမှီး ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ် တော်ကြီးကို တွေ့မြင်ခြင်းငှါ။ သတ္ထာ၊ ဒိဋ္ဌ သုတ ထိုနှစ်ဝ သော သပ္ပုရိသ ဆရာမြတ်ကို။ ပရိယေသိတဗ္ဗော၊ ရှေးဦး ပဌမ မရ-ရအောင် ရှာမှီးအပ်၏။

## အဓိပ္ပါယ်ကား

ဟုတ်တိုင်းမှန်စွာ သိစွမ်းနိုင်သော ဆရာကို ရှာရမည်၊ ဘုရားဟောဖေါ် ပါဠိတော်နှင့် ကိုက်၍ပြနိုင်သော ဆရာကို ရှာရမည်၊ သတ္တဝါတို့အပေါ်မှ ညစ်ညူးထွေးရှုပ် အကြောင်း အာနှင့် စင်ကြယ်ကြောင်းမဂ္ဂကို သိရှိ၍ ပြနိုင်သော ဆရာကို ရှာရမည်၊ ဝါ-အနာရောဂါကို တိတိကျကျသိ၍ ဆေးကောင်း

ခေတ်စာကို တိတိကျကျ သိ၍ ပေးစွမ်းနိုင်သော ဆရာကို ရှာရမည်၊ "အနာမသိ ဆေးမရှိ" ဟု ဆိုအပ်သော စကားကို၎င်း "အနာသိလျှင် ဆေးကိုမြင်၏" ဟု ဆိုသော စကားကို၎င်း သတိပြုပါ။

အဘယ်ကဲ့သို့ သိရှိနိုင်သနည်းဟု မေးစရာ ရှိပါသည်၊ ဧကတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း, ဧဝံဓမ္မတာနည်း, ၎င်းနည်းလေးချက် မှေ့၍တိုက်လျှင် ကိုက်သောဆရာ၊လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, ၎င်းဋ္ဌာန်လေးချက် ချေကြည့်လျှင် ကိုက်အောင်မှေ့၍ ကြည့်လျှင် ညစ်ညူးထွေးရှုပ်နေသော အဝိဇ္ဇာအစနှင့် ဝိဇ္ဇာဓမ္မကို ဟုတ်မှန်သည့်အတိုင်း သိရှိထားသော ဆရာအစဉ် ဆရာအဆက်ကို ရှာပြီး တရားတော်ကို ကြားနာရမှ တပည့်မှာ အသိမှန် အမြင်မှန်ကို ရနိုင်ပါသည်။ (သတိပြုပါ)

ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း၊ နာမ် ၃၃၊ ရုပ် ၂၈-ဟု ဘုရားရှင် ဝိဇ္ဇမာနပညာတ်ဖြင့် ဟောကြားထားသော ဒေသနာတော်နှင့် တိုက်ပြ၍ အကြောင်းအကျိုးဆက်စပ်ပုံ အကြောင်းအကျိုး မဆက်စပ်ပုံ၊ ဝါ- အကျိုးအကြောင်း ဖြစ်ပျက်ပုံကို သင်ကြား ပြသနိုင်သောဆရာ အထူးရှာ၍ တရား နာကြားရမည် တနည်းမှတ်ပါ။

ဥပပတ္တိဘဝနှင့် ကမ္မဘဝနှစ်ပါး ကွဲကွဲပြားပြား ဟောပြနိုင်သောဆရာကို၎င်း၊ ရူပက္ခန္ဓာနှင့် ရူပုပါဒါနက္ခန္ဓာနှစ်ပါး

ကွဲကွဲပြားပြား ဟောပြောပြသ သုံးမနိုင်သော ဆရာကိုရင်း၊ ကရဇနှင့် ကာယနှစ်ပါး ကွဲကွဲပြားပြား ပြနိုင်သောဆရာကို ရင်း၊ အဒ္ဓါနပစ္စုပ္ပန်နှင့် သမယပစ္စုပ္ပန်နှစ်ပါး ကွဲကွဲပြားပြား ဟောပြနိုင်သော ဆရာကို ရင်း ရှာကြ၍ တရားမှန်ဖြစ်ပါလိမ့်မည်၊ သတိပြု၍ ဆရာရှာပါ။

ကမ္ဘာအဆက်ဆက်က ညှဉ်းပန်းလျက်ရှိသော ကမ္ဘာဝ သံခါရတို့ကြောင့် ဖြစ်ပေါ်သော နာမ်ရုပ်နှစ်ပါးကို ပိုင်းပိုင်းခြားခြား ဟောပြလျက် သံသရာစက်၏ အမြစ်ဖြစ်သော တဏှာ, မာန, ဒိဋ္ဌိဟု ဆိုကြရသော အဝိဇ္ဇာခေါင်းဆောင် အများတော်ကြီးကို ယထာဘူတဉာဏ်ဖြင့် ဖောက်ထွင်း၍ ဧကန်မလွဲ သိရှိနိုင်အောင် ပြနိုင်သောဆရာကို တွေ့မှသာလျှင် အများအစကို သိနိုင်ပါမည်၊ ၎င်းအများကို ဘယ်ပုံဘယ်နည်း ဖျက်ဆီးရမည်ဟု ဘုရားဟော ဒေသနာနှင့်ကိုက်အောင် ဝိဇ္ဇာခရပညာကို တပည့်ဖြစ်သူအား အာရမ္မဏူပ ပစ္စည်းဖြစ်အောင် အသံဥပနိဿယ ပေးမှသာလျှင် ဝိဇ္ဇာနေယျဉာဏ်နှင့် ပြည့်စုံပေမည်၊ တပည့်သည် ပါရမီတရား ဒါန, သီလ, ဘာဝနာများကိုရင်း၊ ပါရမီတရား သီလ, သမာဓိ, ပညာများကိုရင်း အနန္တရူပနှင့် အာရမ္မဏူပ ပစ္စည်းနှစ်ပါး ပြိုင်စေခြင်းငှါ အသံဥပနိဿယ အမှန်ရမှသာလျှင် ပစ္စည်းနှစ်ခုနှင့် ပြည့်စုံနိုင်ပါသည်၊ထိုအခါမှသာလျှင် တဒင်္ဂ-ဝိက္ခမ္ဘန,သမုစ္ဆေဒ ပဟာန်သုံးပါးကို တက်လှမ်းနိုင်ပေမည်၊ အများနှင့် အမှန်သိအောင်

ဘုရားဟောကြား ဒေသနာတော်များနှင့် ကိုက်ပြနိုင်သော ဆရာကိုရှာရန် တစ်အချက် ဖြစ်သည်ဟု ဆိုရပေသည်။

ယခုအခါ ဖြစ်ပေါ်လာကြသည့် တရားလိုလားကြသော လူ-ရှင်-ရဟန်းများ သတိအထူးပြု၍ သိသင့်သည်မှာ သမထ ဝိပဿနာ အားထုတ်ကြတာ ဆရာက ဘာမျှ ဟောပြောမပြ ဘဲ ကွဲကွဲပြားပြား ဟောမပြဘဲ ဝင်လုပ်ကြည့် အလိုလိုသိမယ် ဆိုတာ အမှားကြီး တခုဖြစ်သည်၊ တချို့ ပဋိပတ်လုပ်ငန်း သမထ ဝိပဿနာ တရားအလုပ်ကို ပရိယတ္တိနှင့်မတူနိုင် မကိုက် နိုင် ဆိုတာများလဲ အမှားကြီးတခုပင်ဖြစ်သည်၊ စဉ်းစားကြည့် ပါ၊အမှားအမှန်ကို ချိန်ထိုးကြည့်ဘို့ ထားတော်မူခဲ့တဲ့ ပရိယတ္တိ ဒေသနာတော်မြတ်ကို ပယ်ထား၍ မှားခြင်းကြီးတခုဖြစ်သည်၊ ပဌာန်းဒေသနာတော်မှာ သတိပြုကြပါ၊ဆရာ၏ အသံဥပနိဿ ယဘုရားဟော ပကတူပနိဿယနှင့်ကိုက်မှသာလျှင်အာရမ္မဏူပ ပစ္စည်းအမှန်ဖြစ်နိုင်သည်ဟု မှတ်ကြစေလိုပါသည်၊ ထိုပစ္စည်း သုံးပါးပြိုင်မှသာလျှင် ယောနိသော မနသိကာရဖြစ်၍ ဘာဝ နာဉာဏ်ရအောင် တရားအားထုတ်နိုင်ကြောင်း အထူးသတိပြု လေ၊ သပ္ပုရိသ....ဆရာမှန်-ဆရာမြတ် ရှာကြပါဟု တိုက်တွန်း လိုက်ပါသည်။

"စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ၊ မနုဿဘူတဿ ဗဟူပကာရာ ဟောန္တိ၊ ကတမေ စတ္တာရော၊ သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မဿဝနံ၊ ယောနိသောမနသိကာရော၊ ဓမ္မာနုဓမ္မ ပဋိပတ္တိ၊ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော

ဓမ္မာ မနုဿဘူတဿ ဗဟူပကာရာ ဟောန္တိ" ဟု ဟော
ထားသော အင်္ဂါလေးပါးကြည့်ပါ။

(အင်္ဂုတ္တိုရ် ပါဠိတော်၌ရှိပါသည်)

**အနက်ကား** ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ မနုဿဘူတဿ၊ လူဖြစ်၍ဖြစ်သောသူအား။ ဗဟူပကာရာ၊ လွန်စွာ ကျေးဇူးများကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမေ စတ္တာရော၊ အဘယ်တရား လေးပါးဖြစ်သနည်း။ သပ္ပုရိသသံ-သေဝေါ၊ ခန္ဓာ နာမ် ရုပ် ဓာတ် သစ္စာတရားတို့ကို ယထာဘူတ ဉာဏ်အားနှင့် ကွဲကွဲခြားခြား ဟောပြောပြသနိုင်သော ဆရာ မြတ်နှင့် ပေါင်းဖေါ်ရခြင်းတပါး။ သဒ္ဓမ္မသဝနံ၊ ခန္ဓာ နာမ် ရုပ် အာယတန ဓာတ် သစ္စာတရားတော်ကို မပြတ်မလပ် ကြားနာ ရခြင်း တပါး။ ယောနိသောမနသိကာရော၊ ခန္ဓာ နာမ် ရုပ် ဓာတ် သစ္စာတရားများကို မိမိပေါ် ဟုတ် မဟုတ် နှလုံးသွင်း ဆင်ခြင်ခြင်းတပါး။ဓမ္မာနုဓမ္မပဋိပတ္တိ၊ခန္ဓာ နာမ် ရုပ် တရားတို့ ၏ ချုပ်ရာဖြစ်သော လောကုတ္တရာတရားကိုးပါး ပွားများအား ထုတ်ရခြင်းတပါး။ ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ ဓေါ၊ ဝင်စစ်ကေန်။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ မနုဿဘူတဿ၊လူဖြစ်၍ဖြစ်သောသူအား။ ဗဟူပကာရာ၊ လွန်စွာ ကျေးဇူး များကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## အစီပွါယ်ကား

ဤဘုရားဟောဖေါ် ပါဠိတော်မှာလဲ သဘ္ဗုရိသသံသေဝေါ ပုဒ်အရမှာ ရှေးဦးစွာပြထား၍ အမှားအမှန်ကို ရှင်းလင်းပြ သနိုင်သော ဆရာမြတ်နှင့် တွေ့ဘို့ ဦးစွာအစ အရေးကြီးလှပါ သည်၊ ထိုဆရာမြတ်နှင့် တွေ့ရှိပြီးမှ ဆရာဆုံးမသော တရား စကားကို နာကြားရခြင်း၊... နာကြားပြီးမှ ဟုတ်-မဟုတ် နှလုံး သွင်းဆင်ခြင်ရခြင်း၊ နှလုံးသွင်း ဆင်ခြင်ပြီးမှ ပွားများအား ထုတ်ရခြင်း၊ ၎င်းအင်္ဂါလေးပါးကို သတိပြုပါ၊ တရားတော်ကို မိမိအလိုလို မသိနိုင်၊ တရားတော်သည် မိမိအလိုလို မပေါ်နိုင်၊ တရားတော်သည် မိမိအလိုလို မဖေါက်ထွင်းနိုင်ပါ၊ ဘုံသုံးပါး မှာ ဘုရားရှင်မှတပါး သယမ္ဘူဘွဲ့ထူး မည်သူမျှမရနိုင်၊ သယမ္ဘူပုဒ်သည် ဆရာ၏အသံ မကူရသောပုဒ် ဖြစ်ပါသည်၊ အထူးသတိပြုကြပါ၊ ဆရာ့အသံ မှီရသည်။

ပဋိပတ္တိ ကျင့်စဉ်သည် စာသိ စာတတ်နှင့် မသိနိုင်၊ စာသိ စာတတ်သည် ဂန္ထဓူရ ဖြစ်ပါသည်၊ ဂန္ထဓူရ, ဝိပဿနာဓူရ ထိုနှစ်ပါးကို သတိရှိရမည်၊ စာသိ စာတတ်သည် ပေါဠိလ မထေရ်ကြီး အတ္တုပ္ပတ္တိကို သိသဖြင့် သတိဖြစ်စေအပ်၏၊ဘုရား ဟော ဒေသနာ စာသိ ဂန္ထဓူရနှင့် ဝိပဿနာဓူရကို ဆရာသိနှင့် ညှိ၍ ကိုက်မှသာလျှင် ဘုရားပွင့်ထွန်းမှ ထားခဲ့သော တရားမှန် ဖြစ်ပါလိမ့်မည်၊ ပဋိပတ္တိလုပ်ငန်းကို ဘုရားဟောနှင့်ကိုက် အောင် သင်ကြားပြသနိုင်သော ဆရာသည် သာသနာတည်

ထွန်းနေဆဲမှာ အရိယာ အနွယ်အဆက် မကွယ်ပျက်ဘဲ ရှိရဦးမည်ဟု ထင်သဖြင့် ဤကျမ်းရေးသော ပုဂ္ဂိုလ်ပင်လျှင် ဆရာရှာ၍ နေဆဲဖြစ်သည်၊ ကျမ်းဂန်များ၌လည်း ဈာနသုခ ပုဂ္ဂိုလ်ရှာရမည်ဟု ဆိုထားသည်ကိုလည်း သတိပြုကြပါ။ ဆရာရှိဘို့ကို သတိပေးပါသည်။

| ပါဠိ | အနက် | အဓိပ္ပါယ် | သဘော |
|---|---|---|---|
| ဓမ္မ | တရား | ကူးတာ | |
| အတ္တ | ငါ | အစွဲမှား | |
| အနတ္တ | တားတာ | မရဘူး | |

ရင်းအပေါ် ကဇယားနှင့်စဉ်းစားကြည့်ပါ။

ပါဠိ-အနက်-အဓိပ္ပါယ်ကို စာလိုရေးထားတတ်၏၊သဘောသဘာဝဓမ္မကို ကျမ်းဂန်ထဲ၌ ထည့်သွင်း၍မရေးနိုင်၊ဒါကြောင့် ဆရာရှာရမည်၊ ဆရာ့အသံ နာကြားရမည် ဆိုပါသည်၊ ဆရာထံတွင် ချဉ်းကပ်၍ သဘောနှင့်အလုပ် ဘုရားဟောနှင့်ကိုက်အောင် အသိပေါက်မှ ဆရာ့အသံမှီး၍ အလွန်ကြိုးစားပြီးကြားနာရသေးသည်၊ အသိသဘောပေါက်မှ သဘာဝဓမ္မ

ရင့်ကျက် ကြီးထွားအောင် အလုပ် လုပ်ကောင်းပါသည်၊ ဘုရားဟောကျမ်းဂန်နှင့် ကိုက်၍ အသိပေါက်အောင် ဟော ပြော ပြသမှုသည် ဆရာ၏ တာဝန်ဖြစ်၏၊ အလုပ်ပေါက်မှု အားထုတ်မှုသည် တပည့်၏ တာဝန်ဖြစ်၏၊ ထို့ကြောင့် (ရာ-ကုဋေ ရှာဖွေ ပန္နောက် တယောက်ရဲရဲ တွေ့နိုင်ခဲ ဟု) ဆိုရိုး စကား ရှိပါငြား၍ ဆရာကို ရှာကြပါ။ (အထူးသတိပြုပါ)

## စေတနာထား၍ သတိပေးပါသည်

ဘုရားဟောပါဠိတော် ကျမ်းဂန်များနှင့် လုပ်ငန်းသဘော တိုက်လျှင် ကိုက်မှသာ ဟုတ်မှန်မည်၊ ဒါကြောင့် စာပေ ကျမ်းဂန် သင်ကြားခြင်းသည် မမှားနိုင်ပေ၊ သတိပြုကြပါ၊ပရိ ယတ်သည် သာသနာတော်သုံးရပ်၏ မူလကြီးတခု ဖြစ်သည်၊ စာပေကျမ်းဂန် မသင်ဘူးသော လူ ရှင် ရဟန်းတို့သည် ဆရာ မှားနှင့်တွေ့လျှင် အမှားဖြစ်တတ်သည်၊ဆရာမှန်တွေ့က ပညာရ လိမ့်မည်၊ဆရာပေါသော ခေတ်အခါဖြစ်သည်၊စာပေကျမ်းဂန် ကြီးများ မသင်ကြားဘူးသူ ယောဂီများ အထူးသတိပြုပါ။

စာပေကျမ်းဂန်ကို လေ့လာ အားထုတ်၍ ကျမ်းကျင် တတ်မြောက်သော် စာပေသာလျှင် ပို့ချနိုင်၏၊ ဝိပဿနာရှုရေ ပညာလုပ်ငန်းကို မလေ့လာ အားမထုတ်ဘူးက မသွားနိုင် မပြနိုင်၊ ဘုရားဟောကျမ်းနှင့် ညီညွတ်စွာ ဝိပဿနာလုပ်ငန်း ရရှိထားသော ဆရာမြတ်ကိုရင်း၊ သီလ, သမာဓိ, ပညာတတ် လမ်းစဉ် ရရှိထားသော ဆရာအစဉ် တပည့်အဆက်တို့ကို

အထူးရှာရန် သင့်ကြပါသည်၊ သတိပြု၊ တချို့သောပုဂ္ဂိုလ်များသည် စာပေကျမ်းဂန် တတ်သဖြင့် အက္ခရာပညာ မဲ့မာန စွန်းငြိ၍ စာတတ်ရုံနှင့် မာနဝင်ပြီး ပညာရှင်နှင့် တွေ့ပါသော်လည်း ပညာရှင်ကို မမြင်တတ်ပါ၊ စာပေမာနကို နှိမ့်ချ၍ ဆရာရှာရပါသည်၊ ဤကျမ်းရေးသော ပုဂ္ဂိုလ်ပင်လျှင် မာန ချ၍ ဆရာရှာရပါသည်။

## ဝိစိကိစ္ဆာ-ယုံမှားခြင်း

"ဗုဒ္ဓေ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊ သိက္ခာယ ကင်္ခတိ၊ ပုဗ္ဗန္တေ ကင်္ခတိ၊ အပရန္တေ ကင်္ခတိ၊ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ၊ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ကင်္ခတိ" ဟူ၍အဘိဓမ္မာ ဝိဘင်းပါဠိတော်၌ ယုံမှား သံသယ ကင်းစေခြင်းငှါ မြတ်စွာဘုရား ဟောတော်မူပါသည်၊ သင်္ဂါယနာတင် ပါဠိတော် အတိုင်း မြန်မာဘာသာ အဓိပ္ပါယ် ပြောပြပါမည်၊ ဘုရား၌ ယုံမှားခြင်း၊ တရားစစ် တရားမှန်၌ ယုံမှားခြင်း၊ သံဃာစစ် သံဃာမှန်၌ ယုံမှားခြင်း၊ အကျင့်သိက္ခာ လမ်းမှန်၌ ယုံမှား ခြင်း၊ ရှေးအတိတ်ဘဝ လွန်သမျှကို တွေးတော ယုံမှားခြင်း၊ နောင် အနာဂတ်ဘဝကို မြော်မှန်း ယုံမှားခြင်း၊ ဖြစ်ပေါ် ကာလ မသိကြ၍ ရှေး နောက်နှစ်ရပ်ကို ယုံမှားခြင်း၊ ဤ ပစ္စုပ္ပန် အကျိုးကိုစွဲ၍ အကြောင်း ဖြစ်ပေါ်လာသည်၊ ထို အကြောင်းတရားကြောင့် အကျိုးတရား တွေ့ရသည်ဟု ဟော ပြထားသော ပဋိစ္စသမုပ္ပါဒ် တရားတော်၌ ယုံမှားခြင်း၊

ဤယုံမှားခြင်း ရှစ်ပါးမှ ကင်းလွတ်အောင် သတိရှိစေရမည်။ (အထူးသတိပြုပါ)

အချို့သော ပုဂ္ဂိုလ်တို့သည် အတိတ်ကာလကို ပါရမီ နုသည် ရင့်သည် မိမိကိုယ်ကို ဒွိဟိတ် တိဟိတ်လောဟု တွေးတော ယုံမှား၍ မဂ်ဖိုလ်အခြေဆိုက် တရားတော်မြတ်ကို မရခြင်းတပါး၊ ဆရာ့အသံ ဥပနိဿယ မဖြောင့်မမှန်၍ အကျိုးအကြောင်း ကွဲကွဲပြားပြား ထင်ရှားစွာ မသိမမြင်၍ အတိတ်ဘဝကို ယုံမှားခြင်းလည်းတပါး၊ဆရာ့အသံဥပနိဿယ ဖြောင့်မှန်သော်လည်း မိမိက လုံ့လ ဥဿာဟနည်းပါး၍ အကျင့်သိက္ခာမမှန်ဟု ယုံမှားခြင်းတပါး၊ မိမိ၌ မြတ်စွာဘုရား ဟောကြားတော်မူသော သင်္ဂါယနာတင်ထားသော ကျမ်းဂန်တို့ကို အသင်အကြား နည်းပါး၍ တပါးသော ပုဂ္ဂိုလ်ထံတွင် မေးမြန်းစုံစမ်း၍ တဦးနှင့်တဦး ဝါဒချင်း မတူကြသဖြင့် ယုံမှားခြင်းတပါး၊ အသင်အကြား များပြားပြီး သုတမယဉာဏ်အားနှင့် ဒေသနာနည်းကို မညှိနိုင်ဘဲ အက္ခရာပညတ် မ္မောန တက်ကြွ၍ ယုံမှားခြင်းတပါး၊ ဤကဲ့သို့သော ယုံမှားခြင်း သံသယမှ ကင်းလွတ်စေခြင်းငှါ မိမိကိုယ်ကို သတိပြု၍ တရားများရှာပါ။

ပဋိရူပဒေသဝါသ- သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်းလည်းတပါး၊ သဒ္ဓမ္မသဝန- တရားစစ် တရားမှန်ကို ကြားနာရခြင်းလည်း တပါး၊ သဒ္ဓါသမ္ပတ္တိဘာဝ- ယုံကြည်လေးစား တက်ကြွသော စိတ်ရှိခြင်းလည်း တပါး၊ မနုဿတ္တ

ဘာဝ- လူဖြစ်ရခြင်းလည်းတပါး၊ ဗုဒ္ဓုပ္ပါဒကာလ- ဘုရားပွင့်ထွန်းကားသော ကာလနှင့် ကြုံတွေ့ရခြင်းလည်း တပါး၊ အာရောဂျဘာဝ- အနာကင်းခြင်းလည်းတပါး၊ နိဒုက္ခ-ဆင်းရဲကင်းခြင်းလည်းတပါး၊အဂရုက-မာတုဃာတကစသော ဂရုကံ၏ မရှိခြင်းတပါး၊ ၎င်းအင်္ဂါများနှင့်ပြည့်စုံလျှင် ယခုဘဝ၌ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပေသည်။

ယခုအခါ တရားရှာ တရားအားထုတ်သော လူ ရှင်ရဟန်း ယောဂီပုဂ္ဂိုလ်တို့သည် တရားတော့ ရှာကြပါ၏၊ တရားသိဘို့ အသိမရှိလျှင် ရောင်ရမ်းမှုဖြစ်တတ်သည်၊ ဆရာထံတွင် ချဉ်းကပ်၍ အသိတခု ယထာဘူတဉာဏ် ရှေးဦးစွာ ရဘို့ အရေးကြီးပါသည်၊ သတိပြု၊ ၁-ဟုတ်၏မမှန်၊ ၂-မှန်၏မဟုတ်၊ ၃-မဟုတ် မမှန်၊ ၄-အဟုတ် အမှန်၊ ထိုလေးတန်သော စကားတို့တွင် အဟုတ် အမှန် စတုတ္ထ စကားကိုသာလျှင် ယထာဘူတဉာဏ် ခေါ်ပါသည်၊ အတိုချုပ်စကားကား သုံးလောကတလွှားကျင်လည် ကျက်စားစေတတ်သော ဒါန သီလ ဘာဝနာ (အဝိဇ္ဇာ အားပေးသော တရားကတမျိုး) သုံးလောကတခွင် အားထားရာမမြင် ဝိဇ္ဇာဉာဏ်ယှဉ်၍ သမ္ပဇညနှင့် ပြုလုပ်သော ဒါန သီလ သမာဓိ ပညာ ဆရာမှန် ရှာကြံဘို့အရေး (တွေး) မကုတ်တတ်လျှင် ကီမယ်၊ အကီရပ်လျှင် ကုတ်ရောမှတ်ပါ။ (သတိ)

အခန်း ၂-ပြီးပြီ။

# အခန်း - ၃

## ခန္ဓာနှင့် ဝိပဿနာ

### ခန္ဓာနှစ်ခု ခွဲဝေပြခြင်း

| | |
|---|---|
| ၁။ ခန္ဓာအစု | နှစ်ခုကိုသာ၊ |
| သိကောင်းဘို့လဲ | မလွဲစေရာ၊ |
| အကြောင်းပြုလို့ | ရမှုကိုသာ၊ |
| ကျိုးတရား | ရငြားဝိပါက်ပါ။ |
| ၂။ ကျိုးတရားများ | ဖြစ်ငြားပေါ်လာ၊ |
| ငါးတန်ဖြစ်ရ | မှတ်ပသေချာ၊ |
| ဖြစ်ပေါ်လာရ | ဒုက္ခကြုံလာ၊ |
| ခန္ဓာကွဲ | သေမြဲ (သမ္မုတိ) ပါ။ |
| ၃။ ခန္ဓာနှစ်ခု | ဟောပြခြင်းဟာ၊ |
| (သမ္မုတိ) နဲ့ | (ခဏိက) သာ၊ |
| သေခြင်းနှစ်ပါး | သိငြားစေရာ၊ |
| မြတ်ဘုရား | ဟောထား ကရုဏာ။ |

### ဆောင်ပုဒ်လင်္ကာ

မေး ခန္ဓာနှစ်ပါး - ဟောပြခြင်း တပါး ဘယ်ကြောင့် ဟောသနည်း၊

ဖြေ ခန္ဓာနှစ်ခု - ဟောကာပြ ကမ္မဘဝကြောင့် ဟောပါသည်၊

ဖြေ ခန္ဓာနှစ်ခု - ဟောပြပုံ ကျိုး, ကြောင်း ဆက်စပ်ဟောပါသည်၊

ဖြေ ခန္ဓာတပါး - သိရှိငြား ဉာဏ်အား သမ္ဘာန်ကြောင့် ဟောပါသည်။

ထို့ကြောင့် ခန္ဓာနှစ်ပါးကို ခွဲဝေ၍ ပြဦးအံ့- ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ၎င်းခန္ဓငါးပါးကို ဥပါဒါနက္ခန္ဓာလည်း ခေါ်ပါသည်၊ ဥပပတ္တိဘဝလည်း ခေါ်ပါသည်၊ သတ္တာဝါသ ဘုံကိုးဝလည်း ခေါ်ပါသည်၊ ကာမဘဝ - လူ့ခန္ဓာလည်း ခေါ်ပါသည်၊ ဒုက္ခခန္ဓာ ငါးပါးသာ မှန်ပါသည်၊ ၎င်းခန္ဓာ ငါးပါးထဲတွင် နိဗ္ဗာန်တရား မဖြစ်နိုင်၊ နိဗ္ဗာန်တရား ခွါ၍မရ သမထဝိပဿနာလုပ်ငန်း မဟုတ်ပါ။ ဒုက္ခကို(သိ)ရမည့် တရားသာလျှင် မှန်ပါသည်။

ထို့ကြောင့် နိဗ္ဗာန်ဖြစ်လျက် ပြေးလွှားနေသော ခန္ဓာငါးပါးကို ပြဆိုအံ့၊ ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ ၎င်းခန္ဓာငါးပါးကို အကြောင်း ဥပါဒါန်နှင့်တကွဖြစ်သော ခန္ဓာကို ကမ္မဘဝလည်း ခေါ်ပါသည် ဥပါဒါ

နက္ခန္ဓာလည်း ခေါ်ပါသည်၊ မြင်မှု, ကြားမှု,နံမှု, လျက်မှု,ထိမှု အပေါ်၌ကပ်ငြိ၍ ကာလသုံးပါး တဆယ့်တစ်ဌာန ပြေးလွှားသော ခန္ဓာခေါ်ပါသည်၊ သမုဒယနှင့်တွဲလျက် ဖြစ်တုံပျက်တုံ နာမ်ရုပ်စု ခန္ဓာငါးပါး ဖြစ်ခဏ, ပျက်ခဏ, မြင်စွမ်းနိုင်ခြင်း ဝိပဿနာ ခေါ်ပါသည်၊ တရားရှာသော ပုဂ္ဂိုလ်များသည် အာယတန, ဓာတ်, သစ္စာ ရှေးဦးစွာ ကွဲကွဲပြားပြား ရှိအောင် သတိပြုပါ။

ဤပြဆိုခဲ့သော ခန္ဓာနှစ်စုကို မိမိအပေါ် ရှင်းလင်းအောင် ဌာနာဌာန ကောသလ္လဉာဏ် ဖြစ်အောင် ကာရဇနှင့် ကာယ နှစ်ခု ကွဲပြားအောင် ပဉ္စက္ခန္ဓာ ငါးပါးနှင့် ပဉ္စုပါဒါနက္ခန္ဓာ ငါးပါး ကွဲကွဲပြားပြား သိအောင် သမုဒယနှင့် ဒုက္ခ တခု တခြားစီ ကွဲပြားအောင် ရှေးဦးစွာ သိဘို့လိုပါသည်၊ ထိုကဲ့သို့ သိမှသာလျှင် ဒုက္ခကို ပိုင်းခြားပြီး သမုဒယကို ပယ်ရှားသွားနိုင်ပါမည်၊ သမထ ဝိပဿနာ တရားများကို စဉ်းစားကြပါ၊ သမထဆိုတာ ဥပါဒါန် ပြေးလွှားခြင်းမှ နိဝရဏတရား ပယ်ဖျက်ရခြင်း, ဝိပဿနာဆိုတာ ခန္ဓာငါးပါး သမယပစ္စုပ္ပန်မှ ဖြစ်တုံ, ပျက်တုံ လက္ခဏာ သဘာဝ မြင်စွမ်းနိုင်တာလို့ အကြမ်းစား မှတ်သားထားပါ၊ ဝိပဿနာရှု၍ ငါးပါး အသိခက်၏။

အကျိုး ခန္ဓာငါးပါး ရုပ်နာမ်တရား အပေါ်မှာ အစိတ်စိတ် ခွဲခြားဆိုအံ့၊ ၎င်းအကျိုးခန္ဓာ ငါးပါးထဲ၌ ပထဝီဓာတ်

အာပေါခတ်၊ တေဇောခတ်၊ ဝါယောခတ်တို့ကို မဟာဘုတ်လေးပါးဟု ခေါ်ဆိုရ၏၊ ၎င်းမဟာဘုတ် လေးပါးနှင့် တပေါင်းတစည်းထဲ ဝဏ္ဏခတ်၊ ဂန္ဓခတ်၊ ရသခတ်၊ ဩဇာခတ် ရုပ်ငယ် လေးပါးကိုလည်း ရအပ်၏၊ မဟာဘုတ်ခတ်ကြီးလေးပါးနှင့် ဥပါဒါရုပ်ငယ် လေးပါး ပေါင်းသော် အဋ္ဌကလာပ်ရုပ် ရှစ်ပါးဟုလည်း ခေါ်၏၊ ၎င်းရုပ်ရှစ်ပါးသည် မိမိသဘော မိမိဆောင်ခြင်းကြောင့် ခတ်ဟုခေါ်၏၊ ထိုခတ်တို့၏ ဆောင်ခြင်းကို ပြဆိုအံ့၊ ပထဝီခတ်က ဩဇာခတ်ကို ဆောင်၏၊အာပေါခတ်က ရသခတ်ကို ဆောင်၏၊ တေဇောခတ်က ဝဏ္ဏခတ်ကို ဆောင်၏၊ ဝါယောခတ်က ဂန္ဓခတ်ကို ဆောင်၏၊ ဤမဟာဘုတ် ခတ်ကြီးလေးပါး ဆောင်၍သာလျှင် ဖြစ်နိုင်ပါသည်ဟု မှတ်ပါ၊ အကျိုးခန္ဓာငါးပါးထဲ၌ ရှိပါ၏။

ထိုအကျိုး ခန္ဓာငါးပါးမှာ ကေသာအစ သုံးဆယ့် နှစ်ပါးသော ကောဋ္ဌာသအစု အပေါင်းလည်း ရှိပါ၏၊ ပထဝီခတ် နှစ်ဆယ်၊ အာပေါခတ် တဆယ့်နှစ်ပါး၊ တေဇောခတ် လေးပါး၊ ဝါယောခတ် ခြောက်ပါးရှိ၍ ၎င်းလေးဦး ပေါင်းလိုက်လျှင် ခတ်(၄၂) လေးဆယ့်နှစ်ပါး ရှိပါ၏၊ ၎င်းခန္ဓာကိုယ်ကိုကာရဇဟု ခေါ်ပါသည်၊ ၎င်းခန္ဓာ ငါးပါးထဲ၌ မိန်းမ, ယောကျ်ားဘာဝ ထင်ရှားခြင်းကြောင့် ဣတ္ထိလိင်, ပုရိသလိင်လို့ ခေါ်ဆိုရပါသည်၊ အမူ, အသွင် ပဋိသန္ဓေ ဆောင်ရခြင်းမှ

ကွာခြားခြင်းကြောင့် ဣတ္ထိဘာဝ, ပုမ္ဘာဝ ခေါ်ကြပါသည်၊ ရရှိပြီးသော ခန္ဓာငါးပါး လူယောကျ်ား, လူမိန်းမတို့သည် ကံ, စိတ်, ဥတု, အာဟာရ သမုဋ္ဌာန်လေးပါး အကြောင်းတရား ထောက်ပံ့လျက်သာ ရှိပါ၏၊ ဝိပါက်ခန္ဓာ ခေါ်သည်။

ထိုဝိပါက်ခန္ဓာ ငါးပါး ရုပ်နာမ် နှစ်ပါး ကွဲခြားအောင် ပြဆိုအံ့၊ ဝိပါက်ရုပ်, ဝိပါက်စိတ်, ဝိပါက်စေတသိက်ဖြစ်ပါသည်၊ ၎င်းဝိပါက်ခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါးသည် သက်ရှိ သဝိညာဏကခေါ် လူ့ခန္ဓာတို့သည် ဥတုနိယာမ, ဗီဇနိယာမ, ကမ္မနိယာမ, စိတ္တနိယာမ, ဓမ္မနိယာမ ဟူ၍ နိယာမငါးပါး တွဲဆိုလျက် ဖြစ်ပေါ်လာပါသည်၊ (သာမန်သိ) ၎င်းသဝိညာဏကခေါ် လူမိန်းမ လူယောကျ်ားတို့၌ သေခြင်းလေးပါး ရှိပါသည်၊အသက်ကုန်၍သေခြင်း၊ ကံကုန်၍သေခြင်း၊အသက် ကံနှစ်ပါးကုန်၍ သေခြင်း၊ ကပ်၍ဖြတ်တတ်သောကံကြောင့် သေခြင်း ဤသေခြင်းတို့ကို သမ္မုတိမရဏဟု ခေါ်ကြပါသည်။

ထိုသမ္မုတိမရဏနှင့် ၎င်းဆိုင်တိုးရမည့် လူမိန်းမ လူယောကျ်ား ရုပ်နာမ်နှစ်ပါးတို့သည် ဇာတိ- ပဋိသန္ဓေနေခဲ့ရသော ဆင်းရဲဒုက္ခ၊ ဇရာ-အိုရ၍ ဆင်းရဲခြင်းဒုက္ခ၊ ဗျာဓိ- ဆံဖြူသွားကျိုး နာရခြင်းဒုက္ခ ဟု ဟောထားပါသည်၊ (ထင်ရှားလှပါ၏) ၎င်းခန္ဓာငါးပါး ရုပ်နာမ်တရားနှစ်ပါး အပေါ်၌ ကြုံတွေ့ရသည့် ဒုက္ခ ဆင်းရဲမှုတို့သည် [illegible] လွန်ဆန်နိုင်ကြပါ၊ အဘယ်ကြောင့်ဆိုသော် [illegible] ဟု ပါဠိ

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်
၁၀၄၈၀

ဟော်၍ ဟောထားပါသည်၊ ထိုဒုက္ခတရားကို သိရမည့်တရား သာ မှန်၏၊ပယ်ရမည့်တရား ပွားများရမည့်တရား မျက်မှောက် ပြုရမည့်တရား မဟုတ်ပါ၊ သတိပြု၊ ပိုင်းခြား၍ သိရမည့်တရား သာလျှင် ဖြစ်ပါသည်။

ထိုဒုက္ခတရားနှင့် ရင်ဆိုင်တိုးနေရသော ခန္ဓာငါးပါးသည် ဥပပတ္တိဘဝ ဘုံကိုးပါးထဲ၌ အပါအဝင်ဖြစ်သော ကာမဘုံ၌ ရရှိနေသော လူယောကျ်ား လူမိန်းမလည်း သမ္မုတိနယ်မှာ အမှန်ရှိ အဟုတ်ရှိ မှန်ပါ၏၊ အသက်ဇီဝလည်း ရှိကြပါ၏၊ ၎င်းလူသတ္တဝါ ခန္ဓာငါးပါးသည် ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါး ပြုပြင်လျက် နေပါသည်၊သမုဋ္ဌာန် ခေါ် အကြောင်းတရား လေးပါး မညီညွတ်လျှင် သေရခြင်း နှင့် တွေ့ကြုံ၍ သူ့သဘာဝအတိုင်း ခန္ဓာငါးပါး အပေါင်း ကွဲ၍ ချုပ် ကုန် ပျက်စီးရခြင်းကို သမ္မုတိမရဏ ခေါ်ဆိုရ၏၊ ၎င်းတရားသည် ဘုံအားဖြင့် ဒုက္ခသစ္စာ ကေန် မှန်ပါ၏။ (သိ)

လောကုတ္တရာတရား လိုလားကြသော လူ ရှင် ရဟန်းတို့ သည် ထိုခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး မိမိရရှိထားသော ကိုယ် ကရဇကြီးကို ပယ်ရမည့်တရားလည်း မဟုတ်၊ မျက်မှောက် ပြုရမည့်တရားလည်း မဟုတ်၊ ပွားများရမည့် တရားလည်း မဟုတ် ဟူ၍ မှတ်ပါ၊ဘုံဘဝအားဖြင့် သိရမည့်တရား သိထိုက် သည့်တရား သိနိုင်သည့် ဒုက္ခသစ္စာတရား မှန်ပါ၏၊ ဘုရား ဟောတော်မူသော ဓမ္မပဒပါဠိတော်၌ ပါဒကတရား အပါ

ဒကတရား နှစ်ပါး ခွဲခြား၍ ဟောတော်မူခြင်းကြောင့် ၎င်း ခန္ဓာကိုယ် ကရဇကြီးကို ဝိပဿနာ ဘာဝနာပြုလုပ်ရန် အခြေမဟုတ်ဟု သန္နိဋ္ဌာန်ကျ မှတ်ပါ၊ ဝိပဿနာ ဘာဝနာ ဟူ၍ ပွားများလျှင် အပါဒကတရားသာဖြစ်၍ မိရှုပံ,မိရှုပံ ကို သတိပြုပါ။

ထိုပိုင်းခြားရမဲ့ တရားများကို ပွားများ ပြုလုပ်ကြလျှင် လောကုတ္တရာ မဂ်ကုသိုလ် ဖိုလ်တရားမှ ယုတ်လျော့၍ လောကီ ကျိုးသာ ရနိုင်၏၊ ဥပါဒါန် မပြုတ်သည့်အပြင် အစွဲကြီး၍ အဝိဇ္ဇာဖိစီး ခံရတတ်သည်ဟု ပဋ္ဌာန်း ပဥ္စာဝါရ ပါဠိတော်မှာ ကြည့်ပါ၊ စာရွက်နံပါတ် (၂၅၉)

## အာရမ္မဏပိုင်းမှာ

"ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ အဿာဒေန္တိ အဘိနန္ဒန္တိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ(ပ) ဝိစိကိစ္ဆာ(ပ) ဥဒ္ဓစ္စံ(ပ) ဒေါမနဿံ ဥပ္ပဇ္ဇတိ" ဟူ၍ ဟောတော်မူသည်။ (အနက်သိလွယ်ပြီ)

## အဓိပ္ပါယ်ကား

ခန္ဓာငါးပါး ရုပ်နာမ်တရားနှစ်ပါးဟု သမုတ်ခံရသော ယောကျ်ား မိန်းမ, သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစု အဝေး ကိုယ်ကရဇကြီး အပေါ်မှာ အနိစ္စဘဲ ဒုက္ခဘဲ အနတ္တဘဲ ဟု ပွားများခြင်း ထင်မြင်ခြင်း ရှုမြင်ခြင်း ထိုကဲ့သို့ သုံးသပ်

အစွဲပြု၍ ပွားများအားထုတ်ခြင်းသည် ရာဂဖြစ်၏၊ ဒိဋ္ဌိ-အများ ဖြစ်၏၊ ဝိစိကိစ္ဆာဖြစ်၏ ဥဒ္ဓစ္စဖြစ်၏၊ မနှစ်သက်သော ဒေါမနဿ ဖြစ်၏ဟု ဘုရားရှင် ဟောတော်မူပါသည်၊ ထို့ကြောင့် အတ္တသညာလည်းမကွာ နိဗ္ဗာနတရားလည်း မရပ်၊သတိပြုကြပါ၊ ဒီတရားတော်လည်း သတိပြု။

ယခုအခါ ဟောပြော၍ လူ ရှင် ရဟန်းများသည် ရှုဆင်ခြင်သော တရားများမှာ လူ့ ခန္ဓာငါးပါး ပေါ်သော ကာရဇ ကိုယ်အပေါ်မှာ အမြဲမရှိခြင်းကြောင့် အနိစ္စ, ဆင်းရဲခြင်းကြောင့် ဒုက္ခ,မမြဲခြင်း ဆင်းရဲခြင်းကို တားဆီးကန့်ကွက်၍ မရခြင်းကြောင့် အနတ္တဟု ပွားများ အားထုတ် ခြင်းသည် (စဉ်းစားကြည့်ပါ) အမြဲမရှိခြင်း ဆင်းရဲခြင်း တားမရခြင်းကို သိသဖြင့် ယခု ရရှိထားသော ကိုယ်ခန္ဓာအပေါ်မှာ ယခုလည်း မနှစ်သက် နောက်လည်း အလိုမရှိ၊ မနှစ်သက်သော စိတ် ဖြစ်ခြင်းသည် ဒေါမနဿစိတ် ခေါ်ပါသည်၊ သုံးဆယ့်တဘုံက လွတ်လိုက်တာ သဿတဒိဋ္ဌိ သုံးဆယ့်တဘုံက မလွတ်လိုက်တာ ဥစ္ဆေဒဒိဋ္ဌိ နိဗ္ဗာန်လိုချင်သောစိတ် လောဘ နိဗ္ဗာန်မလိုချင်သောစိတ် ဒေါသ။ (အထူးသတိ အများကြီးပြု)

## ဆောင်ပုဒ်

လောဘနှင့်ဒေါသ၊ အာရုံပေါ်ခုံဆွ၍၊ ကြောင်းကျိုးစုံ ယုံကြတော့၊ စက်ရဟတ် ပတ်ပတ်လည်လည်၊

ဉာဏ် ဂမ္ဘီစဉ်းစား။ လှည့်ဖြားတဲ့ အဝိဇ္ဇာ၊ စိတ်မသာ
ဖြစ်ပေါ့အမှား။

ဂဲ....ဘုရားဟောတော်မူသော ပါဠိတော်နှင့်သာ တိုက်ကြည့်ကြပါ၊ မဟုတ်မှန်တာ သိရှိပါလိမ့်မည်၊ မမှန်တာသိလျှင် မိမိတို့အယူဝါဒကို ပြင်မှသာလျှင် ဘုရားစကားတော်နားထောင်ရာကျမည်၊ စင်စစ်မှာကား ပယ်မှု-ပိုင်းခြားမှုတရားတော်ကို မသိလျှင်၊ ဝါ-ဌာနာဌာနကောသလ္လ ဉာဏ်မရ မမြင်လျှင် ပွားများမှုတရားနှင့် မျက်မှောက်ပြုအပ်သော တရားတော်မြတ်ကို မတွေ့နိုင်ပါ၊ မမြင်နိုင်ပါ၊ လောကီသစ္စာ လောကုတ္တရာသစ္စာ ဤလေးဖြာကို ကွဲခြားပါစေ ဉာဏ်ကဝေတို့ မှန်လေသဘော ဘုရားဟောသည် သစ္စာလေးပါး။ (သတိပြုပါ)

## ဆောင်ပုဒ်

စကြာ အမှုဖြတ် သူက၊ သဒ္ဒါကို အခြေပြုပါလို့၊
ဝိသမလောဘ, သမလောဘနှင့် ဟောကြသည်
တညံညံ၊ ဓမ္မခန်မြင်အောင်ပ - မလုပ်သေး၊ ရှုပ်ထွေး
ကာ တရားခံ မသိတယ်၊ ဟောဘိကဝိလေး.... (ကဝိ
မောင်တို့ သတိဆောင်ဘို့)

ထို့ကြောင့် စာဗူးတောင်း အသိုက်ကဲ့သို့ ရှုပ်ထွေးမွေးယှက်လျက် နေသော အဝိဇ္ဇာ အတ္တာ-မှိုခိုရာဌာန၊ နာမ်မမ္မ, ရုပ်မမ္မ နှစ်ပါး ကြောင်းနှင့်ကျိုးမျှ မမြင်ကြလျှင် သခ်ါရစက်

မလွတ်ဘဲ ဖြစ်-ပျက်အစဉ်ကို ပညာထင်၍ ဝိဇ္ဇာနေယျဉာဏ် မရကြ၊ ယထာဘူတဉာဏ် မရသေးသဖြင့် ဌာနာ ဌာနကော သလ္လဉာဏ် မရကြလျှင် ရှုပ်ထွေး မှေးယှက်နေသော စာဖူး တောင်းအသိုက်ကဲ့သို့ နေသော အဝိဇ္ဇာကို မမိ၊ အတ္တကို မသိ၊ အနတ္တဒေသနာကို ဘယ်တင်းနှင့် ညှိကြမလဲ၊ ဆရာကို ရှာမြဲ၊ ကျမ်းဂန်မှာမလဲ့ဘူး၊ သတိသာ မြဲကြပါတော့၊ အရိယာဒီပဲ့ လဲ့မှာစိုးလို့ မှာလိုက်သည်။ (အထူး)

## ဆောင်ပုဒ်

ဥပမာပြ၊ သဘာဝသိကြစေဘို့၊ နှမ်းတလုံး ဆီ
မဖြစ်၊ စကားကုန် မဟာစ်ဟနှင့်၊ ဆီ၏မှီရာ ဌာနက၊
နှမ်းတလုံး၊ သဘာဝမြင်အောင်ပ အစဉ်သုံး၊ ကဲ-မယုံ
လျှင်၊ ယခု အမာခံ တင်ကာ ကျိတ်ကြည့်ပါဦး။

အဘိုချုပ် စကားကား နှမ်းတလုံးကို လက်သည်းနှင့် အမာခံခေါ် ဝတ္ထုတခုအပေါ်မှာ တင်ကျိတ်တော့ ဆီထွက် လာပါသည်၊ ၎င်းဆီဟာ နှမ်းတလုံး၏ ဆီသဘာဝသာလျှင် ဖြစ်ပါသည်၊ နှမ်းတလုံးက ပေါက်ပွား၍ အမြောက်အမြား ကျိတ်တော့ ဆီသဘာဝကို များစွာပင် ရလေ၏၊ နှမ်းတလုံး ဆီမဖြစ်ဟူသော စကားသည် လောကသဘာဝ ယုတ္တိမရှိ၊ လောကယုတ္တိ မရှိတာထက် သံသရာလယ်လမ်း ထွက်လမ်းက သာလွန်၍ အရေးကြီးသည်။

သံသရာလယ်လမ်းနှင့် သံသရာထွက်လမ်းသည် အဘယ်ကဲ့သို့ သာလွန်၍ အရေးကြီးကြပါသနည်း၊ သဘာဝယုတ္တိယုတ္တာနှင့်တကွ အဝိဇ္ဇာအတ္တမှီရာ ဌာနကို ဘုရားစကားတော်အရ မမြင်ကြလျှင် သင်္ခါရအမှုနှင့် ဒါန, သီလ, ဘာဝနာ ဉာဏ်ပြုလုပ်ပါက များစွာသောဒုက္ခ အကျိုးရကြသဖြင့် အဝိဇ္ဇာအားကောင်း၍ သံသရာထွက်လမ်းမမြင်၊ အရိယသစ္စာလေးပါး မြတ်တရားကိုလည်း မဆိုက်၊ အရိယ သစ္စာလေးပါး မဆိုက် မမြင်လျှင် နိဗ္ဗာန် မျက်မှောက်မပြုနိုင်ဟု အဘိဓမ္မာ ဝိဘင်းမှာ ကြည့်ပါ။

ထိုဒါနမှု, သီလမှု, သမထဘာဝနာ မပြုလုပ်ငြားလည်း ပုညာကိရိယာဆယ်ပါး လွှဲသွားသဖြင့် အပါယ်လေးပါး လားရမည့်တရားဟု ဟောထားသဖြင့် သတိပြုရန် လိုအပ်ပေသည်၊ သာသနာတော်နှင့် ကြုံကြိုက်တဲ့ အချိန် အခိုက်မှာ အဝိဇ္ဇာ, အတ္တ, သဘာဝကို ဌာနဉာဏ်နှင့် တိကျစွာသိမှ ဝိဇ္ဇာဉာဏ် အလင်းနှင့် အတ္တသဘာဝကို ပြာကျအောင် ရှင်းနိုင်၏၊ ၎င်းဝိဇ္ဇာဉာဏ်အလင်းနှင့် ပါရမီရင့်သန်အောင် ပြုလုပ်ရမည့် ဒါန, သီလ, ဘာဝနာ, သာသနာတော်သည်ပွဲ လောကုတ္တရာ ထွက်လမ်း တက်လှမ်းဘို့ သတိပြုကြပါ။

ဝိဇ္ဇာဉာဏ်ရလျှင် အဘယ်ကဲ့သို့ ပြုလုပ်ရမည်နည်း၊စွမ်းနိုင် သရွေ့ ပြုလုပ်ခြင်းကို တဒင်္ဂခေါ်၏၊ စွမ်းနိုင်သည်ထက် ပိုလာအောင်ပြုလုပ်ခြင်းကို ဝိက္ခမ္ဘနခေါ်၏၊ပိုမိုတိုးချဲ့၍မပျက်မကွက်

ပြုလုပ်နိုင်ခြင်းကို သမုဒ္ဓေဒေါ်၏၊ ၎င်းကဲ့သို့ သာသနာ အရောင်မှာ ဝိဇ္ဇာဉာဏ်ကပ်၍ ပါရမီ ဒါန သီလ ဘာဝနာ တရားများကတော့ လူတို့၏အတို့များ ဖြစ်ပါသည်၊ သာမဏေ ရဟန်းတော်များ အတို့ကတော့ ပါရမီ သီလ သမာဓိ ပညာ တရားများ လုပ်မှသာလျှင် သံသရာစက်ရဟတ် တဘာဝထက် တဘာ ပြတ်သည်ထက်ပြတ် အဆုံးစွန် ပြတ်နိုင်သည်ဟု သတိ ပြုပါလေ။

ထို့ကြောင့် ရှေးဦးစွာ အဝိဇ္ဇာ တဏှာ သမုဒယဖြစ်သော အကြောင်းတရားကိုရင်း၊ ထိုအကြောင်းတရားကြောင့် နာမ် ငါးဆယ့်သုံးပါး ရုပ်နှစ်ဆယ့်ရှစ်ပါးကို ဝိဇ္ဇမာနပညတ်သမုတ်၍ ဘုရားရှင် ဟောထားသော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး တို့ကို သိဘို့ရင်း၊ အမှန်ပိတ်ဖုံး အစွဲလုံးကိုရင်း၊ သညာသိမ် ရှုပ်ခြင်းကိုရင်း၊ ဝေကန်သိဘို့ရင်း အရေးကြီးသော ကိစ္စဖြစ် သဖြင့် အလုပ်သိနှင့် ပြုနိုင်သော ဆရာမြတ် ဆရာမှန် သိုပါ သည်၊စာသိနှင့် သိလျှင် စာသိဖြစ်၏၊အလုပ်သိနှင့်သိမှဉာဏ်သိ ခေါ်၏။ (သတိ)

သင်္ဂြိုဟ်ကျမ်းက ဆိုထားတာကိုလည်း သတိဖြစ်စေရမည်၊ “အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ” ဟု ဟောထားပါသည်၊ ဟောထားခြင်းကြောင့် (အမှန်ပိတ်ဖုံး အစွဲလုံး ကို) ဝေဒိတဗ္ဗာနိ-ပုဒ်အရ သိရမည်ဟု ဟောထားပါလျက် နှင့် အဝိဇ္ဇာ တည်ရာဌာနကိုရင်း၊ သက္ကာယဒိဋ္ဌိ အစဖြစ်ရာဌာန

ကိုရင်း တိတိကျကျ မသိကြလျှင် ဝေဒိတဗ္ဗာနိ စကားတော်နှင့်လည်း မကိုက်၊ လောကုတ္တရာ ကုသိုလ်လည်း ဆိုက်အောင် မသွားနိုင်၊ စာကြည့်သူတို့ ဆရာကောင်းလိုသည်။

တနည်းကားသတိပြု ဥပါဒါနက္ခန္ဓာကိုရင်း၊ ကာယခေါ်သည်ကိုရင်း၊ လူယောကျ်ား လူမိန်းမ မဟုတ် နာမ်နှင့်ရုပ်ကိုရင်း မိမိအပေါ်မှာ ယထာဘူတဉာဏ်နှင့် မတွေ့သမျှ ဌာနာဌာန ကောသလ္လဉာဏ်လည်းမရ၊ နာမရူပ ပရိစ္ဆေဒဉာဏ်လည်း မရ၊နာမ် ရုပ် မပိုင်းခြားနိုင်ပါ၊ရင်းဉာဏ်သုံးပါး မရသမျှ မသိသမျှ တရားအားထုတ်သော် သံသရာမျိုးစေ့ကိုသာ အားပေး ရာရောက်၍ အမှား ကြီးပွားရာ ဟု မဟာဝဂ္ဂသံယုတ် ပါဠိတော်ကိုသာ ကြည့်ကြ၍ သတိပြုကြပါ။

"အဝိဇ္ဇာဂတဿ ဘိက္ခဝေ အဝိဒ္ဒသုနော မိစ္ဆာဒိဋ္ဌိ ပဟောတိ" ဟု ပါဠိတော်၌ ဘုရားမြတ်စွာ ဟောကြား မိန့်မြွက်ပါသည်။

အနက်ကား ဘိက္ခဝေ၊ သံသရာမျိုးမြစ် ဘယ်တင်းကဖြစ်သည်ဟု တကယ်အရင်းစစ် သိလိုသော အို....ချစ်သားချစ်သမီးတို့။အဝိဇ္ဇာဂတဿ၊စိတ်မသမာတာ ဆက်စပ်လျက် စင်ရဟတ်ဖြစ်နေပုံကို။ အဝိဒ္ဒသုနော၊အမှားကိုမမြင်ကြ ဉာဏ်သုံးပါးအရင်း မရဘဲနှင့် တရားကို ခင်မင် တရားကို ခင်ကြ၍ အားထုတ်သော သူတို့သည်။ မိစ္ဆာဒိဋ္ဌိ၊ လောကဓာတ်ကံ မောဟာရုံလျက် မမှန်သော အယူဝါဒသည်။ ပဟောတိ၊

မနောမှာမသိအမှားတွေဖိအောင်ပွားများဆောင်ထမ်း ရောင်ရမ်းသောအမှုကြီးတခုပါပေဟည်း။ (အဓိပ္ပါယ်သိလွယ်ပြီ)

ထို့ကြောင့် လောကုတ္တရာတရား လိုလားကြသော ရှင်ရဟန်းတို့သည် ဝိပဿနာ အရာမဟုတ်သော အကျိုးခန္ဓာငါးပါး ရုပ်-နာမ် တရားကို၎င်း၊ ယောကျ်ား မိန်းမ ဖြစ်နေသော အဗျာကတ ကရဇကာယကြီးအပေါ်မှာ ကွဲကွဲခြားခြား ဝေဘန်ပိုင်းခြား ပြဆိုအံ့၊ ၁-ပထဝီ၊ ၂-အာပေါ၊ ၃-တေဇော၊ ၄-ဝါယော၊ ၅-စက္ခု၊ ၆-သောတ၊ ၇-ဃာန၊ ၈-ဇိဝှါ၊ ၉-ကာယ၊ ၁၀-ရူပ၊ ၁၁-သဒ္ဒ၊ ၁၂-ဂန္ဓ၊ ၁၃-ရသ၊ ၁၄-ဣတ္ထိန္ဒြေ၊ ၁၅-ပုရိသိန္ဒြေ၊ ၁၆-ဟဒယ၊ ၁၇-ဇီဝိတ၊ ၁၈-အာဟာရ၊ ၁၉-ပရိစ္ဆေဒ၊ ၂၀-ကာယဝိညတ်၊ ၂၁-ဝစီဝိညတ်၊ ၂၂-လဟုတာ၊ ၂၃-မုဒုတာ၊ ၂၄-ကမ္မညတာ၊ ၂၅-ဥပစယ၊ ၂၆-သန္တတိ၊ ၂၇-ဇရတာ၊ ၂၈-အနိစ္စတာ၊ ဤသို့အားဖြင့် ပေါင်းလိုက်သော် ရုပ်နှစ်ဆယ့်ရှစ်ပါး ရှိပါသည်၊ ၎င်းပြထားခြင်းကိုသာ အမှတ်ပြု၍ အနိစ္စဘဲ ဒုက္ခဘဲ အနတ္တဘဲဟု သဲသဲမဲမဲ အတ္တသညာ ခွါခြင်းသည် တရားတော့ ဖြစ်ကြပါ၏၊ဘုရားပွင့်မှ ထားခဲ့သော တရားမဟုတ်၊ သာသနာတရားခေါ်၏၊ အတ္တသညာ ခွါရမည့် ဌာနမဟုတ်၊ ဝိပဿနာ အရာလည်း မဟုတ်ပါ။

အဘယ်အတွက်ကြောင့် မဟုတ်မမှန်ဟု ဆိုနိုင်ပါသနည်း၊ မိမိတို့ကိုယ် ကရဇအပေါ်မှာ သတိပြုကြည့်ပါ၊ နောက်ကပြဆိုခဲ့သော ရုပ် ၂၈-ပါးဟာ ပုရိသလိင်နှင့် ဣတ္ထိလိင် ပြထားခြင်း

ကြောင့် ယောကျ်ား မိန်းမ ရုပ် ၂-ခု တပြိုင်နက် မရှိပါ၊ ယောကျ်ားရုပ်ရှိလျှင် မိန်းမရုပ် မိမိကိုယ် ကရဇပေါ်မှာ မရှိပါ၊ မိန်းမရုပ်ရှိလျှင် မိမိကိုယ် ကရဇပေါ်မှာ ယောကျ်ားရုပ် မရှိပါ၊ ဒါကြောင့် ရှုဆင်ခြင်ကြလျှင် ရုပ် ၂၇-ပါးသာ ရှိပါသည်၊ ရုပ်နှစ်ခု တပေါင်းတည်း သတ္တဝါတို့သန္တာန်မှာ မရှိ၊ တခုခုသာ ရနိုင်ပါသည်။ (သတိပြုပါ)

ဤကဲ့သို့ ရုပ် ၂၇-ပါးသာလျှင် ရှိ၍ ရုပ် ၂၈-ပါး မပြည့်စုံသဖြင့် န ရူပံ န ခန္ဓော ဟူ၍ ဟောတော်မူသော ဝိဘင်းပါဠိတော်မှာ ကြည့်ကြပါ။

ရုပ်မထိုက် ခန္ဓာမထိုက်ဟု ဟောတော်မူသည်၊ ၎င်း၂၇ ပါးသာလျှင် မိမိအပေါ် ကရဇမှာ ရှိသောရုပ်ကို ရေမြှုပ်နှင့်တူသော ရုပ်ဟူ၍ ယူဆပါလျှင် ၂၈-ပါးသောရုပ်ဟု ရှုကြလျှင် ဆင်ခြင်သုံးသပ်ပါလျှင် မဟုတ်သဖြင့် တရားမှန်မဟုတ်ဟု ဆိုရပါသည်၊ သတိပြုပါ။ (ခန္ဓယမိုက်ကိုလည်း ကြည့်ပါ)

ထိုကဲ့သို့ဆိုလျှင် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်၌ ရုပ် ၂၈-ပါး ရေမြှုပ်နှင့်တူကြောင်း ဘုရားဟောတော်မူသော စကားတော်နှင့် အစွန်းမလွတ်ဟု မေးစရာရှိပါ၏၊ ဘုရားမြတ်စွာ ဟောကြားထားတာက ဘုံအားဖြင့် ရုပ်နှင့်နာမ်, ဓမ္မအနွယ်အားဖြင့် နာမ်ရုပ်ဟု တခုတခြားစီ ကွဲကွဲခြားခြား ဟောထားပါသည်၊ ဘုံနှင့်တကွ လူ နတ် ဗြဟ္မာဟု ဟောထားတာ သတိပြု၊

ရှေ့အခဏ်း ၄-မှာ ဘုရားဟော ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်နှင့် ကိုက်အောင်ပြမည်။

ထို့ကြောင့် ၂၇-ပါးသော ရုပ်ကိုရင်း၊ ယောကျာ်း, မိန်းမ ၂-ခုအား ပေါင်းစပ်၍ ပြထားသော ရုပ်ကိုရင်း ဆက်လက်၍ ပြဆိုအံ့။

မိမိတို့အပေါ်မှာ ဖြစ်နေသော ၂၇-ပါးသော ရုပ်အစုတို့ သည် ပဋိသန္ဓေဒုက္ခနှင့် ကျ၍ ဆက်စပ် ဖြစ်ပေါ်လာပြီး ရရှိ နေရတာ ကာမသုဂတိဘုံခေါ်တဲ့ လူ့ခန္ဓာ မှန်ပါသည်၊ ထိုခန္ဓာကို ဘုံသုံးဆယ့်တဘုံ သွင်းလျက် "ဒုက္ခံ တေဘူမကံ ဝဋ္ဋံ"ဟု ဟောထား၍ ဒုက္ခတရားသာ မှန်၏၊ သိရမဲ့တရားသာ သိ၍ ပိုင်းခြား၊ ၎င်းလူ့ခန္ဓာငါးပါးသည် သမုဒယအကြောင်း ကြောင့် ဖြစ်ပေါ်လာခြင်းကို "တဏှာ သမုဒယော ဘဝေ" ဟု ဟောထားပါသည်၊ ၎င်းသမုဒယ၏ ဖြစ်ရာ တည်ရာ စွဲမှီရာ ပဥ္စုပါဒါနက္ခန္ဓာ ခေါ်သော နာမ် ရုပ်နှစ်ပါးကိုရင်း၊ သတ္တဝါမဟုတ် ဓာတ်မှန်ရုပ်ကိုရင်း၊ ရေမြှုပ်အလား ပမာ ထားသော ၂၈-ပါး နာမ်ရုပ်တရားကို ရှေ့အခဏ်းတွင် ရှင်းရှင်းလင်းလင်း ပြဆိုပါမည်။

ထိုခန္ဓာငါးပါး အကျိုးဝိပါက်များကို ဘုံ၌ဖြစ်ပြီးသော အဗျာကတခန္ဓာ ခေါ်၏၊ ငါးပါးဟူသော်ကား လူသတ္တဝါ အပေါင်းမှာ၎င်း၊ မိမိအပေါ်မှာ၎င်း ၂၇-ပါးသောရုပ်သည် ရုပက္ခန္ဓာတပါးဖြစ်၏၊ ထိုရုပ်ခန္ဓာနှင့်တကွ မကွေမကွာ ဖြစ်တဲ့

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ ၎င်းခန္ဓာ ငါးပါး အပေါင်းအစုသည် အမိမွေးဖွားလာတဲ့ နေ့ကစ၍ ရှိကြပါသည်၊ ဒီခန္ဓာအပေါင်းအစုကို အဒ္ဓါနပစ္စုပ္ပန် ခေါ်သည်၊ အကျိုးတရားများဟု သင်္ဂြိုဟ်ကျမ်းမှာ ကြည့်ပါ၊ လူ့ခန္ဓာကို ကုသလဝိပါက်ဟု ဆိုထားပါသည်၊ ၎င်းခန္ဓာ အပေါ်မှာ ဝိပဿနာလုပ်ငန်းလည်းမဟုတ်၊ အတ္တသညာလည်း မဖြစ်၍ သညာခွါလို့မရပါ၊သညာ အတ္တ ခွါရမည်၊ခန္ဓာငါးပါး နာမ် ရုပ်တရားကား သဘာဝခန္ဓာ ခေါ်သည်၊ ဥပါဒါနက္ခန္ဓာ လည်းခေါ်သည်။ (ရှေးအခဏ်းမှာ သတိပြုပါ)

၎င်းလူ့ခန္ဓာငါးပါး လူ့ကိုယ်ကရဇနှင့်တကွ ဝိပါက်စိတ် အဗျာကတဖြစ်၍ အဝိဇ္ဇာ မောဟတရားလည်း မယှဉ်နိုင် မဖြစ်နိုင်ပါ၊ (တရားရှင်လုပ်လိုက သတိပြုကြပါ) ထိုကုသလ ဝိပါက် အဗျာကတစိတ် ဖြစ်ပုံကို ပြဆိုအံ့၊ မျက်စိ, အလင်း, အဆင်း, နှလုံးသွင်း လေးစင်းဆုံက မြင်နိုင်ကြမည်မှတ်ပါ၊ ဝိပါက်ခင်း၊၎င်း လေးဦးတိုက်ဆိုင်လျှင် မြင်သိတခုသာ ဖြစ်ကြ ၏၊ ပစ္စုပ္ပန်အာရုံသာဖြစ်၍ ဝိပါက်ခေါ်သည်၊ ထိုလေးဦးကို ခန္ဓာဖွဲ့လျှင်လည်း ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာသာ ရှိပါသေးသည်၊ ဒါ မြင်တာခေါ်၏၊ သညာမပေါ်သေးပါ၊ ဘာဘဲ ညာဘဲဟု အမှတ်သညာ မပေါ်သောဌာန သညာခွါမရ၊ မြင်တာဟာ ဒုက္ခတရားသာ မှန်၏၊ သိရမဲ့တရား အကျိုးခေါ်ပါသည်၊ (သတိပြုကြပါ)

ထို့ကြောင့် ဘုံဘဝနှင့် ကြုံတိုးနေရသော အဗျာကတ ဝိပါက် ရုပ်နှင့် နာမ် ခန္ဓာ အပေါင်း အစုများကိုလည်း ကွဲကွဲ ခြားခြား ပြဆိုဦးအံ့။ (သတိ)

မျက်စိ, အဆင်း, အလင်း, နှလုံးသွင်း၍ ဤခန္ဓာငါးပါး ရုပ်နာမ်တရား ဝိပါက်ခန္ဓာ၊ နား ဟင်းလင်း အသံ နှလုံးသွင်း ဤခန္ဓာငါးပါး ရုပ်နာမ်တရား ဝိပါက်ခန္ဓာ၊နှာခေါင်း လေ အနံ့ နှလုံးသွင်း ဤခန္ဓာငါးပါး ရုပ်နာမ်တရား ဝိပါက်ခန္ဓာ၊ လျှာ စွတ်စို စားစရာ နှလုံးသွင်း ဤခန္ဓာငါးပါး ရုပ်နာမ်တရား ဝိပါက်ခန္ဓာ၊ ကရဇကိုယ် မာကြမ်း တွေ့ထိ နှလုံးသွင်း ဤခန္ဓာ ငါးပါး ရုပ်နာမ်တရား ဝိပါက်ခန္ဓာလည်း ဖြစ်ပါ၏၊ ၎င်း ခြောက်ဌာန အပေါ်မှာ ဖြစ်ပျက်နေသော ရုပ်နာမ်တရား ဝိပါက်ခန္ဓာများကို အတ္တသညာ ခွါ၍လည်း မရ၊ ခွါစရာ သညာလည်း မရှိ၊ ဒါကို ပဋ္ဌာန်းပါဠိတော်က သမ္ပယုတ္တ-ဓမ္မ—ဟု ဟောထားတာကို သတိပြုပါ။

ထိုသမ္ပယုတ္တဓမ္မ ပစ္စုပ္ပန်၌ ဖြစ်သော ရုပ်နာမ်တရား နှစ်ပါးသည် ရှေးကပြုစု ပျိုးထောင်ခဲ့သော ကာမကုသိုလ် အဟုန် အကြောင်းတရားကြောင့်၎င်း၊ ရှေးကာလက ပစ်ချ လိုက်သော ဇနကကံ အဟုန် အကြောင်း တရားကြောင့်၎င်း၊ ရှေးကာလက ပြုလုပ်ခဲ့သော တဏှာဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ အကြောင်း ငါးပါးကြောင့်သာလျှင် ယခု လူ့ဘဝ လူ့ခန္ဓာ အကျိုးဖြစ်၍ ဒုက္ခတရားသာ မှန်၏၊ ထိုဒုက္ခတရား

သည် သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ တရားသုံးပါးလည်း မဖြစ်နိုင်၊ အမှတ်မှား အသိမှား အစွဲမှား မဖြစ်နိုင်သဖြင့် ဝိပဿနာ ဘာဝနာ မလုပ်ရပါဟု အထူးသတိပြု၊ ဒုက္ခကို (သိ) ရမည့်တရားသာ ဟောကြားပါသည်၊ ဝိပဿနာ ထိုက်သော ခန္ဓာငါးပါး နာမ် ရုပ်တရားကို ဥပါဒါနိယအဖြစ်ဖြင့် အထူးပြု၍ ဥပါဒါနက္ခန္ဓာဟု ဟောတော်မူပါသည်။

ထို့ကြောင့် ပဋ္ဌာန်းဒေသနာတော်၌ ဘုရားရှင် ခန္ဓာကို တခုစီ တခုစီ ခွဲခြား၍ ဟောထားတာကို သတိပြုကြပါ၊ "ရူပက္ခန္ဓော အရူပိနော ခန္ဓာ သိယာ ကုသလာ သိယာ အကုသလာ သိယာ အဗျာကတာ" ဟူ၍ ရှိပါသည်၊ ဘာမျှမလုပ်နိုင်သော ခန္ဓာ, ကုသိုလ်နှင့်တကွဖြစ်သော ခန္ဓာ, အကုသိုလ်နှင့်တကွဖြစ်သော ခန္ဓာ, ကုသိုလ် အကုသိုလ် မဟုတ်သော ခန္ဓာ ၎င်းကဲ့သို့ တခု တခြား ဟောထားခြင်းကြောင့် ခန္ဓာကွဲအောင် သတိဆောင်ကြပါ။ အကျိုးဝိပါက် လူ့ခန္ဓာ ငါးပါးသည် ပါစကဓာတ်မီး ချက်စရာမရှိ၍ ဆာလောင်မွတ်သိပ်လျှင် မြေကပေါက်သော ရသာ ၆-ပါး ကဗဠီကာရ အာဟာရများကို စား၍ ဒွါရကိုးပေါက်က ယိုစီးပြီးလျှင် မသေခင်လဲ မြေသို့ကျ၏၊ သန္တပ္ပနမီး ချက်မှုကြောင့် အလွန်အယုတ်ဖြစ်လျှင် ၉၆-ပါးသော ဝေဒနာတို့ ဖြစ်ပေါ်လာရ၏၊ ဓာတ်မီး ပြင်းစွာ ချက်သဖြင့် ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါးတို့က ညီညွတ်စွာ မပြုနိုင်သဖြင့်

သေပြန်လျှင်လည်း မြေသို့ကျရခြင်းကြောင့် ဘုံဘဝအားဖြင့် ဒုက္ခခန္ဓာ ခေါ်သည်ဟု ပိုင်းခြားသိရမည်။ (ပရိညေယျ ဘုံဘဝဟု မှတ်ပါ)

ထိုဒုက္ခခန္ဓာပေါ်မှာ ပယ်ရမည့်တရားလည်း မဟုတ်၊ မျက်မှောက်ပြုရမည့် တရားလည်းမဟုတ်၊ ပွားများရမည့်တရားလည်းမဟုတ်၊ ဘုံ ဘဝ ဝိပါက် ဝဋ် သိရမည့်တရားကို သိအပ်သော တရားကို ဝိပဿနာထင်သဖြင့် အတ္တသညာကွာခြင်း ငါ လက္ခဏာတင်၍ ရှုကြလျှင် တရားအားထုတ်လျှင် ပွားများကြလျှင် တရားတော့ ဖြစ်ကြ၏၊ တရားမမှန်၊ ငါတို့ ဘုရားမပွင့်မီ သာသနာပကာလက ဒေဝိလရသေ့, ဥဒကရသေ့, အာဠာရရသေ့, နာရဒရသေ့များ အားထုတ်တဲ့ တရားသခ်ါရနယ်က မလွတ်ဟု ဘုရားရှင် ဟောကြားတော်မူခဲ့သည်၊ သတိပြုကြပါ။

အဘယ့်ကြောင့် ဆိုပါသနည်း အသုဘဆယ်ပါး ဗြဟ္မစိုရ်တရားလေးပါး ကသိုဏ်းရှစ်ပါး ရုပ်ကိုအာရုံပြု၍ သမထလုပ်သဖြင့် ရူပါဝစရ ကုသိုလ်ကို ရ၏၊ အာလောက ကသိုဏ်း အာကာသ ကသိုဏ်းသည် နာမ်ကို အာရုံပြု၍ သမထလုပ်သဖြင့် အရူပါဝစရကုသိုလ်ကိုသာ ရ၏၊ မိဘရိုးရာ ဒါန သီလ အနုဿတိရှစ်ပါး သမထဘာဝနာ တရားတို့သည် သာရဏီယ တရားဖြစ်၍ ဗဟုပကာရဖြစ်သဖြင့် ကာမာဝစရကုသိုလ်သာ

ရ၏၊ လောကုတ္တရာထွက်လမ်း သီလ, သမာဓိ, ပညာ စခန်းထိ တော့မည်မဟုတ် သူ့ဘုံနှင့်တူရာ။

ဤကဲ့သို့ဆိုလျှင် သမထ ဘာဝနာလေးဆယ်ကို မြတ်စွာဘုရား မဟောဘူးလား မေးလျှင် ဟောတော်မူပါ၏၊ ဟောတော်မူပါသော်လည်း ဗဟုပကာရတရားနှင့် ဝိသေသဘာဂိယတရား နှစ်ပါးတို့ကို လူ ရှင် ရဟန်း သတ္တဝါများ ကွဲကွဲခြားခြား သိအောင် ၎င်းကဲ့သို့ သိမှသာလျှင် လောကုတ္တရာထွက်လမ်း သစ္စာပန်းကို သိနိုင်မည်ဟု တခု တခု ခြားနား၍ ဟောတော်မူပါသည်၊ တရားထူး တရားမြတ် လိုလားသူ အထူးသတိပြု၊ ဟာနဘာဂိယတရား ဌိတိဘာဂိယတရား ဝိသေသဘာဂိယတရား သုံးပါး ထားတော်မူ၍ ဘုရားရှင် ဟောတော်မူခြင်းကိုလည်း သတိပြုပါ၊ သစ္စာတရား လေးပါးသည် ဝိသေသဘာဂိယတရား ဖြစ်ပါသည်။

ထိုစကား မေးစရာရှိ၏၊ နောက်က ပြဆိုခဲ့သော ခန္ဓာငါးပါးမှာရင်း, ယောကျ်ား မိန်းမ ကိုယ်ကာယမှာရင်း, အဗျာကတ ရုပ်နာမ်ကိုရင်း ပိုင်းခြားပြသည်မှာ ဒုက္ခသစ္စာထိုက်၍ ပြဆိုခဲ့ပါသနည်း၊ ဘုံဘဝနှင့်သာ ဒုက္ခသစ္စာထိုက်၏၊ ဒုက္ခမှန်၏၊ အရိယာတို့ သိအပ် ပိုင်းခြားအပ်သော ဒုက္ခသစ္စာတရားဟု မပြဆိုခဲ့ပါ၊ အရိယာတို့ သိအပ် ပိုင်းခြားအပ်သော ဒုက္ခသစ္စာတရားကို အဘိညာ ပရိညေယျာဟု ဟောတော်မူခြင်းကြောင့် **အဘိ**- လွန်စွာ၊ **ညာ**- သိခြင်းဟု သတိပြု၊

အရိယာတို့ သိအပ် ပိုင်းခြားအပ်သော ဒုက္ခသစ္စာသည် ဉာဏ် သိသာလျှင် ဖြစ်၍ ထိုဉာဏ်သိ သိသော အသိသည်သာလျှင် ဒုက္ခသစ္စာထိုက်၏၊ ဒုက္ခသစ္စာလည်း မှန်၏၊ ဘုံဘဝနှင့် ကြုံရသည်၊ ဒုက္ခသစ္စာတရားသည် ဒုက္ခသာမှန်၏၊ဒုက္ခသစ္စာမထိုက်၊ ပုထုဇဉ်တို့ သိနိုင်သော ဒုက္ခမှတ် ဉာဏ်သိမပါ၊ ဉာဏ်သိမပါ ဗလချာသိ မှတ်။ (ဆရာရှာတို့ သတိပြု)

သမ္မောဟဝိနောဒနီ အဋ္ဌကထာ စာမျက်နှာနံပါတ် ၂၀၉-၂၁၈ အထိ လောက်မှာ ကြည့်ကြပါ၊ သေသေချာချာ စဉ်းစား၍ အထူးသတိပြု ကြည့်ကြပါ။

ဝေရူပဥ္စာနန္တံ သတ္တုပလဒ္ဓိ န ပဇဟာတိ သတ္တသညံ န ဥဂ္ဃာဋေတိ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာန ဘာဝနာ ဝါ န ဟောတိ။

အနက်ကား ဟိ-သစ္စံ၊ ထိုစကားမှန်၏။ ဝေ ရူပံ၊ ဤသို့ သဘောရှိသော။ ဇာနန္တံ၊ စားတာသိ သွားတာသိ ကြားတာသိ မြင်တာသိ လာတာသိ စသည်ဖြင့် သိခြင်းသည်၊ ဝါ- တနည်း အိမ်ခွေး တောခွေး အစရှိသော ပုထုဇဉ်သတ္တဝါတို့ သိသောသဘောရှိသော အသိသည်။ သတ္တုပလဒ္ဓိံ၊ သတ္တဝါ ဟူသမျှ သိတတ်သောအသိကို။ န ပဇဟာတိ၊ မစွန့်မဖြုတ်နိုင်။ သတ္တသညံ၊ အဖို အမ သတ္တဝါဟူသော အမှတ်သညာ အသိကို။ န ဥဂ္ဃာဋေတိ၊ မပယ် မစွန့် မခွါနိုင်။ ကမ္မဋ္ဌာနံ ဝါ၊ ကမ္မဋ္ဌာန်းအလုပ်သည်ရင်း။ သတိပဋ္ဌာနဘာဝနာ ဝါ၊ သတိ

ပဋ္ဌာန်ဘာဝနာ ပွါးခြင်းသည်ရင်း။ န ဟောတိ၊ မဖြစ်။ န ဝုတ္တံ၊ ဘုရားမြတ်စွာ မဟောကြားပါ။

**အဓိပ္ပါယ်ကား** အိမ်ခွေး တောခွေး သတ္တဝါများသော် ရင်း၊ စားသိ သွားသိ မြင်သိ ကြားသိ ထိသိ လာသိ ရပ်သိ စသည်ဖြင့် သိသောအသိကို ကမ္မဋ္ဌာန်းအလုပ် သတိပဋ္ဌာန် အလုပ် ဝိပဿနာ ဘာဝနာအလုပ်ဟု ဘုရားရှင်က မဟော ကြားပါလို့ အဋ္ဌကထာဆရာက မိန့်ဆိုပါသည်။ (အထူး စဉ်းစားပါ)

ကဲ ပါဠိတော်နှင့် အဋ္ဌကထာ စကားများကို ရှင်းလင်းစွာ သိရအောင် ပြဆိုပါမည်၊ သေသေချာချာ ရေလယ်အောင် သတိပြု ကြည့်ကြပါ။

ဣဒါနိ ဣရိယာပထဝသေန ဝိဘဇိတုံ ပုနစပရန္တိ အာဒိမာဟ၊ တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ န ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ-ဟု ဟောတော်မူသည်။

**အနက်ကား** ဣဒါနိ၊ ယခုအခါ၌။ ဣရိယာပထဝသေန၊ ဣရိယာပုထ်၏ အစွမ်းအားဖြင့်။ ဝိဘဇိတုံ၊ ဖွင့်၍ဝေဘန်ခြင်း ကို။ ပုနစပရန္တိအာဒိဝစနံ၊ ဤသို့အစရှိသောစကားတော်ကို။ အာဟ၊ ဟောတော်မူလေပြီ။ တတ္ထ ဝစနေ၊ ထိုစကား၌။ သောဏသိင်္ဂါလာဒယောပိ၊ အိမ်ခွေး တောခွေး အစရှိသော

ပုထုဇဉ်သတ္တဝါတို့သည်လည်း။ ဂစ္ဆန္တာ၊ သွားကြကုန်သည်ရှိသော်။ ဂစ္ဆာမာတိ၊ ငါတို့သွားကြကုန်၏ ဟူ၍။ ကာမံဇာနန္တိ၊ တကယ်သိကြကုန်၏။ ပန တထာပိ၊ ထိုသို့တကယ်ပင်သိသော သဘောရှိကုန်သော်လည်း။ ဇာနနံ၊ သွားတာသိ စားတာသိ မြင်တာသိ။ ဝေရူပံ၊ ဤကဲ့သို့သိခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဧတံ၊ ဤအရိယာအသ်မျိုးကို။ န ဝုတ္တံ၊ မဟောအပ်။ ဧတံ ဝစနံ၊ ထိုစကားကိုလည်း။ န ဝုတ္တံ၊ ငါဘုရား မဟောကြားပါ။ (အဓိပ္ပါယ် သိလွယ်ပြီ)

ပဋ္ဌာန်းပါဠိတော်၌ "ကမ္မံ ဝိပါကံ ကဋတ္တာရူပံ န စိန္တိယံ" ဟု ဟောတော်မူ၏။

အနက်ကား ကမ္မံ၊ ကံလျှင်အကြောင်းရှိသော။ ဝိပါကံ၊ အကျိုးဖြစ်ပြီးသော။ ကဋတ္တာရူပံ၊ ဖေါက်ပြန်မစဲ ဒုက္ခပွဲနှင့် မြေထဲကျရမည့်ရုပ်ကို။ န စိန္တိယံ၊ တရားအလုပ်အားထုတ်ပါလျက် အထူးမကြံစည်ရာဟု ဟောတော်မူပါ၏။

ဤကဲ့သို့ ဘုရားရှင် ဟောကြားသော ဒေသနာတော်ရှိပါလျက်နှင့် မိခင်မွေးဖွား၍ ဖြစ်ပေါ်လာသော ဝိပါက်ရုပ် နာမ် ခန္ဓာငါးပါးအပေါ်မှာ ဓာတ်ဘဲဟု ရှုခြင်းငှင်း၊ ရုပ် နာမ် ကိုယ် ကာယအပေါ်မှာ နာကျင်ကိုက်ခဲ ရွရွမွမွ ဖြစ်ပေါ်နေတာ ဝေဒနာဟု ရှုခြင်းငှင်း၊ ရုပ်နာမ်နှင့်တကွ ဉာဏ်မဓာတ်မီး အရှိန်ကြောင့် ဖြစ်ပေါ်နေသော ထွက်လေ

ငင်လေအပေါ်မှာ နိဝရဏခွါခြင်းငှင်း၊ အတ္တသညာ ခွါခြင်းငှင်း၊ ခွါ၍မရ အဗျာကတဟု ဘုရားဟောထားပါလျက်နှင့် ဘုရားစကားတော် နားမထောင်ရာကျ၍ အမှားဖြစ်တတ်သည်၊ ထိုထွက်ဝင်နေသော ဝါယောဓာတ်လေဟာ နီဝရဏ တရား မဖြစ်နိုင်တာကို အထူးလုပ်ပြီး အားစိုက်ကြ၍ နင်လား ငါလား ပြင်းပြင်းထန်ထန် ရှုရှိုက်လျှင် ပုဂ္ဂလ ဗျာပါရ ဖြစ်၍ အတ္တကိလမထ ဖြစ်သည်များကို သတိပြုကြရမည်၊ လောကုတ္တရာထွက်လမ်းသည် အစွန်းနှစ်ပါးမှ လွတ်ရသည်။

"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"

ဟု ဓမ္မစကြာ၌ ဟောတော်မူသည်။ (သတိပြုပါ)

**အနက်ကား** ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပဗ္ဗဇိတေန၊ ဝိပါကဝဋ်မှ အလွတ်ရှောင်ဘို့ ကျွတ်အောင်ရည်မှန်း ထွက်ရာလမ်းကို ရှာမှီးသောသူသည်။ န သေဝိတဗ္ဗာ၊ အလျဉ်းမမှီဝဲ အပ်ကုန်သော။အန္တာ၊ အယုတ်တရား အစွန်းနှစ်ပါးတို့သည်။ ဣမေ ဒွေ၊ ဆိုလတ္တံ့ပိုင်းခြား ဤနှစ်ပါးတို့ပင်တည်း။ (သတိပြုပါ) ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။ မိန့်မြွက်ဆိုသော စကားတော်သည် ကာမသုခလ္လိကနှင့် အတ္တကိလမထ ထိုနှစ်ပါး မထိပါးမူ၍ တရားရှာရမည်ဟု ဆုံးမတော်မူခြင်းကြောင့် တရားရှာသော လူ ရှင် ရဟန်းတို့သည် ပုဂ္ဂလ ဗျာပါရလွတ်အောင် သတိရှိစေဘို့။ (သတိပြု)

ထို့ကြောင့် လောကီအာရုံဖြစ်သော ကာမဂုဏ်တို့နှင့် ပေါင်းဆုံ၍ ကိုယ်၏ခံစားခြင်း, စိတ်၏ ခံစားခြင်း, ကာမ သုခလ္လိကတရား အစွန်းတပါး၊ ထိုကာမသုခလ္လိကတရား ပယ်ရှား၍ ကိုယ်ပင်ပန်းစွာ စိတ်ပင်ပန်းစွာ တရားအားထုတ် ပြုလုပ်ခြင်း အတ္တကိလမထတရား အစွန်းတပါး၊ ထိုအစွန်း နှစ်ပါးမှ လွတ်အောင် တရားရှာရမည်၊ ၎င်းအစွန်းနှစ်ပါးမှ လွတ်မှသာ မဇ္ဈိမပဋိပဒါ တရားတော် ဖြစ်ပါလိမ့်မည်၊ထိုမဇ္ဈိမ ပဋိပဒါ ထွက်လမ်းသည် ဆရာ၏ဉာဏ်ကို လက်လှမ်းရသည်၊ သတိပြု ဆရာရှာရသည်။

ဤကဲ့သို့ ဆရာရှာရသော်လည်း အထူးသတိပြုရမှာက— ယခုအခါ၌ ဥပမာပြရလျှင် ဖေါ်နည်းကား ဆေးဆရာ၊ ရွာစဉ်လျှောက်၍ မှတ်တမ်းဆေးနည်း ယူထားသော ဆေး ဆရာ၊ ခေတ်ကျမ်း ရွတ်ဘတ်တတ်သော ဆေးဆရာ၊ စာတတ် သလေဟု မာနသံ တည်ညံ့နှင့် စာသံကို ရွတ်ဘတ်တတ်သော ဆေးဆရာ၊ ထိုဆရာတို့ကို သတိပြု၊ ရောဂါပျောက်ရန် ဆရာ့ ဉာဏ် ရှာကြံဘို့အရေး တပည့်တို့တွေး။

## ဆောင်ပုဒ်လင်္ကာ

ဆရာတွေ့ ယခုပေါ၊ သူ့ရောဂါကိုတော့ မသိရှာ၊
မေးကြည့်ရမှာ။တွေးမိတိုင်း ကရုဏာဖြာတယ်၊ လူမမာ

သယ်အများ၊ ဆရာမှားလို့ သားသေလျှင်၊ ဘယ်တရား ခွင် စွဲကြမလဲ ဟု သတိပြု။

**အစိပ္ပါယ်ကား**

ဆရာတွေလျှင် ရောဂါကို တင်ပြနိုင်မှ အနုတ္တပညာ ဆေးသိမယ်၊ **တနည်းကား** အတ္တသညာ ရောဂါကိုမြင်မှ အနုတ္တပညာ ဆေးသိမည်၊ အတ္တသညာ ရောဂါဆိုး ဖြစ်ပုံကို ဓမ္မစက္ခုနှင့် ဖြစ်ပုံ ပြနိုင်မှ ဆရာမှန်ခေါ်သည်၊ စာသိ မြင်ပုံ ဟာ ဓမ္မစက္ခု မဆိုပါ၊ ပရိယတ္တိအသိ ခေါ်သည်၊ ပရိယတ္တိ အသိရှိ ဆရာကို သတိပြု။

ကဲ ကဲ နောက်က ပြဆိုခဲ့တဲ့ အကျိုး ဝိပါက်ကောင်ကို သိလျက်နှင့် တမျိုးမရောင်ကြနှင့် အမှောင်မခတ္တိ သာသနာ တော်ဟာ ဘဂဝါဒေသနာ သေချာစွာ ဟောခဲ့တယ်လေ၊ သတိ....သတိ....သတိ။

ဆဋ္ဌသင်္ဂိတိမူမှာကြည့်ပါ၊ ဓမ္မသင်္ဂဏီ ပါဠိတော် စာအုပ် စာရွက် မျက်နှာနံပါတ် ၂၃၇-စာပုဒ်ရေ နံပါတ် ၁၁၈၃-မှာ။

ကတမေ ဓမ္မာ ပရာမဋ္ဌာ၊ သာသဝါ ကုသလာ ကုသလာ ဗျာကတာ ဓမ္မာ ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ ရူပက္ခန္ဓော။ပ။ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ ပရာမဋ္ဌာ-ဟု ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူ၏။

အနုက်ကား ပရာမဋ္ဌာ၊ အားပါးတရ မနားမနေကြဘဲ မှားသောအားဖြင့် သုံးသပ်အပ်ကုန်သော။ ဓမ္မာ၊ တရားသဘောတို့သည်။ ကတမေ၊ အဘယ်တရားတို့ပါနည်း။ သာသဝါ၊အာသဝေါတရား လေးပါးတို့၏ အကြောင်းရင်းဖြစ်ကုန်သော။ ကုသလာ ကုသလာ ဗျာကတာ၊ ကုသိုလ် အကုသိုလ် အဗျာကတဖြစ်ကုန်သော။ ကာမာဝစရာ ရူပါ-ဝစရာ အရူပါဝစရာ ဓမ္မာ၊ ကာမာဝစရ ရူပါဝစရ အရူပါ-ဝစရတရားတို့သည်ငင်း။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်ငင်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည်ငင်း။ သညာက္ခန္ဓော၊ သညာက္ခန္ဓာသည်ငင်း။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာသည်ငင်း။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာသည်ငင်း။ ဣမေ ဓမ္မာ၊ ဤတရားအစုတို့သည်။ ပရာမဋ္ဌာ၊ မှားသောအားဖြင့် သုံးသပ်သော ပရာမဋ္ဌ တရားမည်ကုန်၏။ (အဓိပ္ပါယ် သိလွယ်ပြီ၊ သတိ သဘိ သဘိ)

အဘိဓမ္မာဝိဘင်း ပါဠိတော်ကြီး၌ ကြည့်ကြပါ။

တတ္ထ ကတမေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ပုညာဘိသင်္ခါ-ရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော ကာယ သင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော၊ တတ္ထ ကတမော ပုညာဘိသင်္ခါရော ကုသလာစေတနာ ကာမာဝစရာ ရူပါ ဝစရာ ဒါနမယာ သီလမယာ ဘာဝနာမယာ၊အယံ ဝုစ္စတိ

ပုညာဘိသင်္ခါရော။တတ္ထ ကတမော အပုညာဘိသင်္ခါရော အကုသလာ စေတနာ ကာမာဝစရာ၊ အယံ ဝုစ္စတိ အပုညာဘိသင်္ခါရော။ တတ္ထ ကတမော အာနေဥ္စာဘိသင်္ခါရော၊ကုသလာ စေတနာ အရူပါဝစရာ၊ အယံ ဝုစ္စတိ အာနေဥ္စာဘိသင်္ခါရော။ တတ္ထ ကတမော ကာယသင်္ခါရော၊ကာယသဉ္စေတနာ ကာယသင်္ခါရော၊ ဝစီသဉ္စေတနာ ဝစီသင်္ခါရော၊ မနောသဉ္စေတနာ စိတ္တသင်္ခါရော၊ ဣမေ ဝုစ္စန္တိ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ·ဟူ၍ ဟောတော်မူခြင်းကိုလည်း သတိပြုပါ။ (အနက် သိလွယ်ပြီ)

ထို့မှတပါး ဓမ္မသင်္ဂဏီပါဠိတော် စာအုပ် စာရွက်ရေ မျက်နှာ နံပါတ် ၂၅၄-စာပုဒ်ရေ နံပါတ် ၁၂၉၆-မှာကြည့်တော်မူကြပါ။

အနိယျာနိကာဓမ္မာ ဟု သံသရာဝဋ်ဆင်းရဲမှမထုတ်ဆောင်နိုင်သော တရားကို ကွဲကွဲခြားခြား ဟောတော်မူပါသည်။ (သကိ·ဆဋ္ဌမူ မှာ)

| အဝိဇ္ဇာမင်းမှု | အဝိဇ္ဇာနယ်မြေ | အဝိဇ္ဇာနန်းစံ၏ |
| --- | --- | --- |
| အကြောင်းတရား | အပြုမှား | အကျိုးဝိပါက် |
| အာနေဥာဘိသင်္ခါရ ကုသိုလ် ၄-ပါး | သမထစျာန်လမ်း အဘိညာဉ် | အရူပ ၄-ဘုံ ရောက်၏။ |
| ပုညာဘိသင်္ခါရ ကုသိုလ် ၅-ပါး | သမထစျာန်လမ်း အဘိညာဉ် | ရူပ ၁၁-ဘုံ ရောက်၏။ |
| ပုညာဘိသင်္ခါရ ကုသိုလ် ၈-ပါး | ဒါန သီလ သမထ ပုညကိရိယာ | လူနတ်ကာမသုဂတိ ၇-ဘုံရောက်၏။ |
| အပုညာဘိသင်္ခါရ အကုသိုလ်၁၂-ပါး | ဒိဋ္ဌိ တဏှာဒုစရိုက် ဆယ်ဖြာ | အပါယ်၄-ဘုံ ရောက်၏။ |

ဧင်း ၂၉-ဘုံသည် အဝိဇ္ဇာဦးစီးလျက် ပြုလုပ်သော အကြောင်းတရားကြောင့် ၂၉-ဘုံ အကျိုးတရား ရပါသည်၊ သုဒ္ဓါဝါသ ၅-ဘုံသည် ဝိဇ္ဇာဉာဏ် ဦးစီးသောကြောင့် ဖယ်ထားရသည်။ (သတိပြု)

**အခဏ်း-၃ ပြီး၏။**

# အခန်း - ၄

## ယထာဘူတ

### ယထာဘူတ ရှစ်လုံးဖွဲ့

၁။ လေးဦးဆိုလဲ ကြုံဆဲခုခါ၊
သဘာဝကား သိပြောပေါ်လာ၊
ခဏသိလစ် တားမြစ်ကြည့်တာ၊
တားမရ ဒုက္ခအကျိုးပါ။

၂။ သိတာခဏ ဘာမျှမကြုံ၊
ပစ္စုပ္ပန်၌ ဖြစ်ခိုက်အမှန်၊
သိ-တလုံးထဲ ဝေခွဲစေရန်၊
သိ-ကာမျှ ဝိပါက်စိတ်ကေန်။

၃။ သဘာဝလေး ရှုပ်ထွေးနေတာ၊
လေးပါးဌာန်နှင့် မွေ့ရှင်းလေပါ၊
ရှင်းလင်းကြည့်မှ မုချမှန်စွာ၊
သိ-မှာဘဲ ဖြစ်မြဲမမွတာ။

### စက္ခုနှင့် ရူပါရုံရှင်းပြခြင်း

မျက်စိနဲ့ အလင်း, အဆင်း, နှလုံးသွင်း ထိုသဘာဝလေးတွဲ ပေါင်းဆုံမိလျှင် မြင်သိမှု တခုသာ ဖြစ်လာ၍ သိကာမျှ သဘောသာ ရှိ၏၊ ၎င်းသိကာမျှခဏသည် တားမြစ်ကန့်ကွက်

၍ မရခြင်းကို အကျိုးဒုက္ခဟု သိရမည်၊ အဗျာကတ ဝိပါက် စိတ် ခေါ်သည်၊ ဒါကို ပဋ္ဌာန်းပါဠိတော်၌ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်၊ ပစ္စုပ္ပန် အာရုံ သာ ဖြစ်နိုင်သည်၊ ၎င်းအာရုံသည် အကုသိုလ်စိတ်, ကုသိုလ် စိတ် မလုပ်နိုင် မဖြစ်နိုင်သေး၊ အဝိဇ္ဇာ အတ္တ သမုဒယ မဖြစ် နိုင်သေး၊ အတ္တသညာ မခွါရ၊ အကျိုး ဝိပါက်စိတ် ဒုက္ခ တရားသာ မှန်၏၊ သိအပ်တဲ့တရား မှတ်ပါ။ (သတိ)

လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ထိုဋ္ဌာန် လေးပါးနှင့် ဖြေရှင်း၍ ပြဆိုဦးအံ့၊ မျက်စိအကြည်သည် အဆင်းရူပါရုံနှင့် ထိခိုက်ခြင်းငှါထိုက်တဲ့ မဟာဘုတ် ဓာတ်ကြီး လေးပါးတို့ အရှိန် ကြည်လင်ရတဲ့ သဘောမျှဘဲ ရှိခြင်း **လက္ခဏာ** ထိုအဆင်း ဟူသမျှကို ဆွဲဆောင်ထမ်းရွက်နေရတဲ့ အကျိုးဘဲ လမ်းဆုံးရ ခြင်းကြောင့် **ရသ**၊ မျက်စိအသိ၏ တည်ရာဌာနမှာသာ ဖြစ်ရ တဲ့ အကျိုးအသိဘဲ လမ်းဆုံးရှိ၏၊ **ပစ္စုပဋ္ဌာန်**၊ မြင်လိုတဲ့သဘော အရ အရှိန်စုတွင် ပါဝင်သည့် ဓာတ်ကြီးလေးပါး နီးကပ် သောအကြောင်း **ပဒဋ္ဌာန်**ဟု သိကြပါ။

ရူပါဘိဃာတာရဟ ဘူတပ္ပသာဒလက္ခဏံ ၁-ပါး၊ ရူပေသု အာဝိဥ္ဆန ရသံ ၂-ပါး၊ စက္ခုဝိညာဏဿအာဓာရဘာဝ ပစ္စု ပဋ္ဌာနံ ၃-ပါး၊ ဒဋ္ဌုကာမတာနိဒါနကမ္မဇဘူတပဒဋ္ဌာနံ ၄-ပါး၊ ထိုလေးပါးကို ပါဠိဘာသာအားဖြင့် (ဋ္ဌာန်ဟု) ခေါ်ပါသည်။

## သောတနှင့် သဒ္ဒါရုံ ရှင်းပြခြင်း

နားနဲ့ ဟင်းလင်း အသံ နှလုံးသွင်း ထိုသဘာဝ လေးတွဲ ပေါင်းဆုံမိလျှင် ကြားသိမှု တခုသာ ဖြစ်လာ၍ သိကာမျှ သဘောရှိ၏၊ ၎င်းသိကာမျှ သဘောခဏသည် တားမြစ်ကန့် ကွက်၍ မရခြင်းကို အကျိုးဒုက္ခဟု သိရမည်၊ အဗျာကတ ဝိပါက်စိတ် ခေါ်ပါသည်၊ ဒါကို ပဋ္ဌာန်းပါဠိတော်၌ "သဒ္ဒါ ယတနံ သောတဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဟောတော်မူပါ သည်၊ ပစ္စုပ္ပန်အာရုံသာ ဖြစ်နိုင်သည်၊ ၎င်းအာရုံသည် အကု သိုလ်စိတ် ကုသိုလ်စိတ် မလုပ်နိုင်သေး၊ အဝိဇ္ဇာ အတ္တ သမုဒယ မဖြစ်နိုင်သေး၊ အတ္တသညာ မခွါရ၊ အကျိုး ဝိပါက်စိတ် ဒုက္ခတရားသာ မှန်၏။ သိအပ်တဲ့တရား မှတ်ပါ။ (သတိ)

လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ထိုဋ္ဌာန် လေးပါးနှင့် မွေရှင်း၍ ပြဆိုဦးအံ့၊ နားအကြည်သည် အသံဟူသရွေ့နှင့် ထိခိုက်ခြင်းငှါ ထိုက်တဲ့ မဟာဘုတ်ဓာတ်ကြီး လေးပါးတို့ အရှိန် ကြည်လင်ရတဲ့ သဘောမျှဘဲရှိခြင်း **လက္ခဏ**၊ ထိုအသံ ဟူသမျှကို ဆွဲဆောင် ထမ်းရွက်နေရတဲ့ အကျိုးဘဲ လမ်းဆုံးရ ခြင်းကြောင့် **ရသ**၊ နားအသိ၏တည်ရာ ဌာနမှာသာ ဖြစ်ရတဲ့ အကျိုးအသိဘဲ လမ်းဆုံးရှိ၏ **ပစ္စုပဋ္ဌာန်**၊ ကြားလိုတဲ့သဘော အရ အရှိန်စုတွင် ပါဝင်သည့် ဓာတ်ကြီးလေးပါး နီးကပ်သော ကြောင့် ဖြစ်ရ၏ **ပဒဋ္ဌာန်**-ဟု သိကြပါ။

သဒ္ဒါဘိဓာနတာရုဟာဘူတပ္ပသာဒလက္ခဏံ ၁-ပါး၊ သဒ္ဒေသု အာဝဇ္ဇနရသံ ၂-ပါး၊ သောတဝိညာဏဿ အာဓာရဘာဝ ပစ္စုပဋ္ဌာနံ ၃-ပါး၊ သောတုကာမတာ နိဒါနကမ္မဇဘူတ ပဒဋ္ဌာနံ ၄-ပါး၊ ထိုလေးပါးကို ပါဠိဘာသာအားဖြင့်(ဋ္ဌာန်ဟု) ခေါ်ပါသည်။

## ဃာနနှင့် ဂန္ဓာရုံ ရှင်းပြခြင်း

နှာခေါင်းနဲ့ လေ အနံ့ နှလုံးသွင်း ထိုသဘာဝ လေးတွဲ ပေါင်းဆုံမိလျှင် နံ့သိမှု တခုသာ ဖြစ်လာ၍ သိကာမျှသဘော ရှိ၏၊ ၎င်းသိကာမျှ သဘောခဏသည် တားမြစ်ကန့်ကွက်၍ မရခြင်းကို အကျိုးဒုက္ခဟု သိရမည်၊ အဗျာကတ ဝိပါက်စိတ် ခေါ်သည်၊ ဒါကို ပဋ္ဌာန်းပါဠိတော်၌ "ဂန္ဓာယတနံ ဃာန ဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော"ဟု ဟောတော်မူပါသည်၊ ပစ္စုပ္ပန်အာရုံ သာဖြစ်သည်၊ ၎င်းအာရုံသည် အကုသိုလ်စိတ်, ကုသိုလ်စိတ် မလုပ်နိုင်သေး၊ အဝိဇ္ဇာ အတ္တ သမုဒယ မဖြစ်နိုင်သေး၊ အတ္တ သညာ မခွါရ၊ အကျိုးဝိပါက်စိတ် ဒုက္ခတရားသာ မှန်၏၊ သိအပ်တဲ့တရားသာ မှတ်ပါ။ (သတိ)

လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ထိုဋ္ဌာန် လေးပါးနှင့် မေ့ရှင်း၍ ပြဆိုဦးအံ့၊ နှာခေါင်း အကြည်သည် အနံ့ဟူသရွေ့ နှင့် ထိခိုက်ခြင်းငှါ ထိုက်တဲ့ မဟာဘုတ် ဓာတ်ကြီး လေးပါးတို့

အရှိန် ကြည်လင်ရတဲ့ သဘောမျှတဲ့ရှိခြင်း **လက္ခဏာ**၊ ထိုအနံ့ ဟူသမျှဆွဲဆောင် ထမ်းရွက်နေရတဲ့ အကျိုးဘဲ လမ်းဆုံးရခြင်း ကြောင့် **ရသ၊နှာ**ခေါင်းအသိ၏ တည်ရာဌာနမှာသာ ဖြစ်ရတဲ့ အကျိုးအသိဘဲ လမ်းဆုံးရှိ၏ **ပစ္စုပဌာန်**၊ နံ့လိုတဲ့သဘောအရ အရှိန်စုတွင် ပါဝင်သည့် ဓာတ်ကြီးလေးပါးလျှင် နီးကပ်သော အကြောင်းကြောင့် ဖြစ်ရ၏ **ပဒဋ္ဌာန်**-ဟု သိကြပါ။

ဂန္ဓာဘိဃာတရဟာဘူတပ္ပသာဒလက္ခဏံ ၁-ပါး၊ ဂန္ဓေသု အာဝိဥ္ဆနရသံ ၂-ပါး၊ ဃာနဝိညာဏဿ အာဓာရဘာဝ ပစ္စုပဌာနံ ၃-ပါး၊ ဃာယိတုကာမတာ နိဒါနကမ္မဇဘူတ-ပဒဋ္ဌာနံ ၄-ပါး၊ ထိုလေးပါးကို ပါဠိဘာသာအားဖြင့် (ဌာန်ဟု) ခေါ်ပါသည်။

## ဇိဝှါနှင့် ရသာရုံ ရှင်းပြခြင်း

လျှာနဲ့ စိတ်စွတ် စားစရာ နှလုံးသွင်း ထိုသဘာဝလေးတဲ့ ပေါင်းဆုံမိလျှင် စားသိမှု တခုသာ ဖြစ်လာ၍ သိကာမျှ သဘောရှိ၏၊ ၎င်းသိကာမျှ သဘောခဏသည် တားမြစ် ကန့်ကွက်၍ မရခြင်းကို အကျိုးဒုက္ခဟု သိရမည်၊ အဗျာကတ ဝိပါက်စိတ် ခေါ်သည်၊ဒါကို ပဌာန်းပါဠိတော်၌“ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော” ဟု ဟောတော်မူပါသည်၊ ပစ္စုပ္ပန်အာရုံ သာ ဖြစ်နိုင်သည်၊ ၎င်းအာရုံသည် အကုသိုလ်စိတ် ကုသိုလ်စိတ်

မလုပ်နိုင် မဖြစ်နိုင်သေး၊ အဝိဇ္ဇာ အတ္တ သမုဒယ မဖြစ်နိုင် သေး၊ အတ္တသညာ မခွါရ၊ အကျိုး ဝိပါက် ဒုက္ခတရားသာ မှန်၏၊ သိအပ်တဲ့တရား မှတ်ပါ။ (သတိ)

လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ထိုဋ္ဌာန်လေးပါးနှင့် မွေရှင်း၍ ပြဆိုဦးအံ့၊ လျှာအကြည်သည် အရသာဟူသမ္မွေနှင့် ထိခိုက်ခြင်းငှါ ထိုက်တဲ့ မဟာဘုတ် ဓာတ်ကြီးလေးပါးတို့ အရှိန် ကြည်လင်ရတဲ့ သဘောမျှဘဲ ရှိခြင်း **လက္ခဏာ**၊ထိုအရသာ ဟူသမျှကို ဆွဲဆောင်ထမ်းရွက်နေရတဲ့ အကျိုးဘဲ လမ်းဆုံးရ ခြင်းကြောင့် **ရသ**၊ လျှာအသိ၏ တည်ရာဋ္ဌာနမှာသာ ဖြစ်ရတဲ့ အကျိုး အသိဘဲ လမ်းဆုံးရှိ၏ **ပစ္စုပဋ္ဌာန်**၊လျက်လိုတဲ့သဘော အရ အရှိန်စုတွင် ပါဝင်သည့် ဓာတ်ကြီးလေးပါးလျှင် နီးကပ် သော အကြောင်းကြောင့် ဖြစ်ရ၏ **ပဒဋ္ဌာန်**-ဟု သိကြပါ။

ရသာဘိဃာတာရဟဘူတပ္ပသာဒ လက္ခဏံ ၁-ပါး၊ရသေသု အာဝိဉ္ဆနရသံ ၂-ပါး၊ ဇိဝှါဝိညာဏဿ အာဓာရဘာဝ- ပစ္စုပဋ္ဌာနံ ၃-ပါး၊ သာယိတုကာမတာနိဒါနကမ္မဇဘူတပဒ- ဋ္ဌာနံ ၄-ပါး၊ ထိုလေးပါးကို ပါဠိဘာသာအားဖြင့်(ဋ္ဌာန်ဟု) ခေါ်ပါသည်။

### ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ရှင်းပြခြင်း

ကိုယ်ကာယနှင့် မာကြမ်း တွေ့ထိ နူးလုံးသွင်း ထိုသဘာဝ လေးတွဲ ပေါင်းဆုံမိလျှင် ထိသိမှုတခုသာ ဖြစ်လာ၍ သိကာ

မျှသဘော ရှိ၏၊ ၎င်းသိကာမျှ သဘောလက္ခဏာသည် တားမြစ်ကန့်ကွက်၍ မရခြင်းကို အကျိုးဒုက္ခဟု သိရမည်၊ အဗျာကတဝိပါက်စိတ်ဟု ခေါ်သည်၊ ဒါကို ပဋ္ဌာန်းပါဠိတော်၌ "ဖေါဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဟောတော်မူပါသည်၊ ပစ္စုပ္ပန်အာရုံသာ ဖြစ်နိုင်သည်၊ ၎င်းအာရုံသည် အကုသိုလ်စိတ် ကုသိုလ်စိတ် မလုပ်နိုင် မဖြစ်နိုင်သေး၊ အဝိဇ္ဇာ အတ္တ သမုဒယ မဖြစ်နိုင်သေး၊ အတ္တသညာ မခွါရ၊ အကျိုးဝိပါက်စိတ် ဒုက္ခတရားသာ မှန်၏။ သိအပ်တဲ့တရား မှတ်ပါ။ (သတိ)

လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ထိုဌာန်လေးပါးနှင့် မေ့ရှင်း၍ ပြဆိုဦးအံ့၊ ကိုယ်အကြည်သည် တွေ့ထိဟူသရွေ့နှင့် ထိခိုက်ခြင်းငှါ ထိုက်တဲ့ မဟာဘုတ် ဓာတ်ကြီးလေးပါးတို့ အရှိန် ကြည်လင်ရတဲ့ သဘောမျှဘဲ ရှိခြင်း **လက္ခဏာ**၊ထိုတွေ့ထိဟူသမျှကို ဆွဲဆောင် ထမ်းရွက်နေတဲ့ အကျိုးဘဲ လမ်းဆုံးရခြင်းကြောင့် **ရသ**၊ ကိုယ်အသိ၏ တည်ရာဌာနမှာသာ ဖြစ်တဲ့ အကျိုးအသိဘဲ လမ်းဆုံးရှိ၏ **ပစ္စုပဋ္ဌာန်**၊ တွေ့ထိလိုတဲ့ သဘော အရ အရှိန် စုတွင်ပါဝင်သည့် ဓာတ်ကြီး လေးပါးလျှင် နီးကပ်သော အကြောင်းကြောင့် ဖြစ်ရ၏ **ပဒဋ္ဌာန်** - ဟု သိကြပါ။

ဖေါဋ္ဌဗ္ဗာ ဘိဿတာရဟာဘူတပ္ပသာဒ လက္ခဏံ ၁-ပါး၊ ဖေါဋ္ဌဗ္ဗေသု အာဝိဥ္ဆနရသံ ၂-ပါး၊ကာယဝိညာဏဿအာဓာရ

ဘာဝပစ္စုပ္ပဌာန် ၃-ပါး၊ ဖုဿိတုကာမတာနိဒါနကမ္မဇဘူတ ပဒဋ္ဌာန် ၄-ပါး၊ထိုလေးပါးကို ပါဠိဘာသာအားဖြင့်(ဌာန်ဟု) ခေါ်ပါသည်။

## မနောနှင့် ဓမ္မာရုံရှင်းပြခြင်း

နှလုံးသွေးနဲ့ ဘဝင်စိတ် အာရုံ နှလုံးသွင်း ထိုသဘာဝလေး တွဲပေါင်းဆုံမိလျှင် သိမှုတခုသာ ဖြစ်၍ သိကာမျှသဘောရှိ၏၊ ၎င်းသိကာမျှ ခဏသည် တားမြစ်ကန့်ကွက်၍ မရခြင်းကို အကျိုးဒုက္ခဟု သိရမည်၊ အဗျာကတဝိပါက်စိတ် ခေါ်သည်၊ ဒါကို ပဋ္ဌာန်းပါဠိတော်၌ "သဗ္ဗေ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဟောတော်မူပါသည်။ (သတိ ပြုပါ)

ထိုသိကာမျှခဏတ္တယသည် ပစ္စုပ္ပန်အာရုံသာဖြစ်နိုင်သည်၊ ၎င်းပစ္စုပ္ပန် အာရုံသိမှု မနောဝိညာဏ်သည် အကုသိုလ်စိတ် ကုသိုလ်စိတ် မလုပ်နိုင် မဖြစ်နိုင်သေး၊ အဝိဇ္ဇာ အတ္တ သမုဒယ မဖြစ်နိုင်သေး၊ အတ္တသညာ မခွါရ၊ အကျိုး ဝိပါက်စိတ် ဒုက္ခ တရားသာ မှန်၏။ (သိအပ်တဲ့တရား မှတ်ပါ)

လက္ခဏ ရသ ပစ္စုပ္ပဌာန် ပဒဋ္ဌာန် ထိုဌာန်လေးပါးနှင့် မွေ့ ရှင်း၍ ပြဆိုပါဦးအံ့၊ မနောအကြည်သည် မနောဓာတ် မနော ဝိညာဏဓာတ်လို့ အမည်မှည့်ခဲ့ရတဲ့ သဘောတို့သည် မဟာ ဘုတ်ကြီးလေးပါးတို့ အရှိန်ကြည်လင်ရတဲ့ သဘောမျှဘဲရှိခြင်း

**လက္ခဏာ**၊ မနောဓာတ်မနောဝိညာဏဓာတ်တို့ရဲ့ လုပ်ငန်းကိစ္စ၏၊ **တနည်းကား** သိမှုဟူသမျှ ဆွဲဆောင်ထမ်းရွက်နေရတဲ့ အကျိုးဘဲလမ်းဆုံးရခြင်းကြောင့် **ရသ**၊ ထောက်ခံနေရတဲ့ အကျိုးဘဝင်အသိ၏တည်ရာ ဌာနမှာသာဖြစ်ရတဲ့အကျိုးဘဲရှိတဲ့ **ပစ္စုပဋ္ဌာန်**၊သိလိုတဲ့သဘောအရ တဆယ့်သုံးပါးသော ကမ္မဇသတ္တိအရှိန်တို့ နှိုးကပ်မှု အကြောင်းကြောင့် ဖြစ်ရတဲ့ **ပဒဋ္ဌာန်**- ဟု သိကြပါ။

မနောဓာတုမနောဝိညာဏဓာတူနံ နိဿယလက္ခဏံ၁-ပါး၊ တာသညေဝ ဓာတူနံ အာဓာရဏရသံ ၂-ပါး၊ဥဗ္ဗဟနပစ္စုပဋ္ဌာနံ ၃-ပါး၊ ကမ္မဇဘူတပဒဋ္ဌာနံ ၄-ပါး၊ ထိုလေးပါးကို ပါဠိဘာသာအားဖြင့် (ဋ္ဌာန်ဟု) ခေါ်ပါသည်။

ထိုပြဆိုခဲ့သော သဘာဝလေးတွဲနှင့်ဂုင်း၊ ဋ္ဌာန်လေးပါးနှင့်ဂုင်း မွေရှင်းပြသော စက္ခု-မျက်စိအပေါ်ဂုင်း၊ သောတ-နားအပေါ်ဂုင်း၊ ဃာန-နှာခေါင်းအပေါ်ဂုင်း၊ ဇိဝှါ-လျှာအပေါ်ဂုင်း၊ ကာယ-ကိုယ်အပေါ်ဂုင်း၊ မန-မနောဝိညာဏ်အပေါ်ဂုင်း၊ ထိုခြောက်ဌာနသည် ခန္ဓာအားဖြင့် ငါးပါး၊ အာယတနအားဖြင့် တဆယ့်နှစ်ပါး၊ ဓာတ်အားဖြင့်တဆယ့်ရှစ်ပါး၊ ရုပ်နာမ်အားဖြင့် နှစ်ပါး၊ ဘုံဘဝ ကြုံတိုးရသော သစ္စာအားဖြင့် ဒုက္ခသစ္စာတပါး၊ သိအပ် ပိုင်းခြားအပ်သော တရားသာ ဖြစ်ပါသည်၊ အတ္တသညာ မရှိ၊ ခွါ၍လည်း မရပါ၊ အဝိဇ္ဇာ- အတ္တ

သမုဒယသစ္စာလည်း မထိုက်ပါ၊ သတိပြု၊ သစ္စာလေးပါးတို့သည် အကြောင်း အကျိုးအားဖြင့် နှစ်ပါးသာရှိ၏၊ သမုဒယသစ္စာ အကြောင်းတရားကြောင့် ဒုက္ခသစ္စာ အကျိုး ဖြစ်ပေါ်လာရ၏၊ ၎င်း သစ္စာနှစ်ပါးသည် လောကီသစ္စာ ဟု သတိပြု၊ (အထူးကား သတိပြု) လောကီ သမုဒယသစ္စာ အကြောင်းကိုတွေ့ရှိမှ လောကုတ္တရာ မဂ္ဂသစ္စာ အကြောင်းတရား ဖြစ်၍ပွားနိုင်၏၊ **တနည်းကား** သမုဒယ သစ္စာ အကြောင်းသည် ပယ်အပ်သော တရားမှတ်ပါ၊ မဂ္ဂသစ္စာ အကြောင်းသည် ပယ်တတ်သောတရားဟု မှတ်ပါ။ (သတိပြုပါ)

ထို့ကြောင့် လောကီနယ်က အကြောင်းအကျိုး နှစ်ဌာနကို ဉာဏ်ဝမှာ သိရှိပြီးမှ လောကီနယ်အကြောင်းကို မဂ်ပညာအကြောင်းနှင့်သတ်မှ လောကီနယ်က အကျိုးမြင်သည်၊လောကုတ္တရာအကျိုးကို မြင်နိုင်သည်၊ လောကုတ္တရာ အကျိုးသစ္စာကို နိရောဓသစ္စာ(သစ္ဆိကာတဗ္ဗ) ဟု ဟောတော်မူပါသည်၊ ထိုမှတပါး အထူးစကားကား သောတာပန် ပုဂ္ဂိုလ်တို့သည် အကျိုးဖြစ်သော နာမ ရူပ ပရိစ္ဆေဒဉာဏ်ကိုရမှ နာမ် ရုပ်တို့၏အကြောင်းတရားကို သိမ်းဆည်းနိုင်၏၊ အကြောင်းတရား သိမ်းဆည်းနိုင်ခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ် ရသည်ဟု ဟောတော်မူပါသည်၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အကြောင်းတရားမှတ်၊ သိမ်းဆည်းနိုင်ခြင်း ပယ်နိုင်ခြင်းကို ရှေးဦးစွာ ကြောင်းကျိုးနှစ်တန် ကွဲအောင် တရားရှာပါ။

သီဟသမာနဝုတ္တိနော ဟိ တထာဂတာ၊
သုဝါနဝုတ္တိနော ပန အညတိတ္ထိယာ။
သမ္မောဟအဋ္ဌကထာ ကြည့်ပါ။

**အနက်ကား** ဟိ၊ မှန်လှပါပေ၏။ တထာဂတာ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တို့သည်။ သီဟသမာ-နဝုတ္တိနော၊ တောသုံးထောင်၌ အစိုးရသော ခြင်္သေ့မင်းနှင့် တူသော အကျင့်လည်း ရှိတော်မူကုန်၏။ အညတိတ္ထိယာ ပန၊ သာသနာတော်မှ အပ အယူရှိသော တိတ္ထိတို့သည်ကား။ သုဝါနဝုတ္တိနော၊ အကြောင်းကိုမရှာ ခွေးနှင့်သာတူသော အကျင့်သဘောလည်း ရှိပါကုန်၏။ (သတိပြု)

## အဓိပ္ပါယ်ကား

တောဝလေ့နှင့် ပျော်မွေ့သော ခြင်္သေ့မင်းတို့၏ သဘောကား မုဆိုး မြှားနှင့်ပစ်သည်ရှိသော် အကျိုးဖြစ်သောမြှားကို လုံ့လမပြု ဂရုမမူ၊ အကြောင်းဖြစ်သော မုဆိုး လေးသမား၌သာ လုံ့လပြု ဂရုမူကုန်၏၊ ဤသို့ လုံ့လပြု ဂရုမူခြင်းကား နောက်တဖန် အကျိုး မြှားမှန်ခြင်းမှ လွတ်ခွင့် ရခြင်းကြောင့် ကောင်းသော ပြုကျင့်မှု ဂရုမူခြင်းတည်း၊ ခွေးတို့သဘောကား အုတ်ခဲနှင့်ပစ်သည်ရှိသော် အကျိုးဖြစ်သော အုတ်ခဲကိုသာ လိုက်၍ ကိုက်ကုန်၏၊ အကြောင်းဖြစ်သော အုတ်ခဲပစ်သူကို လုံ့လမပြု ဂရုမမူခြင်းကြောင့် နောက်တဖန် အုတ်ခဲမှန်လေ

သည့် မကောင်းသော လုံ့လပြုခြင်းတည်း၊ ဤဆိုအပ်ခဲ့ပြီးသော ဉပမာပြ ဒေသနာရအတိုင်း ဒုက္ခသစ္စာ အကျိုး၏ အကြောင်းဖြစ်သော သမုဒယသစ္စာ၊ ဝါ-တဏှာသုံးပါးကိုသာ သီလ, သမာဓိ, ပညာ ဟူသော မဂ်အကျင့်ဖြင့် ပယ်ရှားချိုးဖျက်သည်ရှိသော် အကြောင်းသမုဒယတဏှာ ပြတ်ရကား အကျိုးဒုက္ခ လက်စသတ်၍ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကို မြင်စွမ်းနိုင်သည်ဟု အမြဲမှတ်။

ထို့ကြောင့် တရားရှာကြသော လူ ရှင် ရဟန်းတို့သည် ခန္ဓာဒွယကိုငင်း၊ ပဉ္စက္ခန္ဓာနှင့် ပဉ္စုပါဒါနက္ခန္ဓာကိုငင်း၊အဇ္ဈတ္တခန္ဓာနှင့် သာသဝခန္ဓာကိုငင်း၊ ဘုံဘဝ ကြုံရတဲ့ ရုပ်နာမ်နှင့် ဓမ္မအားဖြင့် မရုပ်မနာမ် ဖြစ်ပျက်နေသော နာမ်ရုပ်ကိုငင်း၊ ထိုဒွယ-ဒွယနှစ်ဌာနကို သဘာဝအတိုင်း မြင်စွမ်းနိုင်မှသာလျှင် ရူပနာမ-နာမရူပပရိစ္ဆေဒဉာဏ်ကို ရသဖြင့် ရုပ်နာမ်တို့၏ နာမ်ရုပ်တို့၏ အကြောင်းကို သိ၍၊ ဝါ- **တနည်းကား** သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသဟု အသမုတ်ခံရသော အကြောင်းတရားများကို သိမ်းဆည်း ဖျက်ချိုး၍ မဂ်ဖိုလ်ဖြစ်ခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဟောတော်မူခြင်းကြောင့်တည်း။ (သတိပြုပါ)

### ခန္ဓဒွယ ယုဂနဒ္ဓ

ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ထိုခန္ဓာငါးပါး ရုပ်-နာမ်နှစ်ပါး

တို့သည် အဗျာကတခန္ဓာ ခေါ်ပါသည်၊ သတ္တ ဇီဝ ပုဂ္ဂလဟု ဘုံအားဖြင့် ကာမ ၁၁-ဘုံ၊ ရူပ ၁၅-ဘုံ ပေါင်း ၂၆-ဘုံမှာ အစုံရှိ၏ဟု ဟောထားပါသည်၊ ၎င်း ၂၆-ဘုံထဲမှာ အပါ အဝင်ဖြစ်သော ယောကျ်ား မိန်းမ ခန္ဓာအပေါင်းအစုတို့သည် ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါး ထောက် ပံ့သမျှ ကာလပတ်လုံး သမ္မုတိသေခြင်းသို့ မရောက်ကြသေး ပါသတိပြု၊ အပ္ပဋိစ္ဆန္န ဘုံဘဝ ဒုက္ခသစ္စာ အဒ္ဓါန ပစ္စုပ္ပန်ဖြစ် ပါသည်၊ ထိုအဒ္ဓါန ပစ္စုပ္ပန်၌ သတ္တ ဇီဝ ပုဂ္ဂလ ယောကျ်ား မိန်းမတို့၏ သဘာဝ လက္ခဏာ ထင်ရှားခြင်းကိုလည်း သတိပြုပါ။

## ဣတ္ထိဘာဝရုပ်

ဣတ္ထိဘာဝလက္ခဏံ ၁-ပါး၊ ဣတ္ထိပကာသနရသံ ၂-ပါး၊ ဣတ္ထိလိင်္ဂနိမိတ္တ ကုတ္တာကပ္ပါနံ ကရဏဘာဝပစ္စုပဋ္ဌာနံ ၃-ပါး၊ ကမ္မဇပဒဋ္ဌာနံ ၄-ပါး၊ ၎င်းလေးပါးကို ပါဠိဘာသာအား ဖြင့်(ဋ္ဌာန်ဟု) ခေါ်ပါသည်။

မြန်မာလို ဋ္ဌာန်လေးပါး ဆိုဦးအံ့၊ အသမုတ်ခံရတဲ့ မိန်းမ ထင်ရှားခြင်းသဘောရှိ၏ **လက္ခဏ**၊ မိန်းမဖြစ်ကြောင်း အမူ အရာကို ပေါ်လွင်ထင်ရှားစေတဲ့ ကိစ္စရှိ၏ **ရသ**၊ မိန်းမအသွင် အပြင် အသွားအလာ အဆို အပြော အရိပ် နိမိတ် ပုံသဏ္ဌာန် တို့ကို ဖော်ပြခြင်း အကျိုးရှိ၏ **ပစ္စုပဋ္ဌာန်**၊ နိုးစွာသောကံဟု

ဆိုအပ်သော အရှိန် အကြောင်းကြောင့် ဖြစ်ရ၏ **ပဒဋ္ဌာန်**၊ ၎င်းဋ္ဌာန်လေးပါးနှင့် မွေ့ရှင်းသော်လည်း အကျိုး ပရမတ်သဘော ပြောင်းလွှဲခြင်းကို မရသဖြင့် အတ္တသညာ မရှိသဖြင့် အတ္တသညာခွါရမည့် ဌာနမဟုတ်။ (သတိပြု)

## ပုရိသဘာဝရုပ်

ပုရိသဘာဝလက္ခဏာ ၁-ပါး၊ ပုရိသောတိ ပကာသနရသံ ၂-ပါး၊ ပုရိသလိင်္ဂနိမိတ္တ ကုတ္တာကပ္ပါနံ ကရဏဘာဝပစ္စုပဋ္ဌာနံ ၃-ပါး၊ ကမ္မဇပဒဋ္ဌာနံ ၄-ပါး၊ ၎င်းလေးပါးကို ပါဠိဘာသာအားဖြင့် (ဋ္ဌာန်ဟု) ခေါ်ပါသည်။

မြန်မာလို ဋ္ဌာန်လေးပါးကို ဆိုဦးအံ့။ အသမုတ်ခံရတဲ့ ယောကျ်ား ထင်ရှားခြင်း သဘောရှိ၏ **လက္ခဏာ**၊ ယောကျ်ား ဖြစ်ကြောင်း အမူအရာကို ပေါ်လွင်ထင်ရှားတဲ့ ကိစ္စရှိ၏ **ရသ**၊ ယောကျ်ား၏ အဆိုအပြော အသွား အလာ အလုပ် အကိုင် အသွင် အပြင်ဖြစ်တဲ့ ပုံသဏ္ဌာန် အရိပ် နိမိတ်တို့ကို ဖေါ်ပြတဲ့ အကျိုးရှိ၏ **ပစ္စုပဋ္ဌာန်**၊ နိုးစွာ သော ကံ-ဟု ဆိုအပ်သော အရှိန်အကြောင်းကြောင့် ဖြစ်ရ၏ **ပဒဋ္ဌာန်**၊ ၎င်းဋ္ဌာန်လေးပါးနှင့် မွေ့ရှင်းသော်လည်း အကျိုးပရမတ်သဘော ပြောင်းလွှဲခြင်းကို မရသရွေ့ အတ္တသညာမရှိသဖြင့် အတ္တသညာ ခွါရမည့် ဌာနမဟုတ်။ (သတိပြု)

(ဘုံဘဝ အကျိုး အတ္တလောက)

## ဥပါဒါနက္ခန္ဓာ ၅-ပါး

ပဉ္စုပါဒါနက္ခန္ဓာ ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ ထိုခန္ဓာငါးပါး နာမ် ရုပ်နှစ်ပါးတို့သည် သဘာဝခန္ဓာ ခေါ်ပါသည်၊ ၎င်းခန္ဓာ နာမ် ရုပ်နှစ်ပါးသည် နိသတ္တ နိဇ္ဇီဝ နပုဂ္ဂလဟု ဥပါဒါနိယ ဓမ္မအားဖြင့် ဟောထားခြင်းကို တရားရှာသူ သတိပြု။

၎င်းခန္ဓာငါးပါး နာမ် ရုပ်တရားသည် အဝိဇ္ဇာ တဏှာ သင်္ခါရဝိညာဏ်-ဟူသော အကြောင်းတရားလေးပါး ထောက်ပံ့၍ ဖြစ်ပျက်နေသည်ကို သမယ သေခြင်းသို့ ရောက်ကြလေကုန်၏ သတိပြုပါ၊ ပဋိစ္စသမုပ္ပါဒ်ကို သမယပစ္စုပ္ပန် သတိရခြင်းငှါ သေသေချာချာ ဘတ်ပါ, စဉ်းစားပါ, ဆရာရှာ၍ မေးပါ၊ လူ နတ် မဟုတ် ဓာတ်မှန်ရုပ်ကို ဝရဇိန်ဉာဏ်သွား သတိထားလျှင် သိပြီးခန္ဓာ ကံသင်္ခါရ ဖြစ်ကာ ပျက်ကာ သဘာဝတရား အလှေ့ပေါက်များ သတိပြု၊ ပရိကံ မှန်မှ မြင်စွမ်းနိုင်မည်၊ ပရိကံ လုပ်ငန်းနှင့် တိကျစွာပြနိုင်သော ဆရာမှန် ရှာမှရှား(သတိ) ၎င်း ခန္ဓာငါးပါး သဘာဝတရားသည် လူ နတ် မရှိ၊ သင်္ခါရလောက ကမ္မဌ္ဌေ။

ဤကဲ့သို့ ဘုံဘဝအရှိ ခန္ဓာနှင့်အပြီ ခန္ဓာကို တခုတခြား ကွဲကွဲခြားခြား ဟောထားပါသည်၊ အဇ္ဈာကတခန္ဓာနှင့်

သာသဝခန္ဓာကို တခုစီ တခုစီ ဟောထားပါသည်၊ အထူး ထား၍ သာသဝ ခန္ဓာငါးပါးကိုသာ ဥပါဒါနိယအားဖြင့် ဟောထားပါလျက်နှင့် အရှင်သာရိပုတ္တရာ မထေရ်ကြီး၏ တပည့်ဖြစ်သော သာတိရဟန်းသည် ဝိညာဏ်ဒွယ ခန္ဓာဒွယ မကွဲခြား၍ မသိမှားနေသဖြင့် ဘုရားရှင်သည် မူလပဏ္ဏာသ ပါဠိတော်၌ သာသဝခန္ဓာ ဝိညာဏ်ကို ဤကဲ့သို့ ဟောကြား ဆုံးမပါသည်။ (လူ ရှင် ရဟန်း ဝိညာဏ်ခွဲကို သတိပြု)

ပဋိစ္စသမုပ္ပန္နံ ဝိညာဏံ ဝုတ္တံ မယာ။
အညတြ ပစ္စယာ နတ္ထိ ဝိညာဏဿ သမ္ဘဝေါ။

မူလပဏ္ဏာသ ပါဠိတော်။

အနက်ကား သာတိ၊သံသရာ အမှုသွယ်ကို သင်ဘယ်တင်း ရှုပါသလဲ အို-ချစ်သား သာတိ။ ပဋိစ္စသမုပ္ပန္နံ၊ ပဋိစ္စသမုပ္ပန္န ဖြစ်သော။ဝိညာဏံ၊ ဝိညာဏုပါဒါနက္ခန္ဓာ-ဟူသော ဝိညာဏ် ကိုသာလျှင်။ မယာ၊ ငါဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူပါ ၏။ ပစ္စယာ၊ အဝိဇ္ဇာ တဏှာ သင်္ခါရ ဝိညာဏ် ဟူသော အကြောင်းတရား လေးပါးကို။အညတြ ထပေတွာ၊ကြဉ်ထား ၍။ ဝိညာဏဿ၊ ပဋိစ္စသမုပ္ပါဒ ဖြစ်သော ဝိညာဏ်၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိဟု ဟောကြား ဆုံးမပါ သည်၊ထိုမျှမက မဇ္ဈိမနိကာယ် မဟာတဏှာသင်္ခယ သုတ်တော် မှာလည်း ထိုသာတိရဟန်း ဝိညာဏ် အမှတ်မှားသဖြင့်

ဝိညာဏ်ဒွယ မသိသဖြင့် ဘုရားဆုံးမထားပါသည်၊ ထိုမျှမက နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာလည်း ဗကဗြဟ္မာကြီး ဝိညာဏ်ကို ကွဲကွဲခြားခြား မသိနိုင်သဖြင့် ဘုရားရှင် မိန့်မြွက်တော်မူသည်ကိုလည်း ကြည့်ကြပါ၊ ဤကဲ့သို့ ဒေသနာတော် ရှိပါလျက်နှင့် ယခုအခါ တရားရှာသော လူ ရှင် ရဟန်းတို့သည် ဝိညာဏ်ဒွယ ခန္ဓာဒွယကို တိတိကျကျ သိစွမ်းနိုင်သော အသိညာဏ် မရှိကြလျှင် ဝိညာဏ်ချုပ် တရားမဖြစ်၊ခန္ဓာချုပ်တရားမဖြစ်၊ဝိညာဏ်ခန္ဓာ မချုပ်လျှင် ခန္ဓ ဝိမုတ္တိတရားမတွေ့၊ ခန္ဓဝိမုတ္တိတရား မတွေ့လျှင် လောကုတ္တရာတရား မဖြစ်နိုင်ပါ။ (သတိ)

ထိုအရှင်သာတိရဟန်းသည် မိမိအပေါ်၌ ဝိညာဏ်ဒွယ ကွဲကွဲခြားခြား မသိ၍ မှားသော မိစ္ဆာဒိဋ္ဌိ အယူဝါဒကို မစွန့်မပစ်ဘဲနှင့်သာ မြတ်စွာဘုရားကိုပင် ငြင်းပယ်၍ နေလေ၏၊ ထိုအခါ ဆရာဖြစ်သော ရှင်သာရိပုတ္တရာ မထေရ်ကြီးသည် မိမိတပည့်ဖြစ်သော သာတိရဟန်းကို ဆုံးမ ဟောကြားလေ၏၊ ငါ့သျှင်သာတိ အစိန္တေယျ သုံးလူ့ထွတ်တင် ဘုရားရှင်ဖြစ်တော်မူသော မြတ်စွာဘုရားကို မှားသောမိစ္ဆာအယူဖြင့် မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားကို ဤကဲ့သို့ စွပ်စွဲခြင်းသည် မသင့် မှားသည်၊ ထပ်၍သာပင် မှားလေ၏တဲ့၊ ထို့ကြောင့် ဤမိစ္ဆာဒိဋ္ဌိ အယူမှားကို စွန့်ပစ်ပါလော့၊ ရှင်တော်မြတ်ဘုရားကို မစွပ်စွဲနှင့်ဟု အလွန် သနားခြင်း ကရုဏာတော်ဖြင့်

ရှင်သာရိပုတ္တရာ မထေရ်ကြီးသည် သာတိရဟန်းကို ဆုံးမတော်မူလေ၏၊ ဤကဲ့သို့ ဆရာဖြစ်တော်မူသော ရှင်သာရိပုတ္တရာ မထေရ်ကြီး ဆုံးမပါသော်လည်း မှားသောအယူကို ပယ်စွန့်ပစ်ခြင်းငှါ မတတ်နိုင်၍ မခွါမစွန့်ဘဲနှင့်သာ နေပြန်လေ၏။ (သတိပြု ဘတ်ပါ)

ဤလောကကြီးထဲ၌ တစုံတယောက်သောသူသည် မိမိအယူတခုကို စွဲယူထားသည်ရှိသော် ထိုစွဲယူထားသော အယူကို မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ပယ်စွန့်ခြင်းငှါ မစွမ်းနိုင်၊ ဘုရား, ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့ဒေသာ်မှ မှားသည်ကို ပယ်စွန့်စေခြင်းငှါ မစွမ်းနိုင်၊ ဘုရား ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့နှင့် ကြုံတွေ့သော်လည်း ထိုဘုရား ရဟန္တာတို့၏ သစ္စာလေးတန်မြတ်ဓမ္မခံ တရားတော်ကို ကြားနာရသော်လည်း မိမိနောက်က စွဲယူခဲ့သော အယူကို စွန့်လွှတ်ခြင်းငှါ အလွန်ပင် ဝန်လေးခဲယဉ်းကုန်၏၊ အဘယ်မျှလောက် ခဲယဉ်းပါသနည်းဆိုသော် အလွန်ဆင်းရဲလှသော အပါယ်ငရဲ ဒုက္ခကြီးကိုပင် အနှိပ်စက်အညှဉ်းပန်း အကျခံ၍ မှားသောအယူကို မစွန့်နိုင်ဘဲနှင့်သာ အမြဲနေလေ့ ရှိတတ်၏၊ ထို့ကြောင့် ယခုအခါကာလ၌ တရားရှာသော လူ ရှင် ရဟန်းတို့သည် ဆရာမှန် ဆရာမြတ်နှင့် တွေ့သော်လည်း မိမိတို့၏ အစွဲအယူကို မစွန့်လွှတ် မပယ်နိုင်လျှင် ဆရာမှန် ဆရာမြတ်၏ဉာဏ်ကို ကိုယ်မပိုင်၊ ဆရာ့ပညာလည်း မိမိမရ၊အထူးသဖြင့် သတိချပ်အပ်၏။

ဤကဲ့သို့ ဝိညာဏ်ဒွယ ရှိသည်ကို ခွဲခြား၍ ပြဆိုအံ့။

၁။ ပကတိ ပရိသုဒ္ဓဝိညာဏ်သည် ဥပါဒ် ဌီ ဘင်ခဏငယ် သုံးချက်နှင့် တကွသော စိတ်ဝိညာဏ်တည်း၊ခြောက်ပါးသော ဝတ္ထုရုပ်ကိုမှီ၍ ပဥ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံမှာ သတ္တ ဇီဝ ပုဂ္ဂလဟု ဟော၏၊ ပကတိ ပရိသုဒ္ဓ ဝိညာဏဋ္ဌိတိ ပရမတ္ထ ဖြစ်သော စိတ်ဝိညာဏ်သည် သန့်ရှင်းစင်ကြယ်၍ သံသရာ ဟူသော ပဋိစ္စသမုပ္ပါဒ်ထဲသို့ မပါမဝင်၊ပဋိစ္စသမုပ္ပါဒ်ထဲသွင်း၍ ခန္ဓာ အာယတန ဓာတ် သစ္စာ မဖွဲ့အပ်၊ ထိုဝိညာဏ်ကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "ပကတိ ပရိသုဒ္ဓ မိဒံ စိတ္တံ" ဟူ၍ ၎င်း၊ ဝိညာဏဋ္ဌိတိ ဟူ၍၎င်း ဟော၏၊ ပစ္စယုပ္ပန်တရားဟူ၍ ဟောထားပါသေးသည်။

၂။ ဓမ္မာရုံ ပရမတ္ထဖြစ်သော ဝိညာဏ်ကား သမုဒယ အစရှိသော ပဋိစ္စသမုပ္ပါဒ ပဋိသမုပ္ပန္န-ဟူသော ဥပါဒါနက္ခန္ဓာ သံသရာဟု ဟောတော်မူ၏၊ ထိုစိတ်ဝိညာဏ်ဟူသော ပဋိစ္စ-သမုပ္ပါဒ သံသရာကြီးသည် ဥစ္ဆေဒဒိဋ္ဌိဖြင့် ရှေ့သို့ ပြေးသွားတတ်သောကြောင့် သန္ဓာဝတိ-ဟူ၍ ဟောတော်မူ၏၊သဿတ-ဒိဋ္ဌိဖြင့် နောက်သို့ဆုတ်၍ တွန့်ကာ တွန့်ကာ နေတတ်သောကြောင့် သံသရတိ-ဟု ဟောတော်မူ၏၊ ထိုသံသရာကျင်လည်သော ဓမ္မာရုံဖြစ်သော စိတ် ဝိညာဏ်သည် နိဿတ္တ နိဇ္ဇီဝ မရှိသောကြောင့် သမုဒယော နတ္ထိ-ဟု ဟောတော်မူ၏၊ ဤ

ဥပါဒါနက္ခန္ဓာ စိတ်ဝိညာဏ်သည် မိစ္ဆာသက်ပ္ပ မိစ္ဆာဝိတက် ကြိုးစုံယှက်သဖြင့် အဇ္ဈတ္တသန္တာန် ဖြစ်ခြင်းကို သတိပြု။

ထိုမိစ္ဆာဝိတက် အဝိဇ္ဇာ တဏှာ အမြစ်နှစ်ချက်ကို ပယ်ရှား သုတ်သင်နိုင်ခြင်းငှါ သပ္ပုရိသအလောင်း သူတော်ကောင်း တို့သည် ဒိဋ္ဌဗုဒ္ဓ သုတဗုဒ္ဓ ဘုရားတည်းဟူသော ဆရာကောင်း ဆရာမြတ်ကိုသာလျှင် အမြဲမပြတ် ရှာမှီး၍ နေတော်မူကြကုန် ၏၊ ထိုအဝိဇ္ဇာ တဏှာကိုရင်း၊ ဝိစိကိစ္ဆာ ဒိဋ္ဌိကိုရင်း၊ ပယ်ချ နိုင်သော ပညာရမှသာလျှင် ဝိညာဏ်ချုပ် နာမ်ရုပ်ချုပ် အာယတနချုပ် ဝေဒနာချုပ် ဖြစ်၍ နိရောဓသစ္စာထိုက်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဟု သတိပြု၊ ပုထုဇဉ်ဘဝ အသိ မျှနှင့် အမြဲ ဖြစ်ပေါ်နေသော မှားသော မိစ္ဆာဝိတက်နှင့် ယှဉ်တွဲနေသော စိတ်ဝိညာဏ်ဟု မသိနိုင်ကုန် မဖြစ်နိုင်ကုန်ဟု ဟောတော်မူသော ဒေသနာတော် များစွာရှိသဖြင့် သတိပြု၊ မဟာနိဒ္ဒေသ ပါဠိတော်၌လည်း ပုထုဇဉ်ဟူသမျှ မသိ မမြင် နိုင် မစွန့်နိုင်ဟု ဟောတော်မူပါသည်။

ဩသာနေတွေဝ ဗျာရုဒ္ဓေ၊ ဒိသွာ မေ အရတိ အဟု။
အတ္တေတ္ထသလ္လမဒက္ခိံ၊ ဒုဒ္ဒသံ ဟဒယဿိတံ။

မဟာနိဒ္ဒေသပါဠိတော်။

အနက်ကား ဩသာနေတွေဝ၊ ပဋိစ္စသမုပ္ပါဒ ပဋိစ္စ- သမုပ္ပန္န အဆုံး ကြီးစွာသောဒုက္ခနှင့် တွေ့ကြုံ၍။ ဗျာရုဒ္ဓေ၊

ဆန့်ကျင်၍ နေသော သတ္တဝါတို့ကို။ ဒိသွာ၊ မြင်တော်မူခြင်း ကြောင့်။ မေ၊ ငါဘုရား၏။ အရတိ၊ ငြီးငွေ့ခြင်းသည်။ အဟု၊ ဖြစ်တော်မူပြီ။ ဧတ္ထ၊ ဤပုထုဇဉ်အပေါင်း ပုဂ္ဂိုလ် အကြောင်းတို့၌။ ဟဒယဿိတံ၊ နှလုံးသားကို မှီတွယ်၍ နေသော။ ဒုဒ္ဒသံ၊ အလွန့်အလွန် မြင်နိုင်ခဲသော။ အတ္တိသလ္လံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ဒိဋ္ဌံ၊ ဝိစိကိစ္ဆာတည်းဟူ မြှားတန်းလန်းကြီးကို။ အဒက္ခိံ၊ ငါဘုရား မြင်တော်မူပြီဟု ဟောတော်မူခြင်းကိုလည်း သတိပြု။

ဤသို့ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဟူသော သံသရာကြီး ထဲ၌ ဥပါဒါနက္ခန္ဓာဟူသော ဘေးကို အကြီးဆုံးထား၍ ဟောတော်မူ၏၊ထို့ကြောင့် တရားရှာကြသော လူ ရှင် ရဟန်း တို့သည် ခန္ဓာ အာယတန ဓာတ် သစ္စာဖွဲ့၍ ဟောတော် မူသော ဒေသနာတော်နှင့်အညီ မိမိတို့ အားထုတ်တဲ့ သမာဓိ အစွမ်းဖြင့် ယောဂီသူမွန် လူရည်ချွန်တို့၏ ဉာဏ်ဝမှာ၊ ဝါ- **တနည်းကား** အသိဉာဏ်ဝမှာ ခန္ဓာ အာယတန ဓာတ် သစ္စာ ကွဲခြားမှသာ ဉာတပရိညေယျစခန်း ရောက်လေ၏၊ **တနည်းကား** ရုပ်နာမ်နှင့် နာမ်ရုပ် ကွဲကွဲခြားခြား မြင်မှရင်း၊ **တနည်းကား** နာမ်ရုပ်ဟု အသမုတ်ခံရသော ဥပါဒါနက္ခန္ဓာကို မြင်မှသာလျှင် ဝိပဿနာစခန်းသို့ရောက်ကြ၏ဟုမှတ်၊ယင်းခန္ဓာ အာယတန ဓာတ် သစ္စာ ကွဲမှသာလျှင် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ဖြစ်နိုင်မည်ဟု မှတ်။

ဤအဝိဇ္ဇာ အစရှိသော တဆယ့်နှစ်ပါး အင်္ဂါအားဖြင့် ဟောကြားသော တရားတော်တို့သည် ပဋိစ္စသမုပ္ပါဒ အမည် ရင်း၊ ဥပ္ပါဒ အမည်ရင်း၊ နိမိတ္တဟူသော အမည်ရင်း၊ သညောဂ အမည်ရင်း၊ပလိဗောဓအမည်ရင်း၊ဟေတု အမည်ရင်း၊သမုဒယ အမည်ရင်း၊ ပစ္စယအမည်ရင်း ဤအမည်နာမတို့ဖြင့် ဓမ္မဋ္ဌိတိ ပြု၍ ဟောတော်မူ၏၊ထိုပဋိစ္စသမုပ္ပါဒ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ချုပ်ပျက်သွားသည်ကို ပဋိစ္စသမုပ္ပန္န အနိစ္စဓမ္မ ဟူ၍ရင်း၊ နိရောဓဓမ္မ ဟူ၍ရင်း၊ သပ္ပစ္စယဓမ္မ ဟူ၍ရင်း၊ ဇာတ ဘူတ ကတ သင်္ခတ ဟူ၍ရင်း သုံးသပ်ဆင်ခြင်၍ ဝေဒနာနှင့် တဏှာ အလယ်ကြားက ထွက်မှသာလျှင် မဇ္ဈိမပဋိပဒါ အကျင့် ခေါ်သည်၊ သုံးသပ်ဆင်ခြင်၍ ပစ္စုပ္ပန်အကျိုး ဝေဒနာ ကို ပိုင်းခြား၍ ပစ္စုပ္ပန် တဏှာကို မဂ်ပညာဖြင့် ပယ်ရ၏၊ ပယ်တတ်သော ပညာပေးနိုင်သော ဆရာအစဉ်အဆက် သတိ ပြုရှာကြပါ။ (သတိ)

ထိုပဋိစ္စသမုပ္ပါဒ အင်္ဂါအားဖြင့် တဆယ့်နှစ်ပါး သံသရာ စက်ရဟတ် တရားသည် နှစ်ဆယ်သောခြင်းရာ အမည်ရှိ၏၊ အလှည့်အားဖြင့် လေးလှည့် အမည်ရှိ၏၊ အစပ်အားဖြင့် သုံးစပ် အမည်ရှိ၏၊ အခွန့်အားဖြင့် သုံးခွန့် အမည်ရှိ၏၊ ဝဋ္ဋအားဖြင့် သုံးပါး အမည်ရှိ၏၊ မူလအားဖြင့် နှစ်ပါး အမည်ရှိ၏၊ ကာလ အားဖြင့် သုံးပါး အမည်ရှိ၏၊ ဌာနအားဖြင့် တဆယ့်တဌာန အမည်ရှိ၏၊ သစ္စာအားဖြင့် နှစ်ပါး အမည်ရှိ၏၊ အကြောင်း

အကျိုးအားဖြင့် နှစ်ပါးအမည်ရှိ၏၊ (စာဘတ်သူတို့ သတိပြု) ဤကဲ့သို့ အမည်နာမ များပြားခြင်းကြောင့် ဒေသနာနယ သာဂရဟု သိထားရမည်၊ ထိုဒေသနာနည်း များပြား၍ နက်နဲ သော်လည်း ဆရာမြတ်တို့နှင့် တွေ့ရှိလျှင် ဝိပဿနာကျင့်စဉ် နည်းကား တရားအားထုတ်နည်းကား ယထာဘူတဉာဏ် ဆရာမှန်ထံက ရလျှင် အကျင့်မျှသာ ဖြစ်သည်ဟု သတိပြုပါ။

စက္ခုံ ဥဒပါဒိ ဟူသော ပါဠိတော် စက္ခုမမှ စကားတော်၏အရကား ဓမ္မအပြား သုံးပါးရှိ၏၊ သုံးပါးဟူသော်ကား စိတ္တဓမ္မလည်းတပါး၊ စေတသိကဓမ္မလည်းတပါး ရူပဓမ္မလည်း တပါး ဤသို့ သုံးပါးသော ဓမ္မတို့သည် သက်သက် ပရမတ္ထ ဓမ္မလည်း ရှိ၏၊ သက်သက် ပညတ်ဖြစ်သော ဓမ္မလည်း ရှိ၏၊ ပရမတ် ပညတ် နှစ်ပါးစပ်သော ဓမ္မလည်း ရှိ၏၊နိဗ္ဗာန်ဟူသော ဓမ္မသည် ပရမတ်သက်သက် ဓမ္မမည်၏၊ ဘုရား ရဟန္တာတို့၏ ခေါ်ဝေါ် သုံးစွဲသော ဓမ္မသည် သမ္မာပတပညတ်၊ ဝါ- ဝိဇ္ဇမာန ပညတ်ဖြင့် ခေါ်ဝေါ် သုံးစွဲသော ပရမတ္ထဓမ္မ မည်၏၊ ပုထုဇဉ် တို့ ခေါ်ဝေါ် သုံးစွဲသော ဓမ္မသည် သက်သက်သော ပညတ် ဓမ္မ၊ ဝါ-အဝိဇ္ဇမာန ပညတ်ဓမ္မမည်၏၊ ဤသို့အားဖြင့် ဓမ္မစက္ခု ဟူသော စကားတော်အရ ဓမ္မာရုံဟူသော ပရမတ္ထဖြစ်သော ပဋိစ္စသမုပ္ပါဒတရားကို သစ္စာဖွဲ့၍ ပြဦးအံ့။

ဤကဲ့သို့သော ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တရား၌ ဝိညာဏ် နာမ် ရုပ် အစရှိသော အကျိုးဖလ ရှစ်ပါးကို

ဥပါဒါနက္ခန္ဓာ ငါးပါး အဘိညာ ပရိညေယျတရား ဒုက္ခသစ္စာ မည်၏ဟု မှတ်။ (တပါး) အဝိဇ္ဇာ တဏှာ-ဟူသော အမြစ် နှစ်ပါး မူလတရားသည် အဘိညာ ပဟာတဗ္ဗဟုမှတ်။ (နှစ်ပါး) ၎င်းဒုက္ခသစ္စာနှင့် သမုဒယသစ္စာ နှစ်ပါးသည် ပဋိစ္စသမုပ္ပါဒ် ကျိုးနှင့်ကြောင်းမျှ နှစ်ဌာနကို သံသရာဟူ၍ ဟောတော်မူ၏၊ ထိုသံသရာအကြောင်းကို သိမ်းနိုင်သော ဉာဏစရိယမည်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါးနှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါးသည်၎င်း၊ မဂ်စိတ်လေးပါးနှင့် ယှဉ်သော မဂ္ဂင် ရှစ်ပါးသည်၎င်း ဘာဝေတဗ္ဗ ဟူသော မဂ္ဂသစ္စာ မည်၏၊ (လောကုတ္တရာအကြောင်း သတိပြုမှတ်ပါ၊) ဆက်၍ ပြဆိုအံ့၊ ဓမ္မာရုံ ပရမတ္ထ နာမ်ထူး နာမ်မြတ်ဖြစ်သော နိဗ္ဗာန်ကို ညွတ် တတ် ကိုင်းတတ်သော စိတ်ဝိညာဏ်တော်သည် သစ္ဆိကာတဗ္ဗ ပရိညေယျ နိရောဓသစ္စာ မည်၏၊ (လောကုတ္တရာအကျိုး) သတိပြုမှတ်ပါ၊ ဆရာကောင်းရှာပါ။

ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂဝေမတ္တာ၊တံ တတ္ထ ဥပါဒါနံ။

ဥပရိပဏ္ဏာသ ပါဠိတော်မှာ ကြည့်ကြပါ။

**အနက်ကား** ဘိက္ခု၊ အိုချစ်သားရဟန်း။ ပဉ္စသု ဥပါဒါ-နက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌။ ဆန္ဒရာဂဝေမတ္တာ၊ ဆန္ဒရာဂသာလျှင် အပိုင်းအခြားရှိ၏။တတ္ထ၊ ထိုဥပါဒါနက္ခန္ဓာ

ငါးပါးတို့၌။ တံ၊ ထိုဆန္ဒရာဂသည်။ ဥပါဒါနံ၊ မြဲစွာစွဲလမ်းခြင်းသာတည်း။

ဤသို့ ပဋိစ္စသမုပ္ပါဒ်ဖြစ်သော ဥပါဒါနက္ခန္ဓာ တည်းဟူသော ဇာတိ ဇရာ ဗျာဓိ မရဏ ဥပမိ လေးပါးဟူသော ဘေးကို မမြင်ကြသဖြင့် အားကြီးသော ဆန္ဒရာဂဖြင့် မြဲစွာ ကိုင်စွဲ၍ တောင့်တရှာမှီး၍ နေကြကုန်၏ဟု ဟောတော်မူ၏၊ ဤကား အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ၁-သောမနဿစိတ်နှင့် သောမနဿဝေဒနာ၊ ၂-ဒေါမနဿစိတ်နှင့်ဒေါမနဿဝေဒနာ၊ ၃-ဥပေက္ခာသဟဂုတ်စိတ်နှင့် ဥပေက္ခာဝေဒနာ ဟူသော ဒွယတရားတော်ကို အဒွယဟူ၍ ပဋိစ္စသမုပ္ပန္န ဝေဒနာကို မသိခြင်းကြောင့် အားကြီးသော ဆန္ဒရာဂဖြစ်၍ ဇာတိဇရာ ဗျာဓိ မရဏ လေးပါးသော ဥပမိဟူသော ပဋိစ္စသမုပ္ပါဒ် ပဋိစ္စသမုပ္ပန္န ဘေးကြီးဆိုက်လျက် မြဲစွာကိုင်စွဲ၍ တောင့်တရှာမှီး၍ နေကြကုန်၏ဟု ဟောတော်မူသည်။

အို-တရားရှာသူ လူ ရှင် ရဟန်းတို့ သတိဖြစ်စေလိုပါသည်၊ ဓမ္မအားဖြင့် အမှတ်များ အသိများ အစွဲများ၍ ဖြစ်ပျက်နေသော ဥပါဒါနက္ခန္ဓာငါးပါး နာမ်ဓမ္မ ရုပ်ဓမ္မ မုက္ခာ ဖြစ်မှုသာလျှင် လောကုတ္တရာထွက်လမ်း အစ၏ ကောင်းခြင်း မှတ်ကြ၍ နာမ်နှင့် ရုပ်ပိုင်မှ ဉာဏပရိညေယျ ထိုနာမ်ရုပ်သည် "အဘိညာသေယျ အဘိဇာနတော"ဟု ဟောတော်မူခြင်းကို သတိပြု။အဘိ၊ လွန်စွာ။ ဇာနတော၊ သိခြင်း။ နာမ်

ရုပ်ဟု အသမုတ်ခံရသော ခန္ဓာငါးပါးသည် မရှိ ပရမတ္ထ သဘာဝ ဖြစ်သည်၊ ဘာ မရှိဆိုသနည်း၊ ဝတ္ထုရုပ်လို ပြစရာ မရှိ၊ ဝတ္ထုရုပ်နှင့် ပြစရာရှိခြင်းကို အရှိပရမတ်မှတ်၊ (အထူး သတိပြုပါ) မြင်ခဏ ကြားခဏ နံခဏ လျက်ခဏ သိခဏ ထိုခဏခြောက်ပါးသည် အရှိပရမတ် နာမ်ရုပ်ကို ဝိပဿနာရှု လို့ မဖြစ်ပါ၊ ဝိပဿနာဉာဏ်သည် နှလုံးသွင်းလောက အာရုံ လောက ဉာဏ်သိလောကထဲမှ ဖြစ်ပျက်နေသော နာမ်ရုပ်ကို မရှိပရမတ်ခေါ်၏၊ **ဆရာပြမှ နည်းကျမည်၊** ဆရာရှာရသည်၊ ဝိပဿနာအရာမှာ လိမ်မာသူ ဟူသမျှတို့သည် မရှိ အဘာဝရုပ် နှင့် တွဲစပ်၍ ပစ္စုပ္ပန်သမယ၌ နာမ်ရုပ်မြင်မှ နာမ်ပေါ်ဆဲ ကိလေသာသတ်မှုဟု အဟုတ်အမှန် သိကြကုန်၏၊ ဤကျမ်း ရေးသော ပုဂ္ဂိုလ်ပင်လျှင် စာသိနှင့် မသိနိုင်သဖြင့် ဆရာကို ရှာရပါသည်၊ စာသိ ဝိပဿနာမျိုး ဖြစ်မှန်း သတိ ပြုကြပါ။

အဒဿနတော အာယန္တိ၊ ဘဂ်္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

နိဒ္ဒေသပါဠိတော်။

**အနက်ကား** အဒဿနတော၊ မမြင်ရရာ အနာဂတ်ကာလ အဘာဝအဖြစ်မှ။ အာယန္တိ၊ အသစ် အသစ်ဖြစ်ပေါ်၍ လာ ကုန်၏။ ဘဂ်္ဂါ၊ ချုပ်ပျောက်ပျက်စီးကုန်ပြီးသော နာမ် ဓမ္မ ရုပ်ဓမ္မ သင်္ခါရတို့သည်။ ဂစ္ဆန္တိ၊ ရောက်ကြရလေကုန်၏။

အာကာသေ၊မိုးကောင်းကင်၌။ဝိဇ္ဇုပ္ပါဒေါ ဣဝ၊ ပြိုးပြိုးလျှံ လင်း လျှပ်စစ်၏ ဖြစ်ခြင်းကဲ့သို့။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်လည်းဖြစ်ကုန်၏။ ဝယန္တိ စ၊ ပျက်လည်းပျက်ကုန်၏။ (၎င်း အနက် အဓိပ္ပါယ် သိလွယ်ပြီ)

ထို့နောက် ပြဆိုခဲ့သော မြင်ခဏ, ကြားခဏ, နံခဏ, လျက်ခဏ, တွေ့ထိခဏ, သိခဏ ထိုခဏ ခြောက်ပါးကို ဝိညာဏ်ဟု ခေါ်သည်၊ ၎င်းဝိညာဏ် အသိခြောက်ပါးအပေါ်မှာ တထောင့်မနားဘဲ ဖုံးအုပ်၍ ဖြစ်ပေါ်နေခြင်းကို သညာ သိခေါ်သည်၊ ဤနေရာမှာ သတိပြု၊ ဝိညာဏ်သိ၏ အသိသည် ပစ္စုပ္ပန် အာရုံ ဖြစ်ပါသည်၊ သညာသိ၏ အသိသည် ပစ္စုပ္ပန် အတိတ် အနာဂတ် ပညတ်ရိပ်မှီး၍ ဖြစ်လာသော ပဋိစ္စ-သမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တရားဟု သတိပြုပါ။

သညာသိ၏ အသိသည် ပညာနှင့်ယှဉ်တတ်မှ သညာ ကင်း၍ အလင်းရောက်လိမ့်မည်၊ ထိုသညာသိ အသိကို ဘယ်က စ၍ ဖြစ်ပေါ်လာသည်ဟု ကွဲကွဲ ခြားခြား သိမှသာလျှင် အာယတန ဓာတ်, သစ္စာ ကွဲပြီဟု မှတ်ကြပါ။

## သညာ နိဝရဏ ဖြစ်ခြင်း

| | |
|---|---|
| ၁။ နာမ်ရုပ်ဆက်စပ် | မရပ်၍သာ၊ |
| ကာလသုံးပါး | လှည့်စားနေတာ၊ |

အထင်လွဲလို အစွဲပိုလာ၊
စွဲလေက ဖြစ်ရ ဤခန္ဓာ။

(သညာနှင့်တွဲသော သာသဝခန္ဓာ)

၂။ ခန္ဓာ ငါးခု အစုထဲမှာ၊
လူဘဲ, နတ်ဘဲ ဉာဏ်နဲ့ကြည့်ပါ၊
ဉာဏ်နှင့်ကြည့်တော့ မရှိဘယ်ခါ၊
ငါ, ငါစွဲ အလွဲဖြစ်နေရှာ။

၃။ ဒီအစွဲများ ဖြစ်ပြြားပေါ်လာ၊
ဘယ်ကအစ ဖြစ်ရလေတာ၊
စစ်ဆေးကြည့်တော့ သိပေါ့သေချာ၊
ကိစ္စငါး သိမ်းထား ထိုခန္ဓာ။

မျက်စိ အလင်း အဆင်း နှလုံးသွင်း လေးဦးပေါင်းဆုံ၍ မြင်သိခဏ ပစ္စုပ္ပန်ကာလမှာ ဖြစ်နေ၏၊ ရူပါရုံကို ဘာဘဲ, ညာဘဲ မသိနိုင်၊ ရှေး၌ အတိတ်ကာလက မြင်ခဲ့မှုမရှိရင် အစွဲ သညာလည်း မဖြစ်ပေါ်သေးပါ၊ သညာသိကို ပြဆိုဦးအံ့။

မျက်စိ အလင်း အဆင်း နှလုံးသွင်း သဘာဝလေးတွဲ ပေါင်းဆုံ၍ မြင်သိခဏ ဖြစ်ဆဲမှ ခံလင့် စုံစမ်းတတ်သော မနောဝိညာဏ်သည် ခံလင့် စုံစမ်းကာမျှသာ ရှိသေး၏၊ သုဒ္ဓ ဝိထိမှတ်၊ထိုအခါမှာ အဆင်း ရူပါရုံကို ခေါ်ဝေါ်နိုင်ခြင်းငှါ

ပညာဖြင့် အမည်မှည့်ရ၏၊ ထိုအမည်ကိုရမှ မှတ်ခြင်းသဘော သိမ်းပိုက်တတ်သော သဘောတို့ကို တဒနုဝတ္တက ဝိထိမှတ်ပါ၊ ထိုတဒနုဝတ္တကဝိထိသည် ကာလသုံးပါး ကျေးဇူးပြု၍ ၎င်း တဒနုဝတ္တက ဝိထိ မနောသိ ငြိ၍ ကြွင်းကျန်ခဲ့တာကို မြန်မာလို ငါးစုတစု ကြွင်းကျန်သည်ဟု ဆိုရ၏၊ "နိဒ္ဒိရာဂသဟာဂတာ တတြ တတြာဘိနန္ဒိနီ" ဟု ဓမ္မစကြာမှာ ဟောထားပါသည်၊ ထိုကြွင်းကျန် သိမ်းပိုက်ထားတာကို ငါသိတယ်ဟု စွဲလမ်းခြင်းကို ဥစ္ဆေဒဒိဋ္ဌိ ငါသိတာဟုမှတ်၊ ထင်ကလည်း သဿတဒိဋ္ဌိ၊ ဒိဋ္ဌိနှစ်ပါးကို သဘိပြု၊ သညာဖြစ်ပုံ ပြောဆိုအံ့၊ ၎င်း ကြွင်းကျန် သိမ်းပိုက်ထားသော အတိတ်ကာလကို မှီ၍ အနာဂတ်ကာလ ဆွဲဆောင်လာပြီး ပစ္စုပ္ပန်ကာလမှာ သညာဖြစ်၍ မြင်ခဏ ဝိညာဏ်ကျော်၍ ရူပါရုံပေါ်မှာ သညာမကင်း ဖြစ်ကြ၏။

ထိုသဘာဝလေးတွဲ ပေါင်းဆုံ၍ မြင်တာအပေါ်မှာ ပညတ် သိမ်းပိုက်ထားသော မနောသည် မြင်တာ သညာဖုံးသကဲ့သို့ ကြားခဏမှာလည်း သညာဖုံး၏၊ နံခဏမှာလည်း သညာဖုံး၏၊ လျက်ခဏမှာလည်း သညာဖုံး၏၊ တွေ့ထိခဏမှာလည်း သညာဖုံး၏၊ သိခဏမှာလည်း သညာဖုံး၏၊ ကျမ်းကျယ်သွားမှာစိုး၍ တွေ့ထိချုံး၍ ဒီနေရာမှာ စက္ခု မျက်စိ တံခါးကဲ့သို့ ယူကြ သိကြပါ၊ (သတိ) ထိုသညာကိုသာ

သင်္ခါရကင်းအောင် သညာရှင်းတတ်ရမည်၊ မြင်တာ သညာ ရှင်းဘို့မရှိ၊ မြင်တာကမြင်တာဘဲ၊ သညာက သံသရာကို ဆွဲနေ သည်၊ ၎င်းသံသရာထဲ ဆွဲဆောင်နေသော ခန္ဓာကို မြင်အောင် ကြည့်၊ သာသဝခန္ဓာ ခေါ်သည်၊ ၎င်းသာသဝခန္ဓာ ဉာဏ်မြင် မှ သညာကင်းလိမ့်မည်၊ ပကတိ သဘာဝ လေးတွဲဆုံ၍ မြင်ခဏ ထဲက ခန္ဓာငါးပါးသည် အဗျာကတ ခန္ဓာ၊ ၎င်းခန္ဓာကို မြင်ခြင်းသည် ဉာဏ်မမြင်နိုင်သော ဟဒယ လိုဏ်ဂူအတွင်းမှာ ကိန်းဝပ်နေသော နာမ်ရုပ်ဟု အသမုတ်ခံရသော သာသဝခန္ဓာ ကိုမြင်မှ ဉာဏ်မြင်ခေါ်သည်၊ ထိုသာသဝခန္ဓာကို မမြင်ကြ သဖြင့် သင်္ခါမကင်းဘဲ ပညတ်ရိပ်ကိုစွဲ၍ ရူပါရုံကို ငါမြင် တယ်၊ ပညတ်ရိပ်ကိုစွဲ၍ သဒ္ဒါရုံကို ငါကြားတယ်၊ ပညတ်ရိပ် ကိုစွဲ၍ ဂန္ဓာရုံကို ငါနံတယ်၊ ပညတ်ရိပ်ကိုစွဲ၍ ရသာရုံကို ငါလျက်တယ်၊ ပညတ်ရိပ်ကိုစွဲ၍ ဖောဋ္ဌဗ္ဗာရုံကို ငါတွေ့ထိ တယ်၊ ပညတ်ကိုစွဲ၍ ဓမ္မာရုံကို ငါ့အာရုံ ငါသိတယ်ဟု ဥစ္ဆေဒ ဒိဋ္ဌိပြု၏၊ ငါသိတာ မဟုတ်ဟု ထင်ကလည်း သဿတဒိဋ္ဌိ တွန့်ကာတွန့်ကာ ဖြစ်ကြ၏။ (ဆရာရှာ အစွန်းနှစ်ပါး သတိ)

ပညတ် ဓမ္မာရုံကိုမှီ၍ ဖြစ်, ပျက်နေသော နာမ်ရုပ်သည် သင်္ခါရလောကဟု ဟောတော်မူ၏၊ ထိုသင်္ခါရလောကမှာ သတ္တဝါမဟုတ်သည်ကို သတ္တဝါဟု၎င်း၊ သူ,ငါဟု၎င်း သညာ ဖြင့်စွဲစွဲမြဲမြဲသိမ်းပိုက်ထား၏၊ထိုသိမ်းပိုက်ထားသည်ကိုနိစ္စ,သုခ, သုဘ, အတ္တဟု သာရ လေးလုံး ဖြစ်နေ၏။ (သတိပြုဘတ်ပါ)

## နိဝရဏအာစ ယထာဘူတ

၁။ ရုပ်ပရမတ် ပညတ်အမည်၊
သူမပါလဲ ပွဲလည်းမစည်၊
သူပါပြန်လဲ စွဲကြလီလီ၊
လီလီစွဲ ပူပွဲကြုံရသည်။

၂။ မြင် ကြား နံ့ လျက် ထိချက်အစဉ်၊
ပညတ်ငါးပါး မှတ်သားငါထင်၊
ငါထင်သလောက် ကြံရောက်ပို့လျှင်၊
မနေ့ာထဲ မီးခဲအပူဝင်။

၃။ အတိတ်ကာလ ကိစ္စငါးအင်၊
သိမ်းပိုက်ထားလို့ နာမ်ရုပ်ဖြစ်စဉ်၊
နာမ်ရုပ်ကိုထုတ် စစ်ငုတ်ပါလျှင်၊
ပညတ်များ စွဲထားအတ္တပင်။

၄။ ပညတ်ငါသိ စွဲမိပါလျှင်၊
ဥစ္ဆေဒနှင့် အတ္တမှာပင်၊
ငါမသိပြြား ရှုစားပါလျှင်၊
သဿတ ဖြစ်ရဝါဒပင်။

မျက်စိ အလင်း အဆင်း နှလုံးသွင်း ပေါင်းဆုံ၍ သဘာဝ လေးတွဲ ဆုံသည်ရှိသော် မြင်သိခဏ ဖြစ်ပေါ်ကြ၏၊ ထိုအခါ ဟာဒယ လိုဏ်ဂူအတွင်းမှ မနော့ဝိညာဏ်စိတ်သည် မျက်စိ

အတွင်းမှ ထင်နေသော မှန်ရိပ်ကို ငါသိတယ်၊ ယောကျ်ား မိန်းမ ဖြူသည် မဲသည် စသည်ဖြင့် ပညတ်ကို သိမ်းပိုက်၍ အရိပ် ပမာ မှန်ကြီးကို ပညတ်ဖြင့်သာ အာရုံပြု၍ သိမ်းပိုက်လက်ခံ ထားသဖြင့် ဇာတိဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ မျက်စိဒွါရ၌ ဖြစ်ပေါ်လာသော ပဋိစ္စသမုပ္ပါဒ ဇာတိဟု ဟောတော်မူ၏၊ ထိုဥပါဒါနက္ခန္ဓာငါးပါး ဖြစ်၍ ဖြစ်ပြီး တည်ဆဲ အခိုက်အတန့်ကို ဇရာ ဗျာဓိဟု ဟောတော်မူ၏၊ ထိုဥပါဒါနက္ခန္ဓာ ပဋိစ္စသမုပ္ပန္န ချုပ်ပျက်ခြင်းကို မရဏဟု ဟောတော်မူ၏၊ ထိုတရားသည် အထူးမရှိ၊ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော အကျိုးဖလဖြစ်သော ပဋိစ္စသမုပ္ပါဒ ဖြစ်စကို ဇာတိ-ဖြစ်ဆဲအခိုက်၊ ဇရာ-ဖြစ်ပြီး၊ ချုပ်ပျောက်သွားသည်ကို မရဏ ဟု ဟောတော်မူ၏၊ မြတ်စွာ ဘုရားသည် ကာမုပမိ ခန္ဓုပမိ ကိလေသုပမိ အဘိသင်္ခါရုပမိ ဟူသော ဥပမိလေးပါးကို ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဖြစ်မှု ပျက်မှုကိုသာလျှင် ဟောတော်မူပါ၏။

ထိုသဘာဝလေးတွဲ ပေါင်းဆုံ၍ မြင်သိခဏ ကြားသိခဏ နံ့သိခဏ လျက်သိခဏ ထိသိခဏ သိကာမျှခဏကို၊ ဝါ-ဥပါဒ် ဌီ ဘင် ခဏကို ဇာတိဟု ဟောတော်မမူ၊ ထိုဘူတရုပ် ဝိညာဏ ဌီတိကို ဇာတိဟု ဟောတော်မမူ၊ ကံ စိတ် ဥတု အာဟာရနှင့် တကွ ဘူတရုပ်မှီ၍ ပရမတ္ထဖြစ်သော ဝိညာဏဌီတိကို ဇာတိဟု ပဋိစ္စသမုပ္ပါဒ်ထဲသွင်း၍ ဟောတော်မမူ၊ (သတိပြု) မျက်စိ

ပသာဒ၌ ပညတ်ရိပ် ဖုံးအုပ်သဖြင့် မြင်ရောင် ဇာတိ၊ နား ပသာဒ၌ ပညတ်ရိပ် ဖုံးအုပ်သဖြင့် ကြားရောင် ဇာတိ၊ နှာခေါင်း ပသာဒ၌ ပညတ်ရိပ်ဖုံး အုပ်သဖြင့် နံရောင် ဇာတိ၊ လျှာပသာဒ၌ ပညတ်ရိပ်ဖုံး အုပ်သဖြင့် လျက်ရောင် ဇာတိ၊ ကာယပသာဒ၌ ပညတ်ရိပ် ဖုံးအုပ်သဖြင့် တွေ့ထိ ရောင်ဇာတိ၊ မနောအကြည်၌ ပညတ်ရိပ် ဖုံးအုပ်သဖြင့် သိရောင်ဇာတိ၊ ထိုဇာတိကိုသာလျှင် ပဋိစ္စသမုပ္ပါဒ ဇာတိဟု ဟောတော်မူ၏၊ (ဘဝနှင့်ဇာတိ အကြောင်းအကျိုး သတိပြု) ဘဝဟူသော စကားသည် လောဘမည်၏၊ ဘဝဟူသော လောဘသည် အာသဝ မည်၏၊ ဩဃ မည်၏၊ ယောဂ မည်၏၊ အနုသယ မည်၏၊ ဘဝနိရောဓော နိဗ္ဗာန် နာမ်ဟု ဟောတော် မူ၏၊ ပညတ်ရိပ်မှီ၍ ဖြစ်သော ဇာတိကို ဉာဏ်မြင် သတိ။

ကထံ ပနာဝုသော အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟော- တီတိ အဝိဇ္ဇာနီဝရဏာနံ ခေါအာဝုသော သတ္တာနံ တဏှာ သံယောဇနာနံ တတြ တတြာဘိနန္ဒနာ၊ ဧဝံ အာယတိံ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ ဟောတိ။

မူလပဏ္ဏာသပါဠိတော်၌ ကြည့်ကြပါ။

**အနက်ကား** အာဝုသော၊ငါ့သျှင်သာရိပုတ္တရာ။အာယတိံ၊ နောင်အနာဂတ်အခွန့်၌။ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၊ တဖန် ဘဝသစ်၌ ဖြစ်ပေါ်လာခြင်းသည်။ ကထံ ဟောတိ၊ အဘယ်ကဲ့သို့ဖြစ်ပါ

သနည်း။ ဇာတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလေ၏။ အာဝုသော၊ ငါ့သျှင် ကောဋ္ဌိက။ အဝိဇ္ဇာနိဝရဏာနံ၊ အဝိဇ္ဇာနိဝရဏရှိကုန်သော။ တဏှာ သံယောဇနာနံ၊ တဏှာသံယောဇဉ် ရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ ခေါ၊ စင်စစ်။ တတြ တတြ၊ထိုထိုအာရုံ ကာမဂုဏ်ငါးပါးတို့၌။အဘိနန္ဒနာ၊ အလွန်နှစ်သက်သော နန္ဒီရာဂတဏှာသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ မျက်စိ စသော ပသာဒ အပေါ်မှာ ဖြစ်လာသည်ရှိသော်။ အာယတိံ၊ နောင်အနာဂတ်အခွန့်၌။ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၊ တဖန် ဘဝသစ်၌ ဖြစ်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏ဟု ဤသို့ ဖြေဆိုတော်မူခြင်းကို သတိပြုပါ။ ပဋ္ဌာရုံ ခတ်သဂြိုဟ် ရသည်ကို သတိပြုကြပါ။

ထိုအတွင်း အပြင် ဟူသော တရားနှစ်ပါးတို့သည် တဝီထိ တည်း၌ မြင်သိ မြင်စွဲ၊ ကြားသိ ကြားစွဲ၊ နံသိ နံစွဲ၊ လျက်သိ လျက်စွဲ၊ ထိသိ ထိစွဲ၊ ညွှတ်သိ ညွှတ်စွဲဟု နှစ်ထပ်ရှိကုန်၏၊ ထို့အတူ ပဥ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း သန္တီရဏ, မနောဒွါရာဝဇ္ဇန်း ဝုဋ္ဌော ဇော တဒါရုံဟူသော ဝီထိစိတ်တို့သည် နှစ်ထပ် နှစ်ထပ်စီ ရှိကုန်၏၊ ထိုကဲ့သို့ နှစ်ထပ် နှစ်ထပ်စီ ဝိညာဏ်ကို အဇ္ဈတ္တ ဗဟိဒ္ဓဟူသော အာရုံနှစ်ပါးသိမှ ဥပါဒ် ဌီ ဘင်ကို မြင်သိနိုင်၏၊ (သတိချပ်ပါ) အဇ္ဈတ္တ အတွင်းစိတ်ဝိညာဏ်သည် မနအမည်ဖြင့်ရင်း၊ မနသအမည်ဖြင့်ရင်း၊ ဟဒယအမည်ဖြင့်ရင်း၊ ပြုစင်သောကြောင့် ပဏ္ဍရဟူသော အမည်ဖြင့် ဖြစ်၍

နေလေ၏၊ ထိုအဇ္ဈတ္တ အတွင်းဖြစ်သော စိတ်ဝိညာဏ်သည် ပရမတ္ထ သဘာဝ သက်သက်တည်း၊ (သင်္ဂြိုဟ်ချုပ်ပါ) အပြင် ဗဟိဒ္ဓဖြစ်သော ဝိညာဏဓာတ် နာမ်မည်ကုန်သော စေတသိက် ဓမ္မာရုံတို့သည် ပညတ်အာရုံဖြစ်၍ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နတရားတို့သည် ကုသိုလ် အကုသိုလ် အဗျာကတလည်း ဖြစ်ကုန်၏၊ စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် ဃာနဝိညာဏဓာတ် ဇိဝှါဝိညာဏဓာတ် ကာယဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ်ဟု ဟောတော်မူ၏၊ (ဓမ္မသင်္ဂဏီပါဠိတော်၌ ကြည့်ပါ) ယေဝါပနပုဒ် ဆဋ္ဌသင်္ဂါယနာမူမှ စာမျက်နှာ ၁၇- စိတ္တုပ္ပါဒကဏ္ဍ စိတ်၏နှစ်ထပ်ဖြစ်ခြင်း အဘိဓမ္မတ္ထ သင်္ဂဟပါဠိ ဝီထိပိုင်း ဝီထိအပြား ခြောက်ပါး အပြားအားဖြင့် ပြပုံရှိ၏၊ ထိုမျှမက မျက်စိ နှစ်ထပ် နှစ်လုံးဖြစ်ပုံကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လည်း ဟောတော်မူထားပါသေး၏၊ ထို့ကြောင့် အဋ္ဌကထာကို ပြဆိုဦးအံ့။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနေ ပမုစ္စတိ။

ဟု ဟောတော်မူ၏၊ ဥပရိပဏ္ဏာသ ပါဠိတော်၌ ပဋိစ္စသမုပ္ပန္န ဗဟိဒ္ဓ ဝိညာဏဓာတ်နှင့် ပကတိသုဒ္ဓ အဇ္ဈတ္တ စိတ်ဝိညာဏ်တို့ကို အကျယ် ဝေဘန်၍ ဟောတော်မူခြင်းကို သတိပြု ကြည့်ကြပါ။

နောက်ပြဆိုခဲ့သော အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ တပည့်ဖြစ်သော သာတိရဟန်းသည် ဝိညာဏ်နှစ်ပါး ကွဲကွဲ ခြားခြား မသိသဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ဖြစ်၍ နေ၏။

**တနည်းကား** သာတိရဟန်းသည် အဇ္ဈတ္တနှင့်ဗဟိဒ္ဓဝိညာဏ် မကွဲခြားသဖြင့်ရင်း **တနည်းကား** ပကတိပရိသုဒ္ဓဝိညာဏ် နှင့် ပဋိစ္စသမုပ္ပန္နဝိညာဏ် မကွဲခြားသဖြင့် စိတ္တာနုပဿနာ သတိပဋ္ဌာန် ဘာဝနာကို ပွားများအားထုတ်၍ ထိုဝိညာဏ် နှစ်ပါး ကွဲခြားခြင်းသည် အတိဂမ္ဘီရဖြစ်၍ နေပုံကိုလည်း ပရိကမ္မနိမိတ် ထင်လာသည့်တိုင်အောင် ဘာဝနာမယဉာဏ်ဖြင့် ပွားများရခြင်းကိုလည်း မူလပဏ္ဏာသပါဠိတော်၌ ဟောထား ခြင်းကိုလည်း သတိပြုပါ၊ ထိုဝိညာဏ်ကွဲအောင်ရင်း၊ **တနည်း ကား** ပဋိစ္စသမုပ္ပန္န ခန္ဓာ အာယတန ဓာတ် သစ္စာ ကွဲခြား အောင် ဆင်ခြင်သုံးသပ်နိုင်အောင် အသိဉာဏ်သည် သတိ ပဋ္ဌာန် ဘာဝနာ ဖြစ် မဖြစ် အမေးပုစ္ဆာ ထွက်သည်ရှိသော် သတိပဋ္ဌာန်ပါဠိကို အောက်၌ ဘာသာပြန်၍ အနက်ဆိုပြ ဦးအံ့။ (သတိပြုပါ)

## စိတ္တာနုပဿနာ သတိပဋ္ဌာန်

စိတ္တ သတိပဋ္ဌာန် အနုပဿနာရှုပုံကို ဟောတော်မူ၏။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ-

စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံစိတ္တန္တိ ပဇာနာတိ၊ သဒေါသံ ဝါ စိတ္တံ သဒေါသံစိတ္တန္တိ ပဇာနာတိ၊ ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံစိတ္တန္တိ ပဇာနာတိ၊ သမောဟံ ဝါ စိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံစိတ္တန္တိ ပဇာနာတိ။

သတိပဋ္ဌာန ဝိဘင်း ပါဠိတော်။

အနက်ကား ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ စိတ္တေ၊ ပရမတ္ထဓမ္မာရုံဖြစ်သော စိတ်၌။ စိတ္တာနုပဿီ၊ ပရမတ္ထဓမ္မာရုံဖြစ်သော စိတ်၏ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န သင်္ခတ နိဗ္ဗာန်ဓမ္မ အနိစ္စကို ရှုလျက်။ ဝိဟရတိ၊ နေတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ ဤ ငါဘုရား ဟောသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သရာဂံ ဝါ စိတ္တံ၊ ရာဂနှင့်တကွသော ပဋိစ္စသမုပ္ပန္န ဓမ္မာရုံဖြစ်သော စိတ်ကိုလည်း။ သရာဂံစိတ္တန္တိ၊ ရာဂနှင့်တကွသော ပဋိစ္စသမုပ္ပန္န ဓမ္မာရုံစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝီတရာဂံ ဝါ စိတ္တံ၊ ရာဂကင်းသော ဓမ္မာရုံစိတ်ကိုလည်း။ ဝီတရာဂံစိတ္တန္တိ၊ ရာဂကင်းသော ဓမ္မာရုံစိတ်ဟူ၍။ ပဇာနာတိ၊ သမ္မာမျက်စိဖြင့် အမှန်အတိုင်း သိ၏။ သဒေါသံ ဝါ စိတ္တံ၊ ဒေါသနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပန္န ဓမ္မာရုံဖြစ်သော စိတ်ကိုလည်း။ သဒေါသံ စိတ္တန္တိ၊ သဒေါသစိတ် ဟူ၍။ ပဇာနာတိ၊ ကွဲကွဲပြားပြား သိ၏။ ဝီတဒေါသံဝါ စိတ္တံ၊ ဒေါသကင်းသော ဓမ္မာရုံစိတ်ကိုလည်း။ ဝီတဒေါသံ စိတ္တန္တိ၊ ဒေါသကင်း

သော စိတ်ဟူ၍။ ပဇာနာတိ၊ ကွဲကွဲခြားခြား သိ၏။ သမောဟံ ဝါ စိတ္တံ၊မောဟနှင့်တကွသော ပဋိစ္စသမုပ္ပန္န ဓမ္မာရုံ ဖြစ်သောစိတ်ကိုလည်း။ သမောဟံ စိတ္တန္တိ၊ မောဟနှင့်တကွ သော စိတ်ဟူ၍။ ပဇာနာတိ၊ အထူးသဖြင့် သိတော်မူ၏။ ဝီတမောဟံ ဝါ စိတ္တံ၊ မောဟကင်းသော ဓမ္မာရုံဖြစ်သော စိတ်ကိုလည်း။ ဝီတမောဟံ စိတ္တန္တိ၊ မောဟကင်းသော ဓမ္မာရုံ စိတ်ဟူ၍။ပဇာနာတိ၊ မိစ္ဆာမစွက် သမ္မာဖက်၍ ဉာဏ်မျက်စိ ဖြင့် သိ၏-ဟုဟောတော်မူ၏။

ဉာဏ်ဝမ္မာမြင်အောင် ဆရာကောင်းရှာ၍ တရား အားထုတ်ကြပါ။ (သတိပြု ဘတ်ပါ)

တရားရှာကြသော လူ ရှင် ရဟန်းတို့ သတိဖြစ်စေခြင်းငှါ သတိချပ်ပါ၊ ဤသို့ သတ္တဝါတို့၌ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တည်းဟူသော ဇာတိ ဇရာ ဗျာဓိ မရဏ ဥပဓိလေးပါးဟု ဆိုအပ်သော သံသရာဘေးကြီးကို ကူးမြောက်ခြင်းငှါ နိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်သို့ တက်ရောက်နိုင်ခြင်းငှါ ဝိပဿနာ ဉာဏစရိယ တည်းဟူသော သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ ဖြင့် ပွင့်စေခြင်းအကျိုးငှါ မြတ်စွာဘုရားသည် တရားတော်ကို ဒွယ ဒွယအားဖြင့် နှစ်ပါး နှစ်ပါးပြု၍ ဟောတော်မူခြင်း ကြောင့် ဘုရားတရားတော် စကားတော်သည် သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထာ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတ ဓမ္မံ ဝေဒလ္လံ ဤသို့ အင်္ဂါ ၉-ပါးနှင့် ပြည့်စုံတော်မူသော

တရားတော် ဟူသမျှကို အနက်အားဖြင့် ဒွယ ဒွယ ရှိသော စကားတော်ကိုသာ တရားတော်ကိုသာ ငါဘုရား အလိုရှိ၏ဟု ဆုံးမ၍ ဟောကြားတော်မူလေသည်၊ မြတ်စွာဘုရား စကားတော် တရားတော်သည် ဒွယ ဒွယ ဟူ၍သာ အလုံးစုံသော တရားတော်တို့ကို ဟောကြားတော်မူ၏။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ ဘုရားသခင်သည် နောင်အခါ အနာဂတ်ကာလကို မြင်တော်မူ၍ ဟောကြား ဆုံးမတော်မူသည်ကိုလည်း ကြည့်တော်မူ၍ (သတိပြုပါ) အဘယ်သို့ ဆုံးမသနည်းဆိုသော် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ ငါဘုရား ဟောကြားခဲ့သော ဒွယ ဒွယ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော သုဒ္ဓဓမ္မ ပဋိပတ္တိကို အဒွယ တခုတည်းဟူ၍ အသုဒ္ဓဓမ္မ ပရိယတ္တိ ဖြစ်လိမ့်မည်ဟု နိဒါနဝဂ္ဂသံယုတ်၌ "ပရိယတ္တိ ဗဟုလော နော ဓမ္မဝိဟာရီ" ဟု ဟောကြားထားခဲ့၏၊ သတိပြုကြပါ။

မြင်ဆဲ-မြင်ရောင်၊ ကြားဆဲ-ကြားရောင်၊ နံဆဲ-နံရောင်၊ လျက်ဆဲ-လျက်ရောင်၊ ထိဆဲ-ထိရောင်၊ သိဆဲ-သိရောင် ၎င်းဌာနမှာ ဖြစ်ပေါ်နေတာ အရိပ်အရောင်က ပညတ်ဓမ္မာရုံဟုမှတ်၊ ၎င်းအရောင်အရိပ်ကို သညာဆောင်လာ၏၊ ၎င်းသညာဆောင်မှုကြောင့် ဥပါဒါနက္ခန္ဓာ ဖြစ်လေ၏၊ ၎င်း ခန္ဓာ နာမ်ရုပ် အစမှိုရာဌာနကိုမမြင်ကြသဖြင့် နိစ္စမီး သုခမီး သုဘမီး အတ္တမီး လောင်ကျွမ်းနေကြ၏၊ ၎င်းမြင်ရောင် ကြားရောင် နံရောင်

လျက်ရောင် ထိရောင် သိရောင် ကွဲကွဲခြားခြား သတိချပ်ကြည့်ကြပါ။

သူ့သဘာဝ မမြင်ကြလျှင် သခ်ါရပုံပြင်မှုက မြန်သဖြင့် သန္တတိဃန အစဉ်ဖြစ်နေ၏၊ ကိစ္စဃန ဖြစ်နေ၏၊ အာယတန ဃန ဖြစ်နေ၏၊ သမူဟဃန ဖြစ်နေ၏၊ ထိုဃနဟာ အရောင် အရိပ်ဟူသော နာမ်ရုပ်မြင်မှ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်မှ ခယ ဘယ အသာရ သဘောမှန်း သိသဖြင့် ဃနကျေတယ်ဟု မှတ်၊ ပရိကမ္မ ဘာဝနာ မှန်မှ မြင်စွမ်းနိုင်၏ဟု မှတ်ပါ။

မြင်ဆဲ ကြားဆဲ နံဆဲ လျက်ဆဲ ထိဆဲ သိဆဲသည် ပစ္စယုပ္ပန် ခေါ်သည်၊ မြင်ရောင် ကြားရောင် နံရောင် လျက်ရောင် ထိရောင် သိရောင်သည် ပစ္စည်းခေါ်သည်။

## မြင်တာနှင့်သညာ

၁။ မျက်စိအဆင်း မြင်ခြင်းတွေ့ဆုံ၊
ပညတ်အများ စွဲထားလေဟုံ၊
မောဟ လောဘ ဒေါသ ဆူပုံ၊
မီးတောက်စွဲ မီးခဲ ပြာဖြစ်ပုံ။

၂။ နားနှင့်အသံ ကြားကြလို့ဆုံ၊
ပညတ်အများ စွဲထားလေဟုံ၊
မောဟ လောဘ ဒေါသ ဆူပုံ၊
မီးတောက်စွဲ မီးခဲပြာဖြစ်ပုံ။

၃။ နှာခေါင်းအနံ့ နံကြလို့ဆုံ၊
ပညတ်အများ စွဲထားလေဟုံ၊
မောဟ လောဘ ဒေါသ ဆူပုံ၊
မီးတောက်စွဲ မီးခဲ ပြာဖြစ်ပုံ။

၄။ လျှာနှင့်ရသ လျက်ကြလို့ဆုံ၊
ပညတ်အများ စွဲထားလေဟုံ၊
မောဟ လောဘ ဒေါသ ဆူပုံ၊
မီးတောက်စွဲ မီးခဲ ပြာဖြစ်ပုံ။

၅။ ကိုယ်နှင့်တွေ့ထိ တွေ့သိခါကြုံ၊
ပညတ်အများ စွဲထားလေဟုံ၊
မောဟ လောဘ ဒေါသ ဆူပုံ၊
မီးတောက်စွဲ မီးခဲ ပြာဖြစ်ပုံ။

၆။ မနောဒွါမှာ ပညတ်အာရုံ၊
ကမ္ဘာမီးထက် ကြီးတဲ့အဟုံ၊
မောဟ လောဘ ဒေါသ ဆူပုံ၊
ရပ်မနား မှတ်မှား မီးကျွမ်းကုန်။

၇။ မနောဒွါမှာ ငါးပါးခန္ဓေ၊
နာမ်ရုပ်နှစ်ပါး ဖွားဖွားသူပွေ၊
ပွေလေသမျှ အစပျောက်နေ၊
နေ့စဉ်မျော မက်မော ရက် လ ရှေ။

၈။ အာရုံနိမိတ် အရိပ်ကိုပင်၊
သူ့ဘဲ ငါဘဲ အခဲလို့ထင်၊
ထင်လေသမျှ ဘဝဖြစ်အင်၊
ဝဋ္ဋသုံးပါး ဆုံးကား ဘယ်မမြင်။

၉။ ကမ္မဘဝ ဖြစ်ရအခြေ၊
သိကောင်းဘို့လဲ အားခဲဉာဏ်တွေ၊
ဒေသနာနည်း တတ်ပြီးသူတွေ၊
မာနကြီး ခေတ်မီးလောင်ကျွမ်းသေ။

ရှင်းရှင်းနှင့် ဘွင်းဘွင်းပြောဆို၍ပြဦးအံ့၊ မျက်စိ အလင်း အဆင်း နှလုံးသွင်း သဘာဝလေးတွဲ ပေါင်းဆုံလျှင် မျက်ဖြူ မျက်နက် ရောလျက်ရှိသော ဌာနကို သသမ္ဘာရ မျက်လုံး ခေါ် ဆိုရ၏၊ ထိုမျက်နက်၏ အလယ်တည့်တည့်၌ သန်းဦးခေါင်း ပမာဏရှိသော အကြည်သည် မျက်လှာခုနစ်လွှာကို ပြန့်နှံ့၍ ကြည်နိုင်သော သဘောကို စက္ခုပသာဒ မျက်စိအကြည်ဟု ခေါ်၏၊ ထိုအကြည်ပေါ်ကို လာရောက်၍ အဆင်းရုပ်ပုံ ထင်လာမှသာလျှင် စက္ခုဝိညာဏ်ခေါ် မြင်သိ ဖြစ်နိုင်၏၊ ထိုသဘာဝလေးတွဲနှင့်တကွ မြင်သိကို သန္တတိဃန ကိစ္စဃန အာရမ္မဏဃန သမူဟဃန လေးစည်းမဖြစ်သေးပါ၊ ဃနချေ စရာမရှိ သတိပြုပါ၊ ဒီနေရာမှာ သဘောမပေါက်ကြလျှင် အသိမှားလျှင် မှောက်ခုံ လဲနေမည်။ ထိုသဘာဝလေးတွဲ နှင့် မြင်သိကို အတ္တခွဲစရာ မရှိပါ။ (သတိပြုကြပါ)

ရှင်းရှင်း လင်းလင်း ဘွင်းဘွင်း ဃနလေးစည်းဖြစ်ပုံ ပြဆို အံ့၊ ထိုသဘာဝလေးတွဲနှင့် ပေါင်းဆုံ၍ ဖြစ်ဆဲ ခဏတွင် ဗဟိဒ္ဓ အပြင်ပ အဆင်းရုပ်ကို ပညတ်ဖြင့် နာမည်မှည့်ရ၏၊ ထိုပညတ်အမည်နှင့်တကွ ပသာဒအကြည်ပေါ် ကျရောက်နေသော မနာရမ္မဏ ခေါ်၏၊ (သတိပြုပါ) တဒနုဝတ္တကကို ဆိုနေပြီ၊ မနောဝိညာဏခေတ် စေတသိက်ပညတ် ဓမ္မာရုံ ခေါ်၏၊ ထိုပညတ်ဓမ္မာရုံကို သိမ်းပိုက်ခြင်း အစဉ်မှတ်၍ အစိုင်အခဲအမြဲ ရောင်ရောင်ကို သန္တတိဃနဟုမှတ်၊ အစဉ်အမြဲ အခဲအရောင် သည် ဖြစ်ပေါ်နေတာ မြင်ခဲ့ရတဲ့ ပညတ်ရိပ်ကိစ္စတွေဟု ပေါင်း ချုဉ်းထားသဖြင့် တခဲနက်သော ကိစ္စဃနဟုမှတ်၊ ထိုသိမ်းပိုက် ထားသော ပညတ်ရိပ်အပေါ်မှာ မြင်ရောင် ဖြစ်သည်ကို စက္ခာယတန ဟု ဆို၏၊ ထိုမြင်ရောင်အပေါ်မှာ အာရုံအခဲ ရောင်ရောင် ဖြစ်ခြင်းကို အာရမ္မဏဃနဟုမှတ်၊ ၎င်းနောက် မြင် ခဲ့တဲ့ ပညတ်အရိပ်အရောင် ပေါ်မှာသာလျှင် ညွတ်ကိုင်းသော စေတသိက်တရားသည် နာမ်မည်၏၊ ညွတ်သည် ကိုင်းသည် ရှိသော် မရွေးမနှောင်း အရိပ်အရောင် ဖြစ်ပေါ်ခြင်းသည် ရုပ်မည်၏၊ ထိုနာမ် သမူဟ ရုပ်သမူဟ နှစ်ပါးတို့၏ တခဲနက် တပေါင်းတစည်းတည်းကို သမူဟဃန ဟု မှတ်ပါ၊ ပရိကမ္မ ဘာဝနာမယဉာဏ် ဆရာမှန်နှင့်လုပ်မှ စာသ်အမှတ် ဉာဏ်သိဖြင့် ဃနဖြစ်ပုံကိုလည်း မြင်နိုင်၏၊ ဘာဝနာမယဉာဏ် ရင့်သန်၍ ခယကို မြင်စွမ်းနိုင်၏။

(အထူး သတိပြုကြပါ၊ ဆရာကောင်းရှာပါ၊ စာသိဖြင့် မကိုးရ)

ဆက်၍ပြဆိုဦးအံ့၊ မြင်ဆဲ ကြားဆဲ နံဆဲ လျက်ဆဲ ထိဆဲ သိဆဲ ထိုအသိခြောက်မျိုးသည် သဘာဝလေးတွဲ ပေါင်းဆုံမိလျှင် အသိခြောက်မျိုး ပစ္စုပ္ပန် အကျိုးဟု ခေါ်၏၊ ထိုအကျိုးတရား ဖြစ်ပေါ်ရခြင်းသည် မူလဈာနနှင့် ယာယီဈာန ခေါ်၏၊ မူလဈာနသည် ယထာဘူတအရှိန် ခေါ်၏၊ ထိုအရှိန်စုနှင့်တကွ ဉပါဒါရုပ်ငယ် လေးပါးတို့ကို ယာယီခေါ်နိုင်၏၊ ၎င်းအဋ္ဌကလာပ်ရှစ်ပါး မူလဈာနပြု၍ ကံ စိတ် ဥတု အာဟာရ သမုဋ္ဌာန်လေးပါး ယာယီဈာန ဖြစ်ရ၏၊ အပေါ်က ဈာနကျေအောင် မချေနိုင်၊ တရားရှာသော ယောဂီတို့ရဲ့ ဉာဏ်မဟုတ်၊ မဟာဘူတဝါရ ဘုရားရှင်၏ ရွှေဉာဏ်တော်အရ ဖြစ်သည်၊ ဒါ့ကြောင့် ၎င်းအကျိုး ရုပ်နာမ်ကို သန္တတိဈာန အာရမ္မဏဈာန သမူဟဈာန မချေရ၊ ၎င်းဈာနလေးစည်း ဌာနမဟုတ်၊ သတိပြုပါ။

ထို့နောက် ပြဆိုခဲ့သော ဈာနလေးစည်းဖြစ်ပုံ စာပိုဒ်မှ သဘာဝလေးတွဲ ပေါင်းဆုံ၍ မြင်သိဖြစ်၍ ပညတ်ရိပ်ကို သိမ်းပိုက်မိသဖြင့် သန္တတိဈာန ကိစ္စဈာန အာရမ္မဏဈာန သမူဟဈာန သတိပြုကြပါ၊ မြင်ရောင်ပေါ် သိမ်းပိုက်သကဲ့သို့ ကြားရောင် နံရောင် လျက်ရောင် ထိတွေ့ရောင် သိရောင်တို့၌လည်း ၎င်းသဘောမှတ်ပါ၊ အကျယ်ကိုမပြ ကျမ်းကျယ်သွားမည်။

မြင်သိ-ဒဿန၊ ကြားသိ-သဝန၊ နံသိ-ဃာယန၊ လျက်သိ-သာယန၊ ထိသိ-ဖုသန၊ သိကာမျှ-ဇဝန၊ ထိုအသိကို ဈာနချေ၍ မရ၊ ဈာနဖြစ်ပုံကို ပြဆိုအံ့။

မြင်ဆဲမှ ဗဟိဒ္ဓ အပြင်ပညတ်ရိပ်ကို သိမ်းပိုက်ခြင်း၊ လျက်ဆဲမှ ပညတ်ရိပ်ကို သိမ်းပိုက်ခြင်း ပြုသကဲ့သို့ ကြားဆဲမှ ပညတ်ရိပ်ကို သိမ်းပိုက်ခြင်း၊ နံဆဲမှ ပညတ်ရိပ်ကို သိမ်းပိုက်ခြင်း၊ လျက်ဆဲမှ ပညတ်ရိပ်ကို သိမ်းပိုက်ခြင်း၊ ထိဆဲမှ ပညတ်ရိပ်ကို သိမ်းပိုက်ခြင်း၊ သိဆဲမှ ပညတ်ရိပ်ကို သိမ်းပိုက်ခြင်း၊ထိုပညတ်ရိပ်ကို သိမ်းပိုက်ခြင်းကို ဒဿနကိစ္စ သဝနကိစ္စ ဃာယနကိစ္စ သာယနကိစ္စ ဖုသနကိစ္စ ဇဝနကိစ္စဟု ဇောစိတ်ကို သိအောင် ကြံပါ၊ ထိုဇောစိတ်နှင့် ဖြစ်သော ဈာနသည်သာ တခဲနက်သော သဘောရှိ၏၊ပရိကံ မှန်မှန် မြင်စွမ်းနိုင်၏။ (ဆရာရှာရမည်၊ စာသိနှင့် မမြင်နိုင်)

ထိုဈာနလေးပါးတို့သည် အစဉ်စပ်သဖြင့်ရင်း၊ ဣရိယာပုထ် ဖုံးလွှမ်းသဖြင့်ရင်း၊ ဈာနလေးမျိုး ဆက်စပ်ထားသဖြင့်ရင်း မြင်မှု ကြားမှု နံမှု လျက်မှု တွေ့ထိမှု သိမှုအပေါ်မှာ ပညတ်ရိပ်နှင့်တကွ ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန အပြင်ခြောက်ပါး၊ အတွင်းအားဖြင့် စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတနဟု ခန္ဓာ အာယနဓာတ် သစ္စာ တို့သည် သူ့သဘာဝဖြင့် ဖြစ်ပျက်၍ နေကြ၏၊

ထိုဖြစ်ပျက်၍ နေခြင်းကို မသိနိုင် မမြင်နိုင်ကြသဖြင့် ပုထုဇဉ် ဘဝနှင့်သာ၊ဝါ-ပရိကံအလုပ် အားမထုတ်ကြသဖြင့် မောဟမီး လောဘမီး ဒေါသမီး တောက်လောင်၍ အစဉ်မပြတ် ခံနေ ကြရလေ၏။

အခန်း-၄ ပြီး၏။

# အခန်း-၅

## နာမ်နှင့်ရုပ် ခွဲဝေပြခြင်း

၁။ မသိ ငြိကြ　　စွဲရအခြေ၊
ပြုလေသမျှ　　သိရကြုံလေ၊
အဲဒီငါးခု　　ပေါင်းစုအနေ၊
နာမ်ဖြစ်ရ　　မှတ်ပ သူ့အနေ။

၂။ မသိ ငြိကြ　　စွဲရအခြေ၊
ဖြစ်ဘို့ပြုတတ်　　ထောက်ပံ့သလေ၊
အဲဒီငါးခု　　ပေါင်းစုအနေ၊
ရုပ်ဖြစ်ရ　　မှုချ သူ့အခြေ။

၃။ နာမ်ကညွှတ်မှ　　ရုပ်ကပေါ်လာ၊
ရုပ်ကိုမှီ၍　　ရုပ်ကပေါ်လာ၊
နှစ်ခုပေါင်းလို့　　နာမ်ကကြုံလာ၊
ဒီခါမှ　　ဖြစ်ရ သံသရာ။

မသိ အဝိဇ္ဇာ,ငြိကြ တဏှာ, စွဲရ ဥပါဒါန်, ပြုလေ သင်္ခါရ, သိရ ဝိညာဏ်, ဤငါးပါး ပေါင်းစု၍ နာမ် ၅၃-ဖြစ်ရပါသည်။

မသိ အဝိဇ္ဇာ, ငြိကြ တဏှာ, စွဲရ ဥပါဒါန်, ပြုတတ် သင်္ခါရ, ထောက်ပံ့ အာဟာရ အရှိန်, ဤငါးပါး ပေါင်းစု၍ ရုပ် ၂၈-ပါး ဖြစ်ရပါသည်။

နာမ်ညွတ်မှ ရုပ်ကပေါ်လာ၏၊ ထိုရုပ်ကို မှီရမှ နာမ်က သိနိုင်၏၊ ဘာကို သိနိုင်ပါသနည်း၊ ပညတ်ဓမ္မာရုံကို သိနိုင်၏၊ ၎င်းနာမ်ကို ခန္ဓာဖွဲ့သော် လေးပါးရ၏၊ လေးပါးဟူသော်ကား- ဝေဒနုပါဒါနက္ခန္ဓာတပါး, သညုပါဒါနက္ခန္ဓာတပါး, သင်္ခါရုပါဒါနက္ခန္ဓာတပါး, ဝိညာဏုပါဒါနက္ခန္ဓာတပါး ၎င်းတို့ကိုပေါင်းသော် လေးပါးမှတ်ကြပါ၊ ဒီလေးပါးကို နာမ်ခန္ဓာ ခေါ်၏၊ ရုပ်ကို ခန္ဓာဖွဲ့သော် တပါးရ၏၊ ထိုနာမ်ရုပ်နှစ်ပါးကို ခန္ဓာဖွဲ့သော် ငါးပါးရ၏၊ ၎င်း နာမ်နှင့်ရုပ်ကို နာမ်တေပညာသ ရုပ်အဋ္ဌဝီသ ခေါ်ဆိုရ၏၊ နာမ်တေပညာသကား ဝေဒနုပါဒါနက္ခန္ဓာသည် ဝေဒနာစေတသိက်တပါး၊သညုပါဒါ-နက္ခန္ဓာသည် သညာစေတသိက်တပါး၊ သင်္ခါရုပါဒါနက္ခန္ဓာသည် စေတသိက်-၅၀၊ ၎င်း စေတသိက်သုံးမျိုး ပေါင်းသော် စေတသိက် ဒွေပညာသ ခေါ်၏၊ ၅၂-ပါးလည်း ခေါ်၏၊ ဝိညာဏုပါဒါနက္ခန္ဓာသည် အာရုံကိုသိသော သဘောအားဖြင့် စိတ်တပါးသာ ရ၏၊ ၎င်းစိတ်တလုံးနှင့် စေတသိက် ၅၂-ပါး ပေါင်းသော် နာမ် ၅၃-ပါး ရ၏၊ ဒါကို နာမ်တေ-ပညာသဟု ခေါ်၏၊ရုပ်အဋ္ဌဝီသ ၂၈-ပါး ဟူသော်ကား အတိတ် ၈-ပါး အနာဂတ် ၈-ပါး ပစ္စုပ္ပန် ၈-ပါး ဘူတရုပ်လေးပါး ထည့် ၂၈-ပါး ခေါ်၏။ (မရှိနာမ်ရုပ်)

ထိုနာမ်ရုပ်နှစ်ပါးတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ရပါသနည်း၊ မျက်စိ အလင်း အဆင်း နှလုံးသွင်း သဘာဝ

လေးတွဲ ပေါင်းဆုံသည့်အခါမှာ မြင်သိမျှသာ ရှိသေး၏၊ ထိုမြင်သိအကျိုးကို အကျိုးမှန်းမသိနိုင်၊ မနောဝိညာဏဓာတ်သည် ဗဟိဒ္ဓ ပညတ် ဓမ္မာရုံကိုသာ သိမ်းပိုက်ထားတတ်၏၊ တနည်းကား အပြင် အဆင်းရုပ်ကို အမည်မှည့်ထားသော ပညတ်ကိုသာ အရိပ်အရောင်နှင့်တကွ ငါသိတယ်ဟု မှတ်ခြင်း ဥစ္စေဒဒိဋ္ဌိ ရှေ့ပြေးပြု၏၊ ငါသိတာမဟုတ် တွန့်ကာ တွန့်ကာ ရှိပြန်လည်း သဿတဒိဋ္ဌိနောက်သို့ တွန့်လိုက်ခြင်း ဖြစ်၏၊ ထိုဥစ္စေဒဒိဋ္ဌိ သဿတဒိဋ္ဌိ အစွန်းနှစ်ပါး မလွတ်ငြားသဖြင့် အမြင် အဆင်း ပညတ် သိမ်းပိုက်မိခြင်း, အကြား အသံပညတ် သိမ်းပိုက်မိခြင်း, အနံ့ အနံပညတ်သိမ်းပိုက်မိခြင်း, အလျက် စားစရာပညတ် သိမ်းပိုက်မိခြင်း, ကိုယ် တွေ့ထိစရာပညတ် သိမ်းပိုက်မိခြင်း ထိုပညတ်မျိုးကိုသာ မနောဝိညာဏဓာတ် အမှတ်မှားသည်၊ မနာရမ္မဏဖြစ်ပုံ သတိပြု၊ တဒနုဝတ္တကဝီထိ သတိပြုကြပါ။

ထို ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့သည် ရုပ်မည်၏၊ မြန်မာလို အဆင်း အသံ အနံ့ စားစရာ တွေ့ထိစရာ ၎င်းငါးပါးကို ရုပ်ခေါ်၏၊ အရှိပရမတ် ခေါ်၏၊ ထိုအရှိပရမတ်ကို ခေါ်ရခြင်းငှါ အမည်မှည့်ရ၏၊ ၎င်းအရိပ် အရောင်နှင့်တကွ အရိပ်အရောင် သိမ်းပိုက်ခြင်း အမှတ်မှားခြင်းကို အဝိဇ္ဇာ ခေါ်၏၊ သတိပြုကြပါ၊ နာမ်ရုပ်ဖြစ်ပုံ ပြောဆိုအံ့၊ ထိုပညတ်ဓမ္မာရုံကို အသိမှား အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ

အတိတ်အကြောင်း ငါးပါးကြောင့် သမယပစ္စုပ္ပန်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပစ္စုပ္ပန် အကျိုး ငါးပါး၊ ထိုအကျိုးငါးပါးကို မသိမမြင်နိုင်သဖြင့် ပစ္စုပ္ပန်"အကြောင်း ငါးပါးကြောင့် အနာဂတ် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အကျိုးငါးပါး ဖြစ်ကြကုန်၏၊ ထိုကာလ သုံးပါးတို့တွင် သမယပစ္စုပ္ပန် အကျိုးငါးပါးကို ခန္ဓာဖွဲ့သော ဥပါဒါနက္ခန္ဓာငါးပါး နာမ်ရုပ်တရားဟု ခေါ်ဆိုကြရ၏။

ထိုသမယပစ္စုပ္ပန်၌ အကျိုးနာမ်ရုပ် နှစ်ပါးကို မသိမမြင် နိုင်ကြသဖြင့်၊ ဝါ- တနည်းကား တခဲနက်သော ဃနလေးစည်း ကား အစဉ်စပ်နေ၍ နာမ်ရုပ်နှစ်ပါး၏ ဖြစ်ပုံ ပျက်ပုံ စနစ်ကုန် မမြင်ကြသဖြင့်၊ ဝါ- တနည်းကား ပရိကမ္မဘာဝနာ ဉာဏ် အစွန်းနှစ်ပါးနှင့် နာမ်ရုပ်နှစ်ပါး အဖြစ်ကဘယ်လို အပျက်က ဘယ်နည်း။

အဘိညာ ပရိညေယျ ဉာဏ်ကြီးကို ပိုင်းခြား၍ မသိမမြင် နိုင်ခြင်းကြောင့် ပုထုဇဉ် သတ္တဝါ ဟူသမျှတို့သည် နိစ္စ-မြဲသည် ဟု ထင်မှတ်ခြင်း၊ သုခ-ချမ်းသာသည်ဟု ထင်မှတ်ခြင်း၊ အတ္တ- ငါပိုင် ငါဆိုင်သည်ဟု ထင်မှတ်ခြင်း၊ သုဘ- တင့်တယ်သည်ဟု ထင်မှတ်ခြင်း၊ သာရ လေးလုံး ပုထုဇဉ်သတ္တဝါ သုံးကြ၍၊ ဝါ- တနည်းကား အနှစ်ရှိသည်ဟု ထင်မှတ်သုံးကြ၍ သမယ ပစ္စုပ္ပန် အကျိုးတရား နာမ်ရုပ်ကို ပိုင်းခြားနိုင်သော အသိ ဉာဏ်မရှိကြသဖြင့် ပစ္စုပ္ပန်မှာသာ တဏှာ ဥပါဒါန် ကမ္မဘဝ

အဝိဇ္ဇာ သင်္ခါရ အကြောင်းတရားငါးပါး ဖြစ်ကြ၍၊ ဝါ-တနည်းကား သမယပစ္စုပ္ပန် အဇ္ဈတ္တသန္တာန်မှာ တဏှာငြိကြသဖြင့် ဗဟိဒ္ဓသန္တာန်မှာ ငါသိပြီဟု အဒ္ဓါနပစ္စုပ္ပန် အကျိုးတရားအပေါ်မှာ မပိုင်းခြားနိုင်သဖြင့် ငါ့သား ငါ့မယား ငါ့အိုး ငါ့အိမ် ငါ့ကိုယ်ဟု အမှတ်စွဲပြီး ဇာတ်ပွဲကြီး ဖြစ်ရလေတော့သတည်း၊ ပုထုဇဉ် ရှင် ရဟန်းတို့မှာလည်း အမြင်ကန်းခြင်းဖြင့် အပြင်ဘန်းတခွင်မှာ ပညတ်ဓမ္မာရုံစွဲပြီး ငါ့တကာဘဲ ငါ့တကာမဘဲ ငါ့ကျောင်း ငါ့တပည့်ဟု သညာအမှုတွေနှင့် မြင်တာကို ပညာဖြစ်အောင် မရှုနိုင်ဘဲ ဖြစ်တတ်လေတော့သတည်း။

(သတိပြုပါ၊ လူ ရှင် ရဟန်း သာသနအလင်း နေလို ထွန်းစေမည်။)

ထိုအဇ္ဈတ္တသန္တာန် အရိပ်အရောင်ဖြစ်သော နာမ်ရုပ်စွဲပြီးမှ ဗဟိဒ္ဓသန္တာန် ရုပ်နာမ်မသိ၍ ဘာဘဲ ညာဘဲ စွဲနိုင်ပါသည်၊ တနည်းကား အဇ္ဈတ္တသန္တာန် အသိမှား အဝိဇ္ဇာခေါ်၍၊ ကိလေသာဝဋ္ဋ ဒါကို နာမ်မှာ အဝိဇ္ဇာခြံရံသည်ဟု ဟောတော်မူ၍၊ ဗဟိဒ္ဓသန္တာန်ကို တဏှာခေါ်၍၊ ကာမဝဋ္ဋ ဒါကို ရုပ်မှာ တဏှာခြံရံသည်ဟု ဟောတော်မူ၍၊ အကြမ်းစား သိတော်မူပါ။

ယခု ပြဆိုခဲ့တဲ့ အရိပ်အရောင် ပညတ် ဓမ္မာရုံထိုက်သော နာမ်ရုပ်နှစ်ပါးတို့မှာလဲ ဘာဝနာမယ ဉာဏ်အစွမ်းနှင့်မှသာ

မြင်စွမ်းနိုင်သော နာမ်ရုပ်မှာလဲ နာမ်မှာ အဝိဇ္ဇာခြံရံ၍၊ ရုပ်မှာ တဏှာခြံရံ၍၊ ထိုအဝိဇ္ဇာခြံရံသော နာမ်ပေါ်ဆဲ ကိလေသာကို သာ မဂ်ဖြင့် ပယ်သတ်နိုင်၏၊ ဆရာရှာရမည်။ (သတိ)

## သညာဝိပလ္လာသစက်

၁။ မျက်စိဖွင့်ခြင်း အလင်းနှင့်သာ၊
အဆင်းဓာတ်မင်း နှလုံးသွင်းပါ၊
အဲသည်လေးခု ဆုံမှုအခါ၊
ရုပ်-ပညတ် စွဲမှတ်သိမ်းပိုက်တာ။

၂။ အရိပ်ပညတ် ချဉ်းကပ်ဖန်ဖန်၊
သဏ္ဌာန်အများ စွဲထားလေပြန်၊
စွဲထားလေငြား ငြိမှားကေန်၊
အသိမှား သိထားစိတ်ကကြံ။

၃။ သိတာကိုစွဲ ငါဘဲထင်လာ၊
ရှေးခါကာလ မြင်ရကြုံတာ၊
ကြုံလာသမျှ ငါကားသိတာ၊
သိမ်းပိုက်ထား အမှားဘဝပါ။

၄။ အစွဲမှားက ဖြစ်ရမိစွာ၊
အဘိဇ္ဈာများ အနားရောက်လာ၊
ရောက်လာသမျှ ကြောင့်ကြပူရှာ၊
ဗျာပါဒ ဒေါသမနော်မှာ။

ထိုသဘာဝလေးတွဲ ပေါင်းဆုံလျှင် မြင်တာဘဲ၊ ၎င်းမြင်သိမပိုင်းခြားတတ်တော့ မနောဝိညာဏဓာတ် မနာရမ္မဏက ရှေးအတိတ် ရက်ကာလက ပညတ်ရိပ်တွေ ဆွဲဆောင်ဇုရုံးယူလာပြီး မြင်တာပေါ် သညာချော် အမှားဖုံးလိုက်တော့ အဒ္ဒါနပစ္စုပ္ပန် ကျရောက်နေသော ဗဟိဒ္ဓအပြင်ပ မြင်သမျှ အဆင်းရုပါရုံ အပေါ်မှာ ဒါမှ ငါကွ သိရပြီဟု ကြံသမျှ အဆင်းအပေါ် မတော်သည်တော်သည် အသိညာဏ်ကင်း အတင်းလော်မာကာ ကာယကံ ဝစီကံ မနောကံ အမှု အပြင်ပ ရုပ်အစုအပေါ်မှာ အမှတ်မှားရှဲ မရပ်မနားဘဲ ပြုကျင့်တာကို အဝိဇ္ဇာမာနနှင့် ပညတ်တော်မူပြီး သညာဝိပလ္လာသစက်ရယ်လို့ သီလပျက်ခြင်း အကြောင်း ဘုရားမြတ်က ဆုံးမတော်မူတယ်။

စိတ္တေန သံကိလိဿနေ၊ သံကိလိဿန္တိ မာဏဝါ။
စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိ ဝုတ္တံ မဟေသိနာ။
ပါဠိတော်။

**အနက်ကား** သံကိလိဿနေ၊ နောက်ကိုထွေးရှုပ် အတွင်းပုပ်သဘောဖြင့် ဆိုးညစ်စွာသော။ စိတ္တေန၊ ပညတ်ရိပ်ဇော သဘောနှစ်ခိုက် အမိုက် ရှေ့သွား စိတ်အမှားကြောင့်။ မာဏဝါ၊ ကြော့ကြော့ ကြော့ကြော့ တမော့မော့နှင့် ဟော့ဟော့ရမ်းရမ်း စည်းကမ်းမထားနိုင်ကြတဲ့ သတ္တဝါအများတို့သည်။ သံကိလိဿန္တိ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး

မကောင်းကျိုး ဖြစ်ကြလေကုန်၏။ စိတ္တေ၊ ဟဒယခေါ်တော်မှီကပ်ခိုဝင် စိတ်အစဉ်သည်။ သုဒ္ဓေ၊ ကောင်းကင်ကြယ် ပုလဲအဆင်းကဲ့သို့ ဖြူဖွေးဝင်းဝင်း စင်ကြယ်ခြင်း ဖြစ်လတ်သော်။ မာဏဝ၊ လုလင် ရှင် သောင်းပြောင်း သတ္တဝါအပေါင်းတို့သည်။ ဝိသုဒ္ဓိ၊ မောဟလည်းမရှိ လောဘလည်းမခြံ ပညတ်ရှိအကုန်ကင်း၍ သန့်ရှင်း စင်ကြယ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ သီလက္ခန္ဓ စသည်ကျေးဇူးဂုဏ်အထူးကို လမ်းမှန်ပြတတ် ဘုရားမြတ်သည်။ ဝုတ္တံ၊ ရွှေနှုတ်တော်ကြွာကုမုဒ်မှ ထုတ်မြွက်ကာ ဟောကြားတော် မူပါပေသတည်း။

ထိုသဘာဝ လေးတွဲ တိုက်ဆိုင်ဆဲတွင် အကျိုးတရား မသိသဖြင့်ရင်း၊ တနည်းကား အကျိုးကျေးဇူး ပိုင်းခြားနိုင်သော ဉာဏ်မရှိကြသဖြင့်ရင်း အပ္ပဋိစ္စသန္တဒုက္ခ ပဋိစ္စသန္တဒုက္ခပိုင်းခြားနိုင်သော အသိဉာဏ်မရှိလျှင် အဝိဇ္ဇာဖြစ်၍ ထိုအဝိဇ္ဇာဟူသည်ကား သစ္စာထိုက်သော အကျဉ်းအားဖြင့် လေးပါးသော တရားကို မသိခြင်း၊ တနည်းကား ပုထုဇဉ် အန္ဓ လူ့ဗာလတို့ မသိနိုင်သော သစ္စာလေးပါးတရားကို မသိခြင်းသည် အဝိဇ္ဇာမည်၏ဟု နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟော၏။

အဝိဇ္ဇာတိ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ အညာဏံ-ဟု ဟောတော်မူ၏။

အနက်ကား အဝိဇ္ဇာတိ၊ အဝိဇ္ဇာဟူသည်ကား။ ဒုက္ခေ၊ အရိယာသပ္ပုရိသသူတော်ကောင်းတို့ သိစွမ်းနိုင်သော ဒုက္ခသစ္စာတရား၌။ အညာဏံ၊ မသိမမြင်ခြင်းသည်ရင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာ၌။ အညာဏံ၊ မသိခြင်းသည်ရင်း။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာ၌။ အညာဏံ၊ မသိခြင်းသည်ရင်း။ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ် ဖြစ်သော မဂ်ပညာ၌။ အညာဏံ၊ မသိမမြင် မထင်နိုင်ခြင်းသည်ရင်း-ဟု ဟောတော်မူ၏၊ အောက်၌ အဓိပ္ပါယ်။(သတိ)

## အဓိပ္ပါယ်ကား

ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ထိုသစ္စာလေးပါးကို မသိလျှင် အဝိဇ္ဇာဟု ခေါ်ဆိုအပ်၏၊ အဘယ်တရား၌ သစ္စာထိုက်သနည်း ဆိုသည်ရှိသော် ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နတရား၌ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏဟူသော အကျိုးဖလရှစ်ပါး၌ ဒုက္ခသစ္စာထိုက်သည်ကို မသိခြင်း။

ထိုအကျိုး ဖလရှစ်ပါး ဥပါဒါနက္ခန္ဓာ ငါးပါးသည် နာမ်ရုပ်အားဖြင့် နှစ်ပါး၊ သမယပစ္စုပ္ပန်၌ တဖွားဖွား ဖြစ်ပျက်နေခြင်းကို ဝိပဿနာ ဉာဏစရိယ သမ္မာဒိဋ္ဌိဉာဏ် မရနိုင်

ကြသဖြင့် ပိုင်းခြား၍ မမြင်မသိနိုင်ခြင်းသည် အဝိဇ္ဇာတည်းဟူသော မောဟတရားကိုယ် မည်ပေ၏၊ ထိုပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တည်းဟူသော ဥပါဒါနက္ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါး၏ အတိတ် အကြောင်းတရား ငါးပါး၊ သမုဒယသစ္စာကိုလည်း မသိမမြင်ခြင်းသည် အဝိဇ္ဇာမည်၏၊ ထိုမှတပါး သမယပစ္စုပ္ပန်၌ လူ နတ်မဟုတ် နာမ်နှင့်ရုပ်ကို အသိဉာဏ်မရှိသဖြင့် မမြင်မစွမ်းနိုင်၍ ထိုနာမ်ရုပ်အပေါ်မှာ ကပ်ငြိတွယ်တာ၍ နေသော တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ သမယပစ္စုပ္ပန်မှ စပ်လျက် တွယ်တာနေသော အကြောင်း ငါးပါး သမုဒယသစ္စာကို မသိမမြင်ခြင်းသည် အဝိဇ္ဇာတည်းဟူသော မောဟတရားကိုယ် မည်ပါပေ၏၊ အတိုချုပ်စကား ပဋိစ္စသမုပ္ပန္န တရား သမယပစ္စုပ္ပန် တည့်တည့် ဝိပဿနာ ဉာဏစရိယနှင့် မမြင်မစွမ်းနိုင်၍ အကျိုး ဝေဒနာနှင့် အကြောင်း တဏှာ မသိခြင်းသည် အဝိဇ္ဇာနှစ်လုံး ဖြစ်ပါပေ၏၊ ပရိကမ္မဘာဝနာလုပ်ငန်း အရေးကြီး၏။ (ဆရာရှာကြပါ)

ထိုမှတပါး ကျန်သော အဝိဇ္ဇာနှစ်ပါးကို ပြဆိုဦးအံ့၊ ၎င်းနောက် ပြဆိုခဲ့သော ပစ္စုပ္ပန်သမယ၌ ဖြစ်ပေါ်နေသော အကျိုးဝေဒနာ ချုပ်ငြိမ်းခြင်း၊ နိရောဓသစ္စာကို မသိမမြင်နိုင်ခြင်းသည် အဝိဇ္ဇာ တည်းဟူသော မောဟတရားကိုယ် မည်ပါပေ၏၊ သမယပစ္စုပ္ပန်၌ ဥပါဒါနက္ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို အကြွင်းမဲ့ ရုပ်သိမ်း၍

ချုပ်ငြိမ်းခြင်း တည်းဟူသော သန္တိလက္ခဏာဖြင့် ထင်ရှား ရှိသော ပရမတ္ထဓမ္မာရုံ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို မသိ မမြင်နိုင်ခြင်းသည် အဝိဇ္ဇာ မည်ပါပေ၏။

ပဋိစ္စသမုပ္ပါဒ အကျိုးဖလ ရှစ်ပါး ချုပ်ငြိမ်း၍ ရုပ်သိမ်း စေတတ်သော နိရောဓသစ္စာ မြတ်နိဗ္ဗာန်ကို မသိမမြင် မျက်မှောက် မပြုနိုင်ခြင်းသည်လည်း အဝိဇ္ဇာ မည်ပါပေ၏၊ သမယပစ္စုပ္ပန်၌ တဏှာ သမုဒယကို ပယ်ဖျက်နိုင်သော မဂ္ဂ သစ္စာထိုက်သော တရားများကို မပွားများ မဆင်ခြင် မသုံး သပ်နိုင်၍ မသိမမြင်ခြင်းသည် အဝိဇ္ဇာ မည်ပါပေ၏၊ သမယ ပစ္စုပ္ပန် နာမ်ပေါ်ဆဲ ကိလေသာကို ပယ်သတ်နိုင်သော မဂ္ဂ သစ္စာထိုက်သော ဘာဝေတဗ္ဗ တရားတို့ကို မသိမမြင်နိုင်ခြင်း သည် အဝိဇ္ဇာ မောဟတရားကိုယ် မည်ပါပေ၏။ (လော ကုတ္တရာ သစ္စာနှစ်ပါးကို မသိ)

ထို့ကြောင့် ဥပါဒါနက္ခန္ဓာ ငါးပါး ဒုက္ခသစ္စာမသိလျှင် အဝိဇ္ဇာတပါး၊ ဥပါဒါနက္ခန္ဓာ၏ အကြောင်း သမုဒယသစ္စာ မသိလျှင် အဝိဇ္ဇာတပါး၊ ဥပါဒါနက္ခန္ဓာ ဖြစ်သော ဒုက္ခ၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာ မသိလျှင် အဝိဇ္ဇာတပါး၊ သမုဒယ သစ္စာကို ပယ်သတ်နိုင်သော မဂ္ဂသစ္စာမသိလျှင် အဝိဇ္ဇာတပါး၊ ဤသို့အကျဉ်း ဥဒ္ဒေသအားဖြင့် လေးပါးကို ဟောတော်မူ၏၊ ထိုမှတပါး ဆိုဦးအံ့၊ ပရိကမ္မဘာဝနာ အစွန်းနှစ်ပါးနှင့်၊ ဝါ-

တနည်းကား ဝိပဿနာ ဉာဏစရိယ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သမယပစ္စုပ္ပန်တည့်တည့် ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာ ဉာဏ်ဖြင့် သိခြင်း ဝိဇ္ဇာတပါး၊ ဥပါဒါနက္ခန္ဓာငါးပါး၏ အကြောင်း သမုဒယသစ္စာဉာဏ်ဖြင့် သိခြင်း ဝိဇ္ဇာတပါး၊ ဥပါဒါနက္ခန္ဓာ၏ ချုပ်ငြိမ်းသော နိရောဓသစ္စာဉာဏ်ဖြင့် သိခြင်း ဝိဇ္ဇာတပါး၊ သမုဒယသစ္စာကို ပယ်သတ်နိုင်သော မဂ္ဂသစ္စာဉာဏ်ဖြင့် သိခြင်း ဝိဇ္ဇာတပါး၊ဤသို့ အကျဉ်း ဥဒ္ဒေသ အားဖြင့် ဝိဇ္ဇာလေးပါးကို ဘုရားရှင် ဟောတော်မူပါ၏၊ ထိုပစ္စုပ္ပန်သမုပ္ပန္နဖြစ်သော ဥပါဒါနက္ခန္ဓာကိုသာလျှင် ဒုက္ခသစ္စာ ဟု ဟောတော်မူပါ၏၊ ထို့ကြောင့် ရှင်ဥပဝါဏရဟန်း ဒုက္ခသစ္စာကို မေးလျှောက်ရာတွင် မြတ်စွာဘုရားက နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ "ပစ္စုပ္ပန္နံ ဒုက္ခံ မယာ" ဟု ဟောတော် မူ၏။ (သတိပြုကြပါ)

ကတမော စ ဘိက္ခဝေ သက္ကာယော၊
ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သက္ကာယသုတ်ကို ကြည့်ကြပါ။

အနက်ကား ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။သက္ကာယော၊ သက္ကာယသည်။ ကတမော၊ အဘယ်တရားဖြစ်ပါသနည်း။ ပဉ္စုပါဒါနက္ခန္ဓာတိ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍။ ဝစနီယံ၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ပါပေ၏။

မြတ်စွာဘုရားသည် ဥပါဒါနက္ခန္ဓာ ငါးပါးကိုသာလျှင် သက္ကာယဟု ဟောတော်မူသည်ကိုလည်း သတိပြုကြပါ၊ ထို့ကြောင့် ဤဥပါဒါနက္ခန္ဓာ ပညတ်ဓမ္မာရုံ၌ ငါသိ ငါပိုင် ငါဆိုင်သည်ဟု အစွဲပြုလျက် ထားခြင်းကို အဇ္ဈတ္တာယတန ခြောက်ပါးဖြစ်၍ ဗဟိဒ္ဓဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဓမ္မာရုံတို့၌ ငါမြင်သည် ငါကြားသည် ငါနံသည် ငါလျက်သည် ငါတွေ့သည် ငါထိသည် ငါသိသည်ဟု စွဲလမ်းပြုသည်ကို ဗဟိဒ္ဓါယတနဟု ဟောတော်မူပါသည်၊ ထိုကဲ့သို့ အဇ္ဈတ္တာယတန ခြောက်ပါးနှင့် ဗဟိဒ္ဓါယတန ခြောက်ပါး စပ်လျက် ဖြစ်ပေါ်နေခြင်းကို ဇာတိဟု သိရမည်၊သမယပစ္စုပ္ပန် ခေါ်၏၊ ပဋိစ္စသမုပ္ပါဒ်ဟုလည်း ခေါ်၏၊ ထိုမှတပါး အဒ္ဓါနပစ္စုပ္ပန် ဇာတိကား ဘာဝနာမယဉာဏ်နှင့် ထင်နိုင်သော အရာမဟုတ်၊ ဘုရားရှင်၏ ဉာဏ်အရာသာ ဖြစ်သည်။ (သတိပြုပါ)

ထိုအဒ္ဓါနပစ္စုပ္ပန် ဇာတိမှအစ မရဏ သမ္မုတိ သေခြင်းအဆုံးရှိသော ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါး သတ္တ ဇီဝ ကရဇ သရီရအထည်ဒြပ်ရှိသော ဘုံဘဝ ကြုံရသည့်အကျိုး ခန္ဓာအရှိပရမတ္ထသဘာဝ ရုပ်နာမ်အပေါ်မှာ သတိပြုဆိုမည်၊မရှိပရမတ်ဥပါဒါနက္ခန္ဓာငါးပါး၌ သတ္တ ဇီဝ ကရဇ သရီရ အထည်ဒြပ်ရှိသည်ဟူ၍ မိစ္ဆာပညတ်သွင်းလျက် သတ္တဝါရှိသည် အသက်ရှိသည် ကိုယ်ရှိသည် လူရှိသည် ယောကျ်ား, မိန်းမရှိသည်ဟု

စွဲကြလေ၏၊ တနည်းကား- ဥပါဒါနက္ခန္ဓာ ဇာတိ မမြင်စွမ်းနိုင်သဖြင့် ၎င်းဥပါဒါနက္ခန္ဓာခေါ် ပဉ္စုပါဒါနက္ခန္ဓာထဲမှ ပညတ်ဓမ္မာရုံ သွင်းထားလျက် ယူစွဲပြီး ပဉ္စက္ခန္ဓာ ငါးပါးအပေါ်မှာ လူဘဲ နတ်ဘဲ ယောကျ်ားဘဲ မိန်းမဘဲဟု ထင်ကြေးနှင့် ပုထုဇဉ်ဟူသမျှ ယူဆလျက် အာရုံနိမိတ် အဆိပ်ကို အသုံးပြုကြ၏။

အာရုံနိမိတ် ပညတ်ရုပ် အဆိပ်အိုးကြီးကို ဘယ်အတွက်ကြောင့် မထင်နိုင် မမြင်နိုင်ကြပါသနည်း၊ ဝါ- တနည်းကား အာရုံနှင့် အာရမ္မဏိက ပြိုင်လျက်၎င်း၊ ပစ္စည်းနှင့် ပစ္စယုပ္ပန် ပြိုင်လျက်၎င်း၊ဝေဒနာနှင့် တဏှာစပ်လျက် ပြေးလွှားဖြစ်ပေါ်နေခြင်းကို အဘယ်အတွက်ကြောင့် မမြင်နိုင်ကြပါသနည်း၊ ဝါ- တနည်းကား လူ နတ်မဟုတ် ဓာတ်မှန်ရုပ်ဟု ခေါ်ဆိုထိုက်သော နာမ်ရုပ်နှစ်ပါးကို ဘယ်အတွက်ကြောင့် မထင်နိုင် မမြင်နိုင်ကြပါသနည်း၊ ဣရိယာပုထ် ဖုံးလွှမ်းခြင်းဖြင့်၎င်း၊ ဝါ- တနည်းကား ကာယဝိညတ် ဝစီဝိညတ် ဝိညတ်နှစ်ပါးဖြင့် ဖုံးလွှမ်းသဖြင့်၎င်း၊ သုခ ဒုက္ခ ရုပ် ဝေဒနာတို့ မငြိမ်းသဖြင့်၎င်း၊ ဝါ-တနည်းကား ပရိကမ္မဘာဝနာ ဉာဏ်မရသဖြင့်၎င်း၊ ဝါ-ဆရာကောင်း၏ အထံမှ သဒ္ဒ ဥပနိဿ မမှီဝဲရလို့၎င်း၊ မှီဝဲရသော်လည်း ခဏိကသမာဓိ အစွန်းနှင့် မယှဉ် မသုံးသပ်သဖြင့် မသိမမြင်နိုင် ဖြစ်ကုန်၏။ (သတိပြု) အောက်၌ပြောဆိုမည်။

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်အလောင်း ပစ္ဆိမဘဝသား ဥပတိဿ ကောလိတတို့တောင် ဆရာမှန် ဆရာမြတ်တို့၏ အသံမှီရမှ ခဏကာသမာဓိအားဖြင့် ယောနိသောမနသိကာရ လုပ်နိုင်သည်၊ ဆရာမှန်ရှာရမည်၊ ဆရာရှာပါ။ ဤကျမ်းရေးသော ပုဂ္ဂိုလ်ပင်လျှင် ဆရာ ရှာရပါသည်။ (သတိပြုကြပါ)

ဘုရားရှင်အား ကစ္စည်းမထေရ်သည် လျှောက်ထားမေးမြန်းတော်မူသည်မှာ ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား သမ္မာဒိဋ္ဌိအယူနှင့် မိစ္ဆာဒိဋ္ဌိအယူကို မိန့်တော်မူပါဟု လျှောက်ထားရာတွင် ဘုရားရှင်သည် နိဒါနဝဂ္ဂသံယုတ်၌ မိန့်တော်မူ၏။

ဒ္ဝယနိဿိတော ခွါယံ ကစ္စာန လောကော
ယေဘုယျေန အတ္ထိတဥ္စေဝ နတ္ထိတဥ္စ။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ ကြည့်တော်မူကြပါ။

**အနက်ကား** ကစ္စာန၊ အို-ကစ္စည်းမထေရ်။ ယေဘုယျေန၊ များသောအားဖြင့်။ ခေါ၊ စင်စစ်။ အယံလောကော၊ ဤဥပါဒါနက္ခန္ဓာ ဟူသော သင်္ခါရလောကကြီးသည်။ အတ္ထိတဥ္စေဝ၊ ထင်ရှားရှိသော နိရောဓကိုလည်းကောင်း။ နတ္ထိတဥ္စ၊ ထင်ရှားမရှိသော သမုဒယကိုလည်းကောင်း။ ဒ္ဝယနိဿိတော၊ နှစ်ပါးလုံး မသိခြင်းနှင့်အမြဲမပြတ် မှီ၍နေလေ၏။

## အဓိပ္ပါယ်ကား

ထို့ကြောင့် တရားရှာကြသော လူ ရှင် ရဟန်းတို့သည် ပဋိစ္စသမုပ္ပန္န ဒုက္ခသစ္စာထိုက်သော ဥပါဒါနက္ခန္ဓာ ထင်ရှားဖြစ် ပျက်နှင့် ပဋိစ္စသမုပ္ပန္န ထင်ရှားမရှိသော သမုဒယသစ္စာကို သိမှသာ သမ္မာဒိဋ္ဌိ ဉာဏစရိယ ဉာဏ်ဖြစ်မှသာလျှင် ဝိပဿနာ ဘာဝနာဉာဏ် ဖြစ်ပါလိမ့်မည်၊ ထိုမှတပါး ဘုံဘဝနှင့် ရရှိထားသော ကိုယ်ခန္ဓာကို ဝိပဿနာရှုလျှင် မိမိတို့အရာ မဟုတ်ပါ၊ မဟာဘူတာ ဝါရခေါ်သည်၊ ဘုရားရှင် ဉာဏ်အရာသာမှတ်ပါ၊

(ခန္ဓဝါရသာလျှင် ယောဂီသူမှန်တို့အရာ သတိပြုပါ။)

## အဓိပ္ပါယ်ကား

ထိုနိရောဓနှင့် သမုဒယဟူသော အတ္ထိ နတ္ထိ အရှိ မရှိကို မသိမမြင်နိုင်သောကြောင့် သမ္မာဒိဋ္ဌိ အမြင်မှန် တရားကြီးသည် ကွယ်ပျောက်သဖြင့် အမျိုးမျိုးသော မိစ္ဆာဒိဋ္ဌိ မှားသော အာယူဝါဒ အမျိုးမျိုးနှင့်သာ ဖြစ်၍နေလျက် အမျိုးမျိုးသော ဘဝတို့၌ အမျိုးမျိုးသော ဒုက္ခဆင်းရဲနှင့်သာ တွေ့ကြုံနေကြ၏-ဟု ဟောတော်မူခဲ့လေ၏။

စိတ္တသာ ဟိ ခဏာဘင်္ဂေါ အတိလဟုကော ဗုဒ္ဓါနံယေဝ
ဝိသယော၊ သန္တတိဘင်္ဂေါ ပန သာဝကာနံ ဝိသယော
ဟောတိ၊ ဧဝံ ခဏာဘင်္ဂဿ အဝိသယတ္တာဝ သာရိပုတ္တာ

ထေရောပိ နေဝသညာနာသညာယတနံ အနုပ္ပါဒ ဝိပဿနံ ကာတုံ န သက္ကောတီတိ ဝုတ္တံ။

(ဋီကာဆရာ မိန့်မှာသော ဇိနာလင်္ကာဋီကာမှာ သတိပြုပါ။)

**အနက်ကား** ဟိ-ဝိတ္ထာရေမိ၊ ထိုစကားကို အကျယ်ချဲ့၍ ပြဦးအံ့။ စိတ္တဿ၊ စိတ်အစဉ်၏။ ခဏာဘင်္ဂေ၊ ခဏငယ်သုံးချက် ပျက်ခြင်း ချုပ်ခြင်းသည်။ အတိလဟုကော၊ အလွန့်အလွန် လျင်မြန်၏။ ဗုဒ္ဓါနံယေဝ၊ မြတ်စွာဘုရားတို့၏ သာလျှင်။ ဝိသယော၊ အရာပေတည်း။ သန္တတိဘင်္ဂေ ပန၊ သန္တာန် အရိပ် ပရမတ္ထသဘာဝ ပညတ္တိပထဖြစ်သော အစဉ်တခု၏ ပျက်ခြင်း သည်ကား။ သာဝကာနံ၊ ဘုရားတပည့် သာဝက အရိယာ သပ္ပုရိသ သူတော်ကောင်းတို့၏။ ဝိသယော၊ ကမ္မဋ္ဌာန်း ဘာဝနာ ဝိပဿနာ စီးဖြန်းပွားများသော အရာသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ခဏာဘင်္ဂဿ၊ ခဏငယ်သုံးချက် ချုပ်ပျက် ချုပ်ပျက်၍ နေသော စိတ်ဝိညာဏ်၏။ အဝိသ-ယတ္တာဝ၊ ကမ္မဋ္ဌာန်း ဘာဝနာ ဝိပဿနာ စီးဖြန်းသောအရာ မဟုတ်သည်၏ အဖြစ်ကြောင့်သာလျှင်။ သာရိပုတ္တဲထေရောပိ၊ သာရိပုတ္တရာမထေရ် မြတ်သည်လည်း။ နေဝသညာနာသညာ ယတနံ၊ နေဝသညာနာသညာယတန စျာန်ဟူသော စိတ် ဝိညာဏ်ကို။ အနုပ္ပါဒဝိပဿနံ၊ အကြောင်းနှင့်တကွ စိတ် ဝိညာဏ် အစဉ်ကို ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ခြင်းကို။

ကာတုံ၊ ပြုခြင်းငှါ။ နှ သက္ကောတိ၊ မစွမ်းနိုင်။ ဉာတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူ၏။

## အဓိပ္ပါယ်ကား

ပထဝီ အာပေါ တေဇော ဝါယော အာကာသ ဝိညာဏ် ခြောက်ပါးသော ဓာတ်နှင့်တကွ ဖွဲ့ထားသော ခန္ဓာသည် ပရမတ္ထ ဘူတရုပ် ခန္ဓာဖြစ်၏၊သတ္တာဝါသ ဘုံကိုးဝတွင် ဉပါဒ်ဌီ ဘင် ခဏငယ်သုံးချက်နှင့် တကွ သော အထည်ဒြပ် သတ္တာ ဇီဝ ကရဇ သရီရရှိသော ခန္ဓာငါးပါးသည် ဥပါဒါန် မစွဲလမ်းနိုင် သော ခန္ဓာဖြစ်၍ ပရိညေယျ ပိုင်းခြားရုံသာ သိရမည် ဖြစ်၏၊ ထိုဘူတရုပ်လေးပါးနှင့်တကွသော စိတ်ဝိညာဏ်၏ ဖြစ်ပျက်ကို သတိတရား မလိုက်နိုင်၊ အလွန့်အလွန် လျင်မြန်၍ ဘုရားရှင်၏ ဉာဏ်အရာသာ ဖြစ်သည်ဟု ဆိုပါသည်၊ ဘုရားရှင်၏ တပည့် သား အရိယာ သပ္ပုရိသ သူတော်ကောင်းတို့၏၊ တနည်းကား ယခုအခါတရားရှာကြသော ယောဂီပုဂ္ဂိုလ်များတို့၏ ဝိပဿနာ အရာကား နာမ် ရုပ်ဟု အသမုတ်ခံရသော ပညတ် ဓမ္မာရုံဖြစ် သော ဥပါဒါနက္ခန္ဓာ၏ ဖြစ်ခြင်း ပျက်ခြင်းကိုသာလျှင် စီးဖြန်း ပွားများနိုင်သည်ဟု ဆိုလိုပါသည်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်များ၌လည်း ဝိပဿနာ ပွားများ အားထုတ်ထိုက်သော ခြောက်ဒွါရကို အကြီးအကဲထား၍ ဟောတော်မူသည်ကိုလည်း သတိပြုပါ။

ထို့ကြောင့် တရားရှာကြသော ပုဂ္ဂိုလ်တို့သည် ဝိပါက် ရုပ် ဝိပါက်နာမ်တို့၏ စိတ်သက်ခဏနှင့် ရုပ်သက်ခဏသည် လွန်စွာမြန်ခြင်းကြောင့် ဝိပဿနာလုပ်ငန်း မဟုတ်ပါ၊ ဘုရားရှင်၏ ဉာဏ်အရာမှာသာ မြင်စွမ်းနိုင်၏၊ ထိုမှတပါး သဘာဝလေးတွဲနှင့် တကွသော၊ ဝါ-တနည်းကား မျက်စိ အလင်း အဆင်း နှလုံးသွင်း လေးဦးပေါင်းဆုံ၍ မြင်သိအာထဲမှ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ကံ စိတ် ဥတု အာဟာရ ငင်းတဆယ့်နှစ်ပါး ထောက်ပံ့ထားခြင်းကြောင့် ဖြစ်ပေါ်နေသော ရုပ်အရှိန် နာမ်အရှိန်တို့သည် အလွန့်အလွန် လျင်မြင်ခြင်းကြောင့် ဘုရားသခင် ဉာဏ်တော်မှသာ စွမ်းနိုင်၏၊ အဲသည့် နာမ် ရုပ်တို့ကို ပိုင်းခြားကာမျှ သိရမည်၊ မျက်စိကဲ့သို့ နား နှာခေါင်း လျှာ ကိုယ် မနောတို့ကိုလည်း မှတ်ကြပါ၊ ထိုမှတပါး မျက်စိဒွါရ နားဒွါရ နှာခေါင်းဒွါရ လျှာဒွါရ ကိုယ်ဒွါရ မနောဒွါရ ငင်းခြောက်ဒွါရအပေါ်မှာ ပညတ်မမှာရုံကို အစဉ်ကဲ့သို့ သိမ်းပိုက်မိသဖြင့် မရုပ်မနားဘဲ ကျရောက်နေသော သန္တတိခေါ် သန္တာန်ပရမတ္ထသဘာဝကို ရှာကြ၍၊ ဝါ-သတိဗိုလ်နှင့် မြင်အောင်ကြည့်၍ ဟုတ်တိုင်းမှန်ရာ မြင်မှ ခြောက်ဒွါရ ကျရောက်နေသော နာမ်ရုပ်တို့ကို အဘိညာ ပရိညေယျ ယောဂီများ၏ ဝိပဿနာတရားမှတ်။ (ခန္ဓဝါရ ကိုလျှင် လိုက်၍သိရမည်)

အထူးသဖြင့် သတိပြုကြပါ၊ ထပ်၍ ပြဆိုဦးအံ့၊ မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် လျှာအကြည်

ကိုယ်ကာယအကြည် မနောအကြည်တို့သည် အဋ္ဌကလာပ် ရုပ်ရှစ်ပါးနှင့်တကွ ကံ စိတ် ဥတု အာဟာရ သမုဋ္ဌာန်လေးပါး တို့ ထောက်ပံ့ထားသဖြင့် ကြည်လင်ရတဲ့ အရှိန်ကို မဟာဘူတ- ဝါရ ခေါ်၏၊ ထိုမှတဆင့် မျက်စိအကြည် မှန်ပြင်မှရင်း၊ နား အကြည် မှန်ပြင်မှရင်း၊ နှာခေါင်းအကြည် မှန်ပြင်မှရင်း၊ လျှာအကြည် မှန်ပြင်မှရင်း၊ ကိုယ်အကြည် မှန်ပြင်မှရင်း၊ မနောအကြည် မှန်ပြင်မှရင်း၊ ၎င်းအကြည်ခြောက်ပါး မှန်ပြင် ပေါ် ကျရောက်လာသော သဏ္ဌာန်အရိပ်သည် အဝိဇ္ဇာ တဏှာ သင်္ခါရ ဝိညာဏ် အကြောင်းတရားလေးပါး ထောက်ပံ့၍ ဖြစ်ပေါ်နေသော ဥပါဒါနက္ခန္ဓာကိုရင်း၊နာမ်ရုပ်ကို သဟိချုပ်၍ ဝိပဿနာဉာဏ်လုပ်ရမည်၊ ၎င်းနာမ်ရုပ်ကို အဘိညာ ပရိညေယျ လုပ်ရ၏၊ ထိုနာမ်ရုပ် သင်္ခါရကြီး သိမ်းပိုက်ထားသော အဝိဇ္ဇာ တဏှာကို ပယ်ရ၏၊ အဝိဇ္ဇာသည် ဝိစိကိစ္ဆာကိုခေါ်၏၊ တဏှာ- သည် ဒိဋ္ဌိကိုခေါ်၏၊ အဝိဇ္ဇာနှင့်တဏှာသည် ပယ်အပ်သော တရား၊ ပယ်တတ်သော ပညာကို မဂ်ပညာခေါ်၏၊ ၎င်းပညာ ပေးနိုင်သော ဆရာကို ရှာရမည်၊ ဆရာရှာကြပါ။

ထို ဒွါရခြောက်ပါး၌ ကျရောက်လျက် ဖြစ်ပျက်နေသော နာမ်ရုပ်ဓမ္မ သူ့သဘာဝကိုရင်း၊ ထို ခြောက်ဒွါရမှ ဖြစ်ပျက် နေသော ဥပါဒါနက္ခန္ဓာ ငါးပါး၊ ပဋိစ္စသမုပ္ပါဒ ဥပ္ပါဒ ဝယ- တရားတို့ကို မမြင်စွမ်းနိုင်ခြင်းငှါ သန္တတိဃန ကိစ္စဃန

အာရမ္မဏဿန သမ္မုဟာဿန ၎င်းဿန လေးစည်းဖုံးသဖြင့် ထို ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၏ ခယနှုန်း ဘယနှုန်းအသာရ နှုန်းကို သိစွမ်းနိုင်သော ဉာဏ်မရှိသဖြင့် ပုထုဇဉ်သတ္တဝါတို့ သည်နိစ္စ-ဟု ထင်မှတ်သုံးစွဲခြင်း၊ သုခ-ဟု ထင်မှတ်သုံးစွဲခြင်း၊ အတ္တ-ဟု ထင်မှတ်သုံးစွဲခြင်း ပြုလျက် မြင်ကြ ကြားကြ နံကြ လျက်ကြ တွေ့ထိကြတဲ့ ကိစ္စငါးပါး အပေါ်မှာ သညာဖုံး၍ ဖြစ်နေသည်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြတ်ဆရာတို့၏အာဘော် အဟော ဒေသနာတော်များကို အောက်၌ ထုတ်ဆောင် ပြမည်။ (သတိ)

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

အနက်ကား အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာကို။ တာဝ၊ ရှေးဦးစွာ။ ဝဏ္ဏယိဿံ၊ ဖွင့်ပြပေအံ့။ ဥဒယဗ္ဗယာနံ၊ နာမ်ရုပ် နှစ်ပါးတို့၏ ဖြစ်ပုံ ပျက်ပုံ သဘောစုံတို့ကို။ အမနသိကာရာ၊ နှလုံး မသွင်းတတ်ခြင်းကြောင့်။ သန္တတိယာ၊ ဖြစ်ပြီးလျှင် ပျက် အစဉ်ဆက်နေသော သန္တတိဿနသည်။ ပဋိစ္ဆန္နတ္တာ၊ လုံးလယ် လုံးလယ်နှင့် ဖုံးကွယ်၍ ထားခြင်းကြောင့်။ အနိစ္စ- လက္ခဏံ၊ နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်ပုံ ပျက်ပုံ သဘောလက္ခဏာ

ကို။ န ဥပဋ္ဌာတိ၊ ဉာဏ်စခန်းနှင့် အမှန်မစွမ်း မထင်နိုင်တော့သတည်း။

## အဓိပ္ပါယ်ကား

လူ နတ် မဟုတ် ခေတ်မှန်ရုပ်ဟု သမုတ်ခံရသော ဥပါဒါ-နက္ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးတို့ ဖြစ် ပျက်လျက် နေသော အနိစ္စသဘာဝ ပရမတ္ထကို မမြင်နိုင်ခြင်းသည် သန္တတိဃန အစဉ်စပ်လျက် နေ၍ ဖုံးကွယ်ထားခြင်းကြောင့် အနိစ္စ ဘိဇ္ဇန ကို မမြင်နိုင်ဘဲ ရှိသည်ဟု ဟောတော်မူ၏။

## ဣရိယာပုထ်ဖုံးကွယ်ထားခြင်း

ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ
ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

ပါဠိတော်။

**အနက်ကား** အဘိဏှသမ္ပတိပီဠနဿ၊ မပြတ်မလပ်ထပ်ထပ်ညှဉ်းပန်းနှိပ်စက်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်ရင်း။ ဣရိယာပထေဟိ၊ သွား- ရပ် ထိုင် လျောင်းလေးပါးသော ဣရိယာပုထ်အပေါင်းတို့သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းသည်၏အဖြစ်ကြောင့်။ ဒုက္ခလက္ခဏံ၊ ဆင်းရဲခြင်းဖြစ်နေသည့် နာမ်ရုပ်ဓမ္မ ဒုက္ခအစစ် ပရမတ်ဖြစ်သောတရားကို။ န ဥပဋ္ဌာတိ၊ အမှန်ထင်ထင် ဉာဏ်မမြင်ဘဲ ဖြစ်ရလေတော့

သတည်း။ **တနည်းကား** န ဥပဋ္ဌာတိ၊ မထင်နိုင်ချေတော့သတည်း။

## အဓိပ္ပါယ်ကား

ဒွါရခြောက်ပါး ခြောက်တံခါးမှ ပြေးလွှားကျက်စားနာမ်ရုပ်နှစ်ပါး တဖွားဖွား ဖြစ်ပျက် ဆင်းရဲခြင်းနှင့် ဖြစ်တိုပျက်တို ဘယဆို၍ ဆင်းရဲဒုက္ခ မမြင်စွမ်းနိုင်ခြင်းသည် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ပြောင်းလဲခြင်းအမူပြုစုပျိုးထောင်သော ဣရိယာပုထ် များနေခြင်းကြောင့် နာမ်ရုပ်နှစ်ပါး ဆင်းရဲခြင်း ဒုက္ခအစစ် ပရမတ် အဖြစ်ကို တထစ်ချမမြင်နိုင်ဟု ဟောတော်မူ၏။

## ဃနလေးမျိုးလွှမ်းဖုံးထားခြင်း

အနတ္တလက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

ပါဠိတော်။

**အနက်ကား** နာနာဓာတုဝိနိဗ္ဘောဂဿ၊ အထူးထူးအပြားပြားရှိသော ဓာတ်တို့၌ ခွဲခြမ်း ဝေဘန်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းနိုင်ခြင်းကြောင့်ရှင်း။ ဝါ- **တနည်းကား** နာနာဓာတုဝိနိဗ္ဘောဂဿ၊ ခန္ဓာ အာယတန ဓာတ် သစ္စာတို့၌ ခွဲခြမ်းဝေဘန်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းနိုင်ခြင်းကြောင့်ရှင်း။ ဃနေန၊ ဃနလေးမျိုးသည်။ ပဋိစ္ဆန္နတ္တာ၊

ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့်။ အနတ္တလက္ခဏာ၊ အနတ္တအစစ် သဘာဝအနှစ် ပရမတ်အဖြစ်ကို။ န ဥပဋ္ဌာတိ၊ ကွက်ကွက်ကွင်းကွင်း လင်းလင်း လက်လက် မထင်နိုင်ချေ။ န ဥပဋ္ဌာတိ၊ သာမညသဘာဝ ဝိသေသ အနတ္တလက္ခဏာကို ကွဲကွဲခြားခြား မထင်နိုင်လေတော့သတည်း။

## အဓိပ္ပါယ်ကား

အထူးထူးသောဓာတ်တို့ကို ခွဲခြမ်းခြင်းငှါ နှလုံးမသွင်းနိုင်၍ရင်း၊ သန္တတိ ကိစ္စ အာရမ္မဏ သမူဟ ထိုလေးပါးသော ဃနတို့ဖြင့် တခဲနက် ပေါင်းစည်း စုရုံး၍ ဖုံးအုပ်ထားခြင်းကြောင့် အနတ္တ သဘာဝတရား မမြင်နိုင်ဟု အဓိပ္ပါယ်ရ၏၊ တနည်းကား အထူးထူးအပြားပြား ခန္ဓာ အာယတန ဓာတ် သစ္စာတရားတို့ကို ကွဲကွဲခြားခြား နှလုံးမသွင်းနိုင်သဖြင့် အနတ္တအစစ် သဘာဝအဖြစ်ကို မမြင်နိုင်ဟု အဓိပ္ပါယ်ရ၏။

ထို့ကြောင့် သာမည လက္ခဏာ သဘာဝလက္ခဏာ ဝိသေသလက္ခဏာ ထိုလက္ခဏာ ၃-မျိုးကို ခွဲခြား၍ ပြဆိုဦးအံ့။

သာမည အသိမျိုး လက္ခဏာသည် အကောင်းနှင့် အနိစ္စ ဒုက္ခ အနတ္တ၊ ဝတ္ထုရုပ်နှင့် အနိစ္စ ဒုက္ခ အနတ္တ၊ လူကောက်နှင့် အနိစ္စ ဒုက္ခ အနတ္တ၊ အိမ်အို အနိစ္စ ဒုက္ခ အနတ္တ၊ ပစ္စည်း ရွှေ ငွေ အနိစ္စ ဒုက္ခ အနတ္တ၊ သစ်သီး သစ်ပင် လယ် ယာ ကိုင်း ကျွန်း ၏ အနိစ္စ ဒုက္ခ အနတ္တ၊ ပုထုဇဉ်တို့ သိနိုင်လောက်သော အနိစ္စ ဒုက္ခ အနတ္တ၊ သားသမီး လင်ယောကျ်ား မိန်းမ အနိစ္စ ဒုက္ခ

အနတ္တ၊ ဝါ-တနည်းကား သဘာဝလေးတွဲ မျက်စိ အလင်း အဆင်း နှလုံးသွင်း ပေါင်းဆုံ၍ မြင်သိ ဖြစ်ဆဲ သဘာဝလေးတွဲ ထဲမှ တခုဆွဲထား၍ တခုဖယ်ထား၍ မရနိုင်သော အနိစ္စ ဒုက္ခ အနတ္တ၊ ဝါ-တနည်းကား သဘာဝလေးတွဲ တိုက်ဆိုင်ဆဲ အတ္တ မရှိတဲ့ဌာနမှာ သညာမရှိတဲ့ဌာန အနိစ္စ ဒုက္ခ အနတ္တ၊ ဝါ-တနည်းကား ဘုံအားဖြင့် ရရှိထားသော ကိုယ်ကာယကြီး အပေါ်၌ ရှုရှုမှုမှု ဖြစ်ပျက်နေ၍ အနိစ္စ ဒုက္ခ အနတ္တ၊ အရှိ ပရမတ် ခန္ဓာကိုယ်ကြီး၌ ခေတ်ကိုရှု၍ အနိစ္စ ဒုက္ခ အနတ္တ၊ သာမညတရား ပုထုဇဉ်တို့ သုံးစွဲလေ့ ရှိကြကုန်၏။ (ငရဲလား မည် သတိပြုကြပါ)

## ဆောင်ပုဒ်ကလေး

အနိစ္စ အနိစ္စနှင့် ဉာဏ်စိတ်ကမမြင်နိုင်၊ မှန်ရိပ်သူ ပိုင်လို့၊ မဆုံးနိုင်ဘူး။ ဒုက္ခ ဒုက္ခနဲ့ နှုတ်ဟာလို့ငြီးကြ သော်လဲ၊ ဗုဒ္ဓ ထုတ်ပြတာနှင့် မနီးတာမို့၊ အနတ္တ အနတ္တ ပါးစပ်က ဆိုသာဆို၊ ပိုတယ်လို့ မရှိငြား။ ထင်ချက်ကယ်ကွာ၊ တင်လက္ခဏာ ယာဉ်စကြာ ဘယ် လို သုံးကြသော်လဲ၊ ဝဋ်ဘောင်ကို ကျွတ်အောင် မရုံးနိုင်ဘူး၊ မြုံးမိတဲ့ငါး။

## အစိပ္ပါယ်ကား

ခြောက်ဒွါရ၌ ကျရောက်နေသော ဉပါဒါနက္ခန္ဓာကို ပရိကမ္မဘာဝနာနှင့် မမြင်နိုင်လျှင်၊ တနည်း ခဏိက သမာဓိ

အရှိန်နှင့်မှသာ မြင်စွမ်းနိုင်သော နာမ်ရုပ်နှစ်ပါးကိုမမြင်လျှင်၊ တနည်း အာရုံပြုလောက နှုန်းသွင်းလောက ဉာဏ်သိလောက ဖြစ်သော ဝိပဿနာ ဉာဏ်စွမ်းနှင့်သာ မြင်နိုင်သော ဉာဏ်မရကြလျှင် လူ နတ် မဟုတ်သော ခန္ဓာ ဖြစ် ခန္ဓာပျက် မမြင်၊ ထို ခန္ဓာမမြင်လျှင် အနိစ္စ ဒုက္ခ အနတ္တ ဘယ်လိုပင် ဝိုင်းအုံ့ကာ လုပ်ကြပါသော်လည်း သာမညလက္ခဏာဖြစ်၍ အဝိဇ္ဇာမကွာ၊ ကိလေသဝဋ်မပြတ်၊ ကိလေသဂဋ်မပြတ်လျှင် ပြုစု ပျိုးထောင်ထားသော ဖြစ်ပျက်မလွတ်၊ ဖြစ်ပျက်မလွတ်လျှင် သင်္ခါရခေါ်သော ကမ္မဝဋ်မပြတ်၊ ကမ္မဝဋ်မပြတ်လျှင် ဉပါဒါနက္ခန္ဓာဘေးကြီး ဝိပါကဝဋ် ဖြစ်ရပြန်၏၊ ဝဋ်သုံးပါး တည်းဟူသော ဘောင်ကမလွတ်နိုင်သော ခန္ဓာငါးပါး မြှုံးမိတဲ့ငါး။

သဘာဝလက္ခဏာသုံးပါး ပြဆိုအံ့၊ သတိပြုကြပါ။ သပ္ပုရိသ ဆရာမြတ်တို့၏ တရားဓမ္မ နာကြားရမှသာလျှင် ယောနိသော မနသိကာရ ဖြစ်နိုင်၏၊ ထိုသပ္ပုရိသ လုပ်ငန်းအမှန်ရရှိထားသော ဆရာမှန် ဆရာမြတ်တို့၏ ဆိုဆုံးမသော တရားသံ စကားသံကို ကြားနာရမှသာလျှင် ယောနိသော မနသိကာရ လုပ်နိုင်၏၊ ထို့ကြောင့် "ပရတော စ ဃောသော ယောနိသော စ မနသိကာရော"ဟု မူလပဏ္ဏာသ ပါဠိတော်၌ ရှင်သာရိပုတ္တရာ မထေရ်မြတ်ဖြေဆို၍ ဟောကြား ထားခြင်းကြောင့် ဝိပဿနာစုရ ဆောင်ထားသော ဆရာအသံ ကြားနာရပြီးမှ ပရိကမ္မဘာဝနာ မိဿကဝိပဿနာလမ်း ခဏိကသမာဓိ

သုဒ္ဓဝိပဿနာလမ်း ထိုနှစ်လမ်းကို မိမိကြိုက်နှစ်သက်သော လမ်းနှင့် နှလုံးသွင်း ဆင်ခြင်သုံးသပ်၍၊ ဝါ- တနည်းကား သတိဗိုလ် လက်ကိုင်ထား၍ ထပ်ခါထပ်ခါ နှလုံးသွင်းသော ဘာဝနာဉာဏ် ရင့်သန်လာသဖြင့်ရင်း၊ တနည်းကား· သတိဗိုလ်ဖြင့် မလစ်မလပ်ခြင်းကြောင့် မိမိနှလုံးသွင်း၌ တည်တံ့ခိုင်မြဲသော သမာဓိဗိုလ် အစွမ်းဟုန်ကြောင့် ခြောက်ဒွါရမှ ကျရောက်လာသော သုဒ္ဓသင်္ခါရ ပကတိ သက်သက်ရှိသော ပဋိစ္စသမုပ္ပါဒ သင်္ခါရကို မြင်စွမ်းနိုင်ခြင်းသည် ပညာဗိုလ်မည်၏၊ သမ္မာဒိဋ္ဌိ ဉာဏ်မည်၏၊ ဝိဇ္ဇာဉာဏ် မည်၏၊ ဝိပဿနာဉာဏ်မည်၏၊ ဉာဏစရိယမည်၏၊ ထိုဝိပဿနာ ဉာဏစရိယ အမြင်မှန် ဉာဏ်ရမှသာလျှင် နောက်က ပြောဆိုပြသခဲ့သော သဘာဝ လက္ခဏာသုံးပါး ထင်မြင်နိုင်၏။

သုဒ္ဓဓမ္မသမုပ္ပါဒံ၊ သုဒ္ဓသင်္ခါရသန္တတိ။
ပဿန္တဿ ယထာဘူတံ၊ န ဘယံ ဟောတိ ဂါမဏိ။

သံယုတ်ပါဠိတော် ဂါမဏိသုတ်၌ ကြည့်ပါ။

**အနက်ကား** ဂါမဏိ၊ အို-အချင်းဂါမဏိ။ သုဒ္ဓဓမ္မသမုပ္ပါဒံ၊ သက်သက်သော ဥပါဒါရုပ်၏ အာရုံမျှသာ ဖြစ်ပေါ်၍နေသော သမုပ္ပါဒမျိုးကိုရင်း၊ ဝါ- အာရုံ၏ အရိပ်အရောင်မျှသာ ဖြစ်ပေါ်၍နေသော သမုပ္ပါဒ ဝေဒနာ အကျိုးကိုရင်း။ သုဒ္ဓသင်္ခါရသန္တတိ၊ သက်သက်မျှ အာရုံဖြစ်သော သင်္ခါရဟူသော

တူသော သန္တာန်ကိုရင်း။ ယထာဘူတံ၊ သမ္ပုပ္ပါဒ သင်္ခါရ သက်သက်ကို ဟုတ်မှန်စွာ သိသည့်အတိုင်း အကြင် အခြင်းဖြင့် သိသည်ဟုဖြစ်၍။ ပဿန္တဿ၊ မြင်စွမ်းနိုင်သောသူအား။ ဘယံ၊ သံသရာတည်းဟူသော ဘေးသည်။ န ဟောတိ၊ မဖြစ်။ န ဟောတိ၊ မုချပိုင်ပိုင် မဖြစ်နိုင်။ (သတိပြုဘတ်ပါ ထပ်ဘတ်ပါ အဓိပ္ပါယ်ထင်လွယ်ပြီ)

ထိုကြောင့် တရားရှာကြသော လူ ရှင် ရဟန်းတို့သည် ဤသမ္ပုပ္ပါဒ သင်္ခါရတည်းဟူသော နာမ်ဓမ္မ, ရုပ်ဓမ္မ ဖြစ်မှု, ပျက်မှု ဉာဏ်နှင့်ရှုမှုသာလျှင် သဘာဝတရား မမြဲသော အနိစ္စပရမတ်, ဆင်းရဲသောဒုက္ခပရမတ်, တားမြစ် ကန့်ကွက်မရသော အနတ္တ ပရမတ်, တဖြတ်ဖြတ်ဖြစ် တဖြတ်ဖြတ်ပျက် သဘာဝကို ပြာကျအောင် မြင်စွမ်းနိုင်သော အသိကို ဝိပဿနာဉာဏစရိယ ခေါ်၏၊ ထိုနာမ်ရုပ်တို့၏ ဖြစ်ပျက်ကို မြင်စွမ်းနိုင်သော်လည်း သတိပြုပါ၊ **အထူးစကားမှာ-** သူ့သဘာဝက မရှုဖြစ်ပျက် ရှုဖြစ်ပျက် မရှုမမြင် ရှုမမြင် ရှုမှ သူ့သဘာဝအတိုင်း မြင်စွမ်းနိုင်၏၊ ဖြစ်ပျက် သတိပြုပါ။

သင်္ခါရလောက ခေါ်၏၊ "ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ဟု ဗုဒ္ဓက နှုတ်ဟ၍ ဆုံးမတော်မူခဲ့လေသည်၊ ပုထုဇဉ် သတ္တဝါ ဟူသမျှတို့သည် မရှုလျှင်မမြင်၊ မမြင်တော့ ထိုဥပါဒါနက္ခန္ဓာကို နိစ္စသညာ, သုခသညာ, သုဘသညာ, အတ္တသညာ သွင်းပြီး မြင်ဆဲဘာဝ လေးတွဲ၊ ကြားဆဲဘာဝ

လေးတွဲ၊ နံ့ဆဲဘာဝ လေးတွဲ၊ လျက်ဆဲဘာဝ လေးတွဲ၊ တွေ့ထိ ဆဲဘာဝ လေးတွဲ၊ ထိုငါးပေါက်အပေါ်မှာ သညာနှင့်သညာ နေ့ရက်တွေ ကုန်ရ၏။

ဤကဲ့သို့ ဆိုပါလျှင် မေးစရာရှိ၏၊ ထိုခြောက်ဒွါရမှာ ကျရောက်နေသော သမ္ပယုတ္တ ဒသင်္ခါရတည်းဟူသော နာမ်ရုပ် ဓမ္မ သူ့သဘာဝ ဖြစ်စဉ် ပျက်စဉ် သင်္ခါရလောကမြင်တော့ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ သုံးပါး အပေါ် ကိန်းယျက် ဖြစ်ပျက် ဖြစ်ပျက်မြင်တော့ လောကီ အကြောင်းကုန်ပြီလား မေးသည်ရှိသော်၊ **တနည်းကား** ဥပါဒါ နက္ခန္ဓာ နာမ်ရုပ် သူ့သဘာဝ ဖြစ်ပုံ ပျက်ပုံ မြင်စွမ်းနိုင်လျှင် ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န၏ အကြောင်း အဝိဇ္ဇာ အကြွင်းမဲ့ ကုန်ပြီလားဟု မေးသည်ရှိသော် မကုန်သေးပါ၊ ထိုဖြစ်ပျက် သည့် သင်္ခါရခေါ် ၎င်းသင်္ခါရအချက်ကြောင့် ခန္ဓာငါးပါး နာမ်ရုပ်များကို ပိုင်းခြားပိုင်းခြား သိရမည့်တရားသာ မှန်၏၊ ၎င်းခန္ဓာငါးပါးကို သစ္စာ အဘိညာ ပရိညေယျ ခေါ်၏၊ ထိုခန္ဓာငါးပါး ဖြစ်ပျက်များသည် သပ္ပစ္စယ ဓမ္မာရုံ ခေါ်၏၊ အကြောင်းနှင့်တကွ ဖြစ်ပျက်နေသော အကျိုးဒုက္ခသာ မှန်၏၊ ထိုအကျိုးဒုက္ခလွတ်အောင် အကြောင်း သမုဒယသစ္စာထိုက် သော တရားကို၊ ဝါ- **တနည်းကား** ယောဂီတို့ ဉာဏ်ဝမှာ ခြောက်ဒွါရမှ ကျရောက်လျက် ဖြစ် ပျက်နေသော နာမ်ရုပ် ကိုမြင်၍ ပိုင်းခြားပြီး ထိုဖြစ်ပျက်၏အကြောင်းကို ရှာ၍

သိမ်းဆည်းမှုသာ အကြောင်းငြိမ်းသဖြင့် အကျိုးတရား ဖြစ်ပျက် လွတ်နိုင်သော ပညာကို ဝိသေသ အနတ္တတလုံးကို ဆရာပြမှ နည်းကျမည်၊ ဆရာရှာကြပါ သတိပြုကြပါ။

## ဝိပဿနာ ဘာဝနာလေးဆယ်

ထိုဥပါဒါနက္ခန္ဓာ ငါးပါး နာမ် ရုပ်နှစ်ပါးကို အနိစ္စလက္ခဏာ ဆယ်ချက်, ဒုက္ခလက္ခဏာ နှစ်ဆယ့်ငါးချက်,အနတ္တလက္ခဏာ ငါးချက်, ဤသို့ လက္ခဏာအားဖြင့် လေးဆယ်သော သဘောကို ဆင်ခြင်သုံးသပ်ခြင်းကို ဝိပဿနာဘာဝနာ လေးဆယ်ဟု ခေါ်ဆိုအပ်၏၊ ထို့ကြောင့် ဝိပဿနာ ဘာဝနာလေးဆယ်ကို ပြဆိုအံ့။

### အနိစ္စလက္ခဏာကား

သင်္ခါရာ၊ အနိစ္စာ အဓုဝါ အသာရာ စလာ ပလောကဓမ္မာ ဝိပရိဏာမဓမ္မာ မရဏဓမ္မာ ဝိဘဝဓမ္မာ သင်္ခတာ ပဘင်္ဂုနော။

အနက်ကား သဗ္ဗေ၊ ခပ်သိမ်းကုန်သော။သင်္ခါရာ၊ ဥပါဒါ၊ နက္ခန္ဓာငါးပါး နာမ်ရုပ်ဓမ္မ သဘာဝတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ အဓုဝါ၊ တည်တံ့ခိုင်မာခြင်း သဘောမရှိကုန်။ အသာရာ၊ အနှစ်လည်းမရှိကုန်။ စလာ၊ ရွေ့ရှားတတ်ကုန်၏။ ပလောကဓမ္မာ၊ ဖြတ်ကနဲ ပျက်စီးခြင်းသဘော ရှိကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖေါက်ပြန်သောသဘောရှိကုန်၏။ မရဏ

ဓမ္မာ၊ သေဆုံးပျောက်ကွယ်သော သဘောရှိကုန်၏။ ဝိဘဝ ဓမ္မာ၊ ဆုံးရှုံးခြင်း သဘောရှိကုန်၏။ သင်္ခတာ၊ အဖန်ဖန် အထပ်ထပ်ပြုပြင်အပ်ကုန်၏။ ပဘင်္ဂုနော၊ ဖရိုဖရဲ ပြိုကွဲခြင်း သဘောရှိကုန်၏။ ဣတိ၊ ဤသည်သာလျှင် အနိစ္စလက္ခဏာ ပေတည်း။

## ဒုက္ခလက္ခဏာကား

သဗ္ဗေ သင်္ခါရာ ဘယာ ဣတီ ဥပဒ္ဒဝါ ဥပသဂ္ဂါ ရောဂါ အာဗာဓာ ဂဏ္ဍာ သလ္လာ အဃာ အတာဏာ အလေဏာ အသရဏာ အာဒီနဝါ အဃမူလာ ဝဓကာ သာသဝါ မာရာမိသာ ဇာတိဓမ္မာ ဇရာဓမ္မာ ဗျာဓိဓမ္မာ သောကဓမ္မာ ပရိဒေဝဓမ္မာ ဥပါယာသဓမ္မာ သံကိလေသိကာဓမ္မာ။

**အနက်ကား** သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ခန္ဓာ ငါးပါး နာမ်ရုပ်တရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲခြင်း အမျိုး တို့သာတည်း။ ဣတီ၊ ဤသို့ ထိတ်လန့်ဘွယ် အန္တရာယ်မျိုးတို့သာ တည်း။ ဥပဒ္ဒဝါ၊ ကပ်၍နှိပ်စက်တတ်သော ဥပဒ်အန္တရာယ် မျိုးတို့သာတည်း။ ဥပသဂ္ဂါ၊ တွယ်တာ နှိပ်စက်တတ်သော အန္တရာယ်မျိုးတို့သာတည်း။ ရောဂါ၊ ဝဋ္ဋကြွေးမှာဆိုး ရောဂါ မျိုးတို့သာတည်း။ အာဗာဓာ၊ ဝဋ္ဋကြွေးမှာမျိုး အနာဆိုးတို့ သာတည်း။ ဂဏ္ဍာ၊ ဝဋ္ဋကြွေးမှာဆိုး အိုင်းအမာမျိုးတို့သာ တည်း။ သလ္လာ၊ စူးဝင်ညှောင့်မျိုး ဆင်းရဲဆိုးတို့သာတည်း။

အဃာ၊ အကျိုးယုတ်မဲ့ မျိုးတို့သာတည်း။ အတာဏာ၊ ကိုးကွယ်ရာမဲ့ မစောင့်ရှောက်နိုင်တဲ့ အမျိုးတို့သာတည်း။ အလေဏာ၊ ကိုးကွယ်ရာမဲ့ကင်း အိမ်တွင်း ရန်သူတို့သာတည်း။ အသရဏာ၊ ကိုးကွယ်ရာမဲ့ကင်း အိမ်တွင်းရန် သူသတ်တို့သာတည်း။ အာဒိနဝ၊ ဖြစ်နေသမျှ အပြစ်စုတို့သာတည်း။ အဃမူလာ၊ ဆင်းရဲခြင်း၏ အမြစ်တို့သာတည်း။ ဝဓကာ၊ သတ်တတ်သော အမျိုးတို့သာတည်း။ သာသဝ၊ အာသဝေါ လေးပါးတို့၏ အစီးအပွားတို့သာတည်း။ မာရာမိသာ၊ မာရ် ငါးပါးတို့၏ သုံးသပ် နှင်းနယ်ရာတို့သာတည်း။ ဇာတိဓမ္မာ၊ ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏။ ဇရာဓမ္မာ၊ အိုမင်းရင့်ရော်သော သဘောရှိကုန်၏။ ဗျာဓိဓမ္မာ၊ နာကျင် ခြင်း သဘောရှိကုန်၏။ သောကဓမ္မာ၊ ပူပန်စိုးရိမ်ခြင်း သဘောရှိကုန်၏။ ပရိဒေဝဓမ္မာ၊ ငိုကြွေးရခြင်း သဘော ရှိကုန်၏။ ဥပါယာသဓမ္မာ၊ သက်ကြီးရှိုက်ငင် ပင်ပန်းတတ် သော သဘောရှိကုန်၏။ သံကိလေသိကာဓမ္မာ၊ ညစ်နွမ်း ပူပန် ဖြစ်ပွားတတ်သော သဘောရှိကုန်၏။ ဣတိ၊ ဤ သည်သာလျှင် ဒုက္ခလက္ခဏာ တရားပါပေတည်း။

## အနတ္တလက္ခဏာကား

သဗ္ဗေဓမ္မာ အနတ္တာ၊ ပရေ ရိတ္တာ တုစ္ဆာ သုညာ။

အနက်ကား သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ဥပါ ဒါနက္ခန္ဓာ ငါးပါး သဘောတရားတို့သည်။ အနတ္တာ၊ အတုံး

အခဲ အမှုံအမွှား အထည်ခံ အမာခံ အနှစ်သာရ ငါပိုင်ရှာမရ သဖြင့် အတ္တမဟုတ်ကုန်။ ဝါ- အစိုးမရကုန်။ ဝါ- မိမိအလိုသို့ မလိုက်ကုန်။ ပရေ၊ အပြင်ပရန်သူကြီး တစုတို့သာတည်း။ ရိတ္တာ၊ အနှစ်သာရမယှဉ် အစဉ်ဆိတ်ကင်းသော တရားတို့ သာတည်း။ တုစ္ဆာ၊ ချမ်းသာမရှိ အချည်းနှီးသော တရား တို့သာတည်း။ သုညာ၊ ကိုးကွယ်ရာ အားထားရာမရှိ ချုပ် ပျက်ကုန်ဆုံး သုဉ်းသုဉ်းနေကြသော တရားတို့သာတည်း။ ဣတိ၊ ဤသည်သာလျှင် အနတ္တလက္ခဏာ တရားပေတည်း။

ထိုဥပါဒါနက္ခန္ဓာငါးပါး နာမ်ရုပ်တရားတို့သည် သမယ ပစ္စုပ္ပန်၌လည်း လေးဆယ်သောလက္ခဏာအပေါ်မှာ ကြုံတွေ့ နေရသော ဒုက္ခသစ္စာ အကျုံးတရားနှင့်သာ ရင်ဆိုင်၍ ဖြစ် ပျက်နေသော သဘောရှိ၏၊ ၎င်းခြောက်ဒွါရမှ ကျရောက် လျက် အတိတ်ကာလ လွန်ခဲ့ရသော ဥပါဒါနက္ခန္ဓာတို့ သည်လည်း ကြုံတွေ့၍ လက္ခဏာခေတ် အပေါ်မှာ ကိန်းဝပ် လျက် ဖြစ် ပျက် ကုန်ဆုံးခဲ့ရလေပြီ၊ အနာဂတ်ကာလ ဥပါဒါ နက္ခန္ဓာငါးပါး ဇာတိနှင့် ကြုံတွေ့ရသဖြင့် လေးဆယ်သော လက္ခဏာနှင့် ကြုံတွေ့ ကိန်းဝပ်လျက် ဖြစ်ပျက်ပြီး ကုန်ဆုံး ခဲ့ရပြီ၊ အဇ္ဈတ္တ ဗဟိဒ္ဓ အတွင်းအပြင် နှစ်ဌာနတို့၌လည်း ဒွါရသခင် မနောခေတ် မနောပင်လျှင် ခန္ဓာသမုတ် နာမ်နှင့် ရုပ်တို့သည် လေးဆယ်သော လက္ခဏာ ဖြစ်ပျက်လျက် ကုန်ဆုံးခဲ့ရပြီ၊ ဒူရ, အာသန္န အဝေးအနီး နှစ်ဌာန၌လည်း

လေးဆယ်သော အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော နှင့်သာ ကြုံတွေ့ ကုန်ဆုံးခဲ့ရပြီ၊ ဟိန, ပဏီတ အယုတ်အမြတ် နှစ်ဌာနဌ်လည်း လေးဆယ်သော လက္ခဏာ သဘောနှင့်သာ ကြုံတွေ့ ကုန်ဆုံးခဲ့ရလေပြီ၊ သုခုမ, ဩဠာရိက သိမ်မွေ့ ကြမ်းတန်း ထိုနှစ်ဌာန စခန်းဌ်လည်း လေးဆယ်သော လက္ခဏာသဘောနှင့်သာ ကုန်ဆုံး ဖြစ်ပျက်ခဲ့ရလေပြီ၊ တနည်း ကား အကျဉ်းအားဖြင့် ဆယ့်တစ်(၁၁)ဌာန ခန္ဓာနာမ်ရုပ်တို့ သည် အနိစ္စတော ဆယ်ပါး, ဒုက္ခတော နှစ်ဆယ့်ငါးပါး, အနတ္တတော ငါးပါးတို့ကို သဘောလက္ခဏာနှင့် ရင်ဆိုင်၍သာ ကုန်ဆုံး ဖြစ်ပျက်ခဲ့ရသော သဘောကြောင့် ဒုက္ခသစ္စာ ထိုက်၏။

တရားရှာကြသော ပုဂ္ဂိုလ်တို့က မေးစရာ ဖြစ်လာကြ၏၊ အဘယ်ကဲ့သို့ မေးစရာရှိသနည်း၊ ပရိကမ္မဘာဝနာနှင့်ရင်း၊ ခဏိကသမာဓိနှင့်ရင်း၊ ထို ၁၁-ဌာနကို လိုက်လံ၍ နှလုံးသွင်းရ မည်နည်း၊ တနည်းကား ဝိပဿနာရှုရမည်နည်းဟု မေးကြ သည်ရှိသော် ဖြေဆိုဦးအံ့၊ ပါဒအခြေခံလျက် သမယပစ္စုပ္ပန် တည့်တည့်မှာသာ ဒွါရသခင် မနောဓာတ် မနောပင် ဖြစ် ပျက်နေသော အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော နာမ်ရုပ်ကိုသာလျှင် အဘိညာ ပရိညေယျဖြင့် ပိုင်းခြားရ၏၊ (သတိပြု ထွေးမည်၊) ထိုသမယပစ္စုပ္ပန်မှ ပါဒအခြေခံ၍ ပစ္စုပ္ပန် တည့်တည့်မှာသာလျှင် မနောဓာတ် မနောဒွါရသခင်

ပညတ္တိပထ အရိပ်အရောင်နှင့် ကျလာသော နာမ်ရုပ်ကိုသာ လျှင် ပိုင်းခြားရ၏၊ ဒါဖြင့်မေး၏၊ ခြောက်ခါဆိုသောကြောင့် ခြောက်ဒွါရ တပြိုင်နက် ကျရောက်သနည်း၊ တပြိုင်နက်မကျ၊ တခုဖြစ်ပျက်ပြီး တခုဖြစ်ပျက်တတ်သောကြောင့် ခြောက်ဒွါရ ဆိုသည်၊လိုက်လံရှာဖွေရမည်မဟုတ်၊ပစ္စုပ္ပန် တည့်တည့်မှာသာ လျှင် ဖွတ်ကိုအမိဖမ်း၊ ပစ္စုပ္ပန်ကို ဆိုလိုသည် မဟုတ် မှားမည်။

ထို့ကြောင့် ပြောပြဦးအံ့၊ ပရိကမ္မဘာဝနာ အစွမ်းနှင့် သော်၎င်း၊ ခဏိကသမာဓိ အစွမ်းနှင့်သော်၎င်း ထိုနှစ်ပါးကို ပါဒကစျာန်ဟု ခေါ်၏၊ ထိုပါဒကတရား အစွမ်းဖြင့် သမယ ပစ္စုပ္ပန်တည့်တည့်မှာ ဖြစ်ပျက်နေသော ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗအစရှိသော ပရမတ္ထ သဘာဝတရားတို့၏ အရိပ်အရုပ်မျှ သာ ဖြစ်ပျက်နေသော မရှိပရမတ္ထ သဘာဝ ဖြစ်ပျက်တရားကို မမြင်စွမ်းနိုင်သဖြင့် မိမိတို့၏စိတ်၌ ပညတ္တိဝစန ယူငင်ပြီး မရှိ ပရမတ္ထ သဘာဝနှင့် အငြိပညတ်ကို လဲလှယ်သုံးစွဲခဲ့သော စိတ်ကူးယဉ်ဘဝနှင့် ပညတ္တိပထထည်းမှ စွဲလမ်းခဲ့သော ဒိဋ္ဌိကို လည်း ဉာဏ်၌မြင်၏၊ ဤနေရာမှာ "တဏှာ သုံးတန် အရင်းခံ အာကာသံနှင့်မြောက်" ကောက်မည်ဆိုလည်း ဖြစ်၏၊ ထိုမရှိ ပရမတ္ထ သဘာဝ အရိပ်အရောင် ဖြစ်သဘော ပျက်သဘောကို မြင်စွမ်းနိုင်ခြင်းသည် သဘာဝလက္ခဏာ သဘာဝတရား ခေါ် ၏၊ ထိုပဋိစ္စသမုပ္ပါဒ သမုပ္ပန္န သမယပစ္စုပ္ပန်၌ ဖြစ်ပျက်သဘော ဉာဏ်နှင့်နှော၍ ဇာတ ဘူတ ကတ သင်္ခတ နိရောဓမ္မ

သပစ္စယဓမ္မာရုံကို သိစွမ်းနိုင်သော ဉာဏ်သည် အနုလောမ ခန္တိဉာဏ်မည်၏ဟု ပဋိသမ္ဘိဒါမဂ် ဝိပဿနာကထာ၌ ဟော တော်မူ၏။

ဆောင်ပုဒ် ဘတ်ပါ၊ အရကျက်ပါ၊ သတိပြုကြပါ၊
စဉ်းစားကြပါ။

အသွင်တူ၊အရင်မူ ပုံမပျက်ပါဘူး၊ စုံမက်သူများ-
စုံမက်သူများ။ သဘောမှာ၊ ဟောရန်ခက်ပါဘိ၊
ဉာဏ်ထက်သူ ကဝိမေဝ်တို့ရယ်၊ နာမ်ရုပ်ကဲ့အစဉ်၊
မှန်ရိပ်ပြင် သူ ငါ ထင်လို့၊ ပူစရာပင် ကြောင့်ကြသွင်း
ကြတယ်၊ ဉာဏ်ယှဉ်ကာ သမ္မဇဉ်နှင့် ရှင်းကြပါတော့၊
လင်းရလိမ့် ချက်ချင်း၊ လင်းရလိမ့် ချက်ချင်း။

## သမ္မဇည တရား လက်ကိုင်ထား၍ အားထုတ်ရခြင်း

၁ **သာတ္ထက** သမ္မဇဉ် ပစ္စုပ္ပန်တည့်တည့် ပရမတ္ထ ရုပ်သက် သက်အပေါ် သတိချုပ်ရခြင်း တပါးမှတ်ပါ။

၂ **သပ္ပါယ** သမ္မဇဉ် လျော်သော အာရုံပြုရခြင်း၊ တနည်း ကား အာရုံပြုရာ၌ လျော်ပါက မျှတအောင် နှလုံးသွင်းရခြင်း နှစ်ပါးမှတ်ပါ။

၃ **ဂေါစရ** သမ္မဇဉ်၊ စေတီအိမ်အတွင်း၌ အဖန်ဖန် ကျက်စားခြင်း၊ ဝါ-တနည်းကား အဇ္ဈတ္တအတွင်း၌ အဖန်ဖန်

အပြန်ပြန် ဆင်ခြင် သုံးသပ်ရခြင်း၊ တနည်း- ကျက်စားရာ အာရုံ၌ ကောင်းစွာသိမြင်ရခြင်း၊ သုံးပါး မှတ်ပါ။

၄-အသမ္မောဟ သမ္ပဇဉ် မတွေမဝေ အမှန်မြင်စွမ်းနိုင်ခြင်း၊ တနည်းကား အရှိပရမတ္ထ အရှိမှန်းသိခြင်း၊ မရှိပရမတ္ထ မရှိမှန်း သိခြင်း ပရမတ္ထနှင့်ပညတ် ရောစပ်သွားခြင်းကိုလည်း အမှန် အမှန်အတိုင်း မြင်စွမ်းနိုင်ခြင်း လေးပါးမှတ်ပါ။ (သတိပြုပါ စဉ်းစားပါ)

ထိုဒွါရခြောက်ပါး၌ သမယပစ္စုပ္ပန် တည့်တည့် ကျရောက် နေသော နာမ်ရုပ်နှစ်ပါးတို့၏ အနိစ္စဓမ္မ ဒုက္ခဓမ္မ အနတ္တဓမ္မ သူ့သဘာဝကို သမ္မာသနညာဏ်ဖြင့် သုံးသပ်မိခြင်း၊ ဖြစ်ပျက်ဖြစ် ပျက် အဖန်ဖန် အတန်တန် ရှုသောဉာဏ်ကို ဥဒယဗ္ဗယဉာဏ်၊ နာမ်ရုပ်နှစ်ပါးတို့၏ ပျက်ခြင်းကို မြင်သောဉာဏ်ကို ဘင်္ဂဉာဏ်၊ နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်မှုပျက်မှုဘေးကို အဖန်တလဲလဲ ဉာဏ် ထဲ၌ ထင်မြင်ခြင်းသည် ဘယဉာဏ်၊ နာမ်ရုပ်တို့၏ ဘေးရှိသော အပြစ်တို့ကို မြင်ခြင်း အာဒီနဝဉာဏ်၊ နာမ်ရုပ်တို့၏ သင်္ခါရတို့၌ အဖန်တလဲလဲ ပြုပြင်ခြင်းကို ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်၊ ထိုနာမ် ရုပ်တို့၏ ဖြစ်ပျက်ခြင်းမှ လွန်မြောက်နိုင်သော မုစ္စိတုကမျတာ ဉာဏ်၊ ထိုနာမ်ရုပ်တို့၏ ဖြစ်ပျက်လျက် သင်္ခါရတို့ကို လျစ်လျူ ရှုသော သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ထိုဉာဏ် ဆယ်ပါးသည် ဒေသနာက္ကမနည်းမှတ်၊အလုပ်က သမယပစ္စုပ္ပန်

ဥပါဒါနက္ခန္ဓာ ဖြစ်ပျက်အစဉ် ဉာဏ်ယှဉ်ကြည့်နိုင်လျှင် ဉာဏ် ဆယ်ပါး ပါသွားပါသည်။

ထိုသမယပစ္စုပ္ပန်တည့်တည့်မှ ကျရောက်လာသော နာမ် ရုပ်တို့သည် စိတ်နှင့် ဥပါဒါရုပ် အရောင်အရိပ်နှင့် ယှဉ်တွဲပြီး ဖြစ်ပျက်ကြီးသည် နာမ်ညွတ်တော့ ရုပ်ပေါ်, ရုပ်ပေါ်တော့ နာမ်ညွတ် မရှေးမနှောင်း ခေါ်၏၊ ရုပ်ပျက်တော့နာမ်ကြွေ နာမ်ကြွေတော့ ရုပ်ပျက်ခေါ်၏၊ ဒုက္ခစက်ခေါ်၏၊ သိအပ်သည့် တရားမှတ်၊ ၎င်း နာမ်ရုပ်နှစ်ပါးထည်းမှ ဖြစ်မှုပျက်မှု ဤ နှစ်ဌာန၌ သင်္ခတဝါသုံး သင်္ခါရနှုန်း ခေါ်ထိုက်၏၊ထိုနာမ်နှင့်ရုပ် ကိုလက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် လေးပါးနှင့် မှတ်ရှင်းပြအံ့။

နာမ်ဓမ္မကို "နာမံ နမနလက္ခဏံ" နာမံ၊ နာမ်တရားသည်။ နမနလက္ခဏံ၊ ညွတ်တတ်ခြင်းသဘောရှိ၏။ **လက္ခဏ။** သမ္ပ- ယောဂရသံ၊ မိမိနှင့် အတူတကွ ဖြစ်ကုန်သော ဓမ္မာရုံစိတ် စေတသိက် တရားတို့နှင့်သာလျှင် ယှဉ်ခြင်းကိစ္စ ရှိ၏။ **ရသ။** အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ မိမိပေါင်းယှဉ်၍နေသော ဓမ္မာရုံစိတ် စေတသိက်တို့နှင့် မကွေကွင်းခြင်းလျှင် ရှေ့ရှုထင်သော အခြင်း အရာရှိ၏။ **ပစ္စုပဋ္ဌာန်။** ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးစွာသောအကြောင်း ရှိ၏၊ **ပဒဋ္ဌာန်။**

ရုပ်ဓမ္မကို "ရူပံ ရုပ္ပနလက္ခဏံ" ရူပံ၊ ခြောက်ဒွါရ၌ ထင် လာသော အရိပ်အရောင် ပရမတ္ထဓမ္မ ဥပါဒါရုပ်သည်။ ရုပ္ပနလက္ခဏံ၊ ခဏမစဲ တသဲသဲ တရွဲရွဲ ဖေါက်ပြန်ယိုယွင်း

ပျက်စီးခြင်း သဘောရှိ၏၊ **လက္ခဏ**။ ဝိကိရဏရသံ၊ ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်း ကိစ္စရှိ၏၊ **ရသ**။အဗျာကတပစ္စုပဋ္ဌာနံ။ မသိ တတ်သော အဗျာကတသာလျှင် ထင်သောအခြင်း အရာရှိ၏၊ **ပစ္စုပဋ္ဌာန်**။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးစွာသော အကြောင်းရင်းရှိ၏။ **တနည်းကား** ဘူတရုပ်လျှင် နီးစွာသော အကြောင်းရင်း ရှိ၏၊ **ပဒဋ္ဌာန်**။ ထိုနာမ်ရုပ် နှစ်ပါးကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်၊ လေးပါးသောဋ္ဌာန်နှင့် ယှဉ်ပြပုံ သတိပြုပါ။ ဋ္ဌာန်လေးပါး မမေ့တတ်လျှင်လဲ တရား အား ထုတ်ခြင်းငှါ ဖြစ်နိုင်သည်။ ဆရာမှန်လို၏၊ ဋ္ဌာန်မလိုပါ။ ဋ္ဌာန် သည် ချိန်ခေါ် ၏။

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မန္တိ၊ သံခိပိတွာ ဝေတ္တာနေ ပညာ သမ္မသနေ ဉာဏံ ဝေဒနာ ။ပ။ သညာ ။ပ။ သင်္ခါရာ ။ပ။ ဝိညာဏံ ။ပ။ စက္ခု ။ပ။ ဇရာမရဏံ ။ပ။

ပါဠိတော်။

**အနက်ကား** အတီတာ နာဂတ ပစ္စုပ္ပန္နံ၊ အတိတ် အနာ ဂတ် ပစ္စုပ္ပန်ဖြစ်သော။ရူပံ၊ အရိပ်အရောင်သည်။ဝါ-ရူပုပါဒါ- နက္ခန္ဓာသည်။ အနိစ္စံ၊ မမြဲသောအနိစ္စသဘောမည်၏။ သင်္ခတံ၊ မမြဲသောသဘောသည် ဆင်းရဲကို ပြုတတ်သော သဘော ကြောင့် သင်္ခတမည်၏။ ပဋိစ္စသမုပ္ပန္နံ၊ ဖြစ်ပြီးလျှင် ပျက်တတ်

သော အနိစ္စဓမ္မ၏အဖြစ်ကြောင့် ပဋိစ္စသမုပ္ပန္နမည်၏။ ခယဓမ္မံ၊ ကုန်ဆုံးကွယ်ပျောက်ခြင်းသဘောရှိ၏။ ဝယဓမ္မံ၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးခြင်းသဘောရှိ၏။ ဝိရာဂဓမ္မံ၊ ကွေကွင်းကွဲကွာခြင်း သဘော ရှိ၏။ နိရောဓဓမ္မံ၊ ချုပ်ပျောက်ပျက်စီးကုန်ခန်းခြင်း သဘောရှိ၏။ ဣတိ၊ ဤသို့။ သံခိပိတွာ၊ ချုံး၍။ ဝဝတ္ထာနေ၊ သဘောတရားတို့ကို ပိုင်းခြားမှတ်သားခြင်း၌။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ ပညာသည်။ သမ္မသနေဉာဏံ၊ ဆင်ခြင်သုံးသပ်သော သမ္မသနဉာဏ် မည်၏။ (နောက်အနက် သိလွယ်ပြီ၊ အဓိပ္ပါယ် သိလွယ်ပြီ)

ယခု ပြဆိုခဲ့သော ပစ္စုပ္ပန်မှာ ကျရောက်နေသော ခန္ဓာ နာမ်ရုပ်နှစ်ပါးတို့၏ အနိစ္စဓမ္မ ဒုက္ခဓမ္မ အနတ္တဓမ္မ သဘာဝကို ဆင်ခြင်သုံးသပ်သော သမ္မသနဉာဏ်သည် အနုလောမခန္တီကို ရ၍ ဓမ္မဋ္ဌိတိဉာဏ် မည်၏၊ ဤ ဉပါဒါနက္ခန္ဓာ နာမ်ရုပ်တို့၏ ဖြစ် ပျက်လျက်ရှိသော အနိစ္စာနုပဿနာဉာဏ်၌ အနိစ္စဟူသော အနုလောမခန္တိဉာဏ် ဆယ်ပါး၊ ဒုက္ခာနုပဿနာဉာဏ်၌ ဒုက္ခဟူ သော အနုလောမခန္တိဉာဏ် နှစ်ဆယ့်ငါးပါး၊အနတ္တာနုပဿနာ ဉာဏ်၌ အနတ္တဟူသော အနုလောမခန္တိဉာဏ်ငါးပါး၊ အနု လောမခန္တိဉာဏ် လေးဆယ်ဖြစ်၏၊ ထိုလေးဆယ်ကို အတို ချုံးလိုက်သော် ဝိပဿနာ လေးဆယ် ခေါ်၏၊ ထိုထက် အတို ချုံးသော် ယောဂီသူမွန် လူရေချွန်တို့၏ သမာဓိအရှိန်ဖြင့် ခန္ဓာ နာမ်ရုပ်တို့၏ မမြဲခြင်း ဆင်းရဲခြင်းဘေး တားမြစ်မရခြင်း

တို့ကို အပြန်ပြန် အလှန်လှန် သုံးသပ်ခြင်းကို အနုလောမခန္တိ ဉာဏ်ခေါ်၏၊ထိုအနုလောမဉာဏ်သည် လောကုတ္တရာ နိဗ္ဗာန်နှင့် လျော်သော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် မှန်သောအယူဟု ဆိုလိုသည်၊ ထိုအခါမှသာ ဥပါဒါနက္ခန္ဓာကို ပိုင်းခြား၍ ထိုခန္ဓာ၏ အကြောင်းကိုရှာ၍ မဂ်ဖြင့် ပယ်သတ်နိုင်မှ အကျိုး ဥပါဒါ နက္ခန္ဓာ ဖြစ်ခြင်း ပျက်ခြင်း ဒုက္ခမှ ချုပ်ငြိမ်းနိုင်၏၊ ထိုအခါ မှသာ သမ္မတ္တနိယာမဉာဏ် ပေါ်နိုင်၏၊ အမြဲ နိယာမဉာဏ်ကို ဆိုလို၏၊ ဝိသေသ အနတ္တတလုံးကို ဆိုလို၏၊ ထိုဝိသေသ အနတ္တတလုံးကိုသာလျှင် ပဋိသမ္ဘိဒါမဂ်  အဋ္ဌကထာ၌ နိဗ္ဗာန် သွင်း၍ ပြထားပါသည်၊ ထို့ကြောင့် “သဗ္ဗေ ဓမ္မာ အနတ္တာတိ နိဗ္ဗာနံ အန္တောကတွာ ဝုတ္တံ” ဟု ဟောတော်မူထားပါသည်၊ ထို့ကြောင့် ဆရာရှာရမည်၊ ပုထုဇဉ်သာမန်တို့ မကြံနိုင်ဟု ထင်သဖြင့် ဆရာရှာနေသည်။

ခန္ဓာ နာမ်ရုပ် ဖြစ်ပျက် အနိစ္စ ဒုက္ခ အနတ္တ မှ ပိုင်းခြား၍ **တနည်းကား** သဘာဝလက္ခဏာမှ ပိုင်းခြား၍ ဝိသေသလက္ခဏာ အနတ္တတလုံးကို ဆိုဦးအံ့၊ သတိပြုပါ၊ အနတ္တတရား ဤတရားတပါးကား ဘုရားရှင် အရာသာ ဖြစ်တာကြောင့် ပစ္ဆိမဘဝ ရဟန္တာ သာဝကအလောင်းတို့သော်မှ ဆရာမပြ နည်းမရ၍ တိကျစွာ ဝိသေသ အနတ္တလက္ခဏာကို မသိနိုင်ချေ ဟု ကျမ်းဂန်တို့၌ ဟောထားသည်ကိုလည်း သတိပြုပါ၊ “အနတ္တ လက္ခဏာ ဝိနာ ဗုဒ္ဓုပ္ပါဒါ န ပညာယတိ”ဟု ပါဠိတော်ရှိ၏၊

ဗုဒ္ဓုပ္ပါဒါ၊ ဘုရားပွင့်တော်မူခြင်းကို။ ဝိနာ၊ ကြဉ်၍။ အနတ္တ လက္ခဏာ အနတ္တလက္ခဏာကို။ တနည်းကား- ဝိသေသအနတ္တ တရားကို။ န ပညာယတိ၊ မသိမမြင်နိုင်။ အဋ္ဌကထာ စကား အနေကို သတိပြုပါ။ အင်္ဂုတ္တိုရ်ဋီကာမှာ "အနတ္တလက္ခဏာ ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံ နာမ"။

## အဓိပ္ပါယ်ကား

ဝိသေသ အနတ္တ တလုံးမြင်က နိဗ္ဗာန်ကိုမြင်တယ်ဟု ဆိုလို တာပါဘဲ၊ ထိုဝိသေသ အနတ္တတလုံးသည် ဆရာရှာမှ နည်းရ မည်၊ ကျမ်းရေးတဲ့ပုဂ္ဂိုလ်ပင်လျှင် ရှာနေသည်။ ထို့ကြောင့် အဝိဇ္ဇာ ကိလေသာဝဋ္ဋအနွယ်ကို ထိုးဖြတ် ခုတ်ထွင်နိုင်သော အဝိဇ္ဇာဉာဏ် ဝိသေသ အနတ္တတလုံး ဆရာရှာရန် ချန်ထား ဦးအံ့။

သဘာဝတရား အနတ္တ ဒုက္ခ အနိစ္စ ပြဆိုပြန်ဦးအံ့၊ ယောဂီ တို့၏ သမာဓိအရှိန်နှင့် ထိုခန္ဓာဖြစ် ခန္ဓာပျက် နာမ်ရုပ်နှစ်ပါး ဖြစ်ပျက်များသည် နိရောဓသစ္စာမဟုတ်၊ နိရောဓမမျိုးခေါ် ကျမ်းဂန်များ၌လည်း နိရောဓနှစ်မျိုး ထားပါသည်၊ ချုပ်ခြင်း သည် နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးကား ခန္ဓာဖြစ်ပျက်၍ ချုပ်ခြင်း ကို ဖြစ်ချုပ်ခေါ် တမျိုးမှတ်ပါ၊ ဖြစ်စရာမရှိ ပျက်စရာမရှိ၍ ဖြစ်ပျက် ချုပ်ခြင်း ဖြစ်ပျက်လွတ်ခြင်း ချုပ်ခြင်းတမျိုးမှတ် ပါ၊ ဖြစ်ပျက်လွတ်ခြင်း ဖြစ်ပျက်ချုပ်ခြင်း ဖြစ်ပျက်ငြိမ်းခြင်း

ကိုသာလျှင် နိရောဓသစ္စာ ခေါ်ဆိုရပါမည်၊ ဖြစ်ပျက်သည့် နိရောဓသစ္စာ မဟုတ်ပါ၊ သစ္စာဖွဲ့သော် ဒုက္ခသစ္စာသာလျှင် ထိုက်၏။ (သတိပြုကြပါ)

ထို့ကြောင့် သစ္စာတရားတို့၌ မရှုပ်မထွေး မရော မယှက် ရအောင် ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ရှင်ကောဋ္ဌိက ရဟန်းအား ဥပရိပဏ္ဏာသပါဠိတော်၌ ဤကဲ့သို့ မိန့်မြွက်တော် မူလေသည်။ (သတိပြုကြပါ)

> ပညာ ဘာဝေတဗ္ဗာ ဝိညာဏံ ပရိညေယျံ ပဋိပဒါ-
> နက္ခန္ဓာ အဘိညာ ပရိညေယျာ အဝိဇ္ဇာ စ တဏှာ စ
> အဘိညာ ပဟာတဗ္ဗာ။

ဟု ဟောတော်မူထားခြင်းကြောင့် ဒုက္ခသစ္စာထိုက်သော ဥပါဒါနက္ခန္ဓာငါးပါးကို အဘိညာ ပရိညေယျာ ဆိုသည့် အတိုင်း ပိုင်းခြားပြီး ဒိဋ္ဌိ တဏှာနှင့် ဝိစိကိစ္ဆာ အဝိဇ္ဇာကို အဘိညာပဟာတဗ္ဗ ပယ်ဖြတ်မှသာ လမ်းမှန် မဂ္ဂသစ္စာဖြစ်၍ အကျိုး ဥပါဒါနက္ခန္ဓာ ချုပ်ငြိမ်း ရုပ်သိမ်းသော နိရောဓသစ္စာ မျက်မှောက်ပြုနိုင်မည်ဟု ထင်သဖြင့် ဒေသနာတော်လာသည့် အတိုင်း လမ်းမှန်ပြနိုင်သော ဆရာ ရှာနေပါသည်၊ သတိပြုကြ ပါ၊ ဆရာရှာကြပါ။ (အထူး)

အို-တရားရှာကြသော လူ ရှင် ရဟန်းတို့ မိမိတို့ ပြုစုပျိုး ထောင်သော ဘာဝနာဉာဏ် အစွမ်းဟုန်ကြောင့် သမထ

ပစ္စုပ္ပန်မှ ဖြစ် ပျက် လျက်ရှိသော ဉပါဒါနက္ခန္ဓာငါးပါး နာမ်ရုပ်များကို အဘိညာဏ်စခန်းနှင့် မြင်နိုင်ခြင်းသည်၊ ဝါ-တနည်းကား ဖြစ်ပုံ ပျက်ပုံ မမြဲခြင်း, ဖြစ်ပျက်ပုံ ကြုံတိုး ရတာက ဆင်းရဲခြင်း, ဖြစ်ပျက်သဘာဝ တားမရတာက အမှန် ပဟု ဉာဏ်ဝမှာမြင်သည့် ပရိညာယ အခန်းမျှသာ ဖြစ်သေး၏၊ ထိုပရိညေယျ နာမ်ရုပ် ဒုက္ခသစ္စာ သိပြီးမှ ဤအကျိုးဒုက္ခကို အဘယ်အကြောင်း ထောက်ပံ့နေသလဲဟု သိလိုသည်၊ အဘိ-ညာဟု ဟောတော်မူခြင်းကြောင့် အဝိဇ္ဇာ တဏှာ လွန်စွာ ဉာဏ်သိ,သိ၍ ပဟာတဗ္ဗလုပ်မှသာလျှင် အကျိုးတည်းဟူသော ဖြစ်ပျက်ချုပ်ငြိမ်းသော ပဟာတဗ္ဗ နိုရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်၊ ထိုနိုရောဓသစ္စာထိုက်သော အဇာတ အဘူတ အသင်္ခတ ဟူသော သဘောရှိသော တရားတို့ကို မမြင်စွမ်းနိုင်က ဇာတ ဘူတ ကတ သင်္ခတဟူသော ဖြစ်ပျက် အစဉ် ဉာဏ်အမြင်နှင့်သာ စခန်းမဆုံးဘဲ အဝိဇ္ဇာ တဏှာ ဟူသော အကြောင်းအမြစ် မပယ်ဖြတ်နိုင်သဖြင့်၊ ဝါ-တနည်း ကား သမယပစ္စုပ္ပန် ဖြစ်ပျက် အကျိုး ဝေဒနာနာမ်ရုပ် သိနိုင် သော်လည်း သမယပစ္စုပ္ပန် အကြောင်းတဏှာကို မဖေါက် မခွဲနိုင်ကြလျှင် ဖြစ်ပျက်ပေါ်အချိန်ဆွဲပြီး သံသရာမှာ နေကြရ သော တရားနည်း အထူးပြု စဉ်းစားကြပါ လေ့လာကြပါ။

အို-ယောဂီအပေါင်း သူတော်ကောင်းတို့- အဝိဇ္ဇာ တဏှာ မူလတရားနှစ်ပါး အမြစ်မပြတ်လျှင်ဖြင့် ဖြစ်တတ် ပျက်တတ်တဲ့

ဇာတ် ဥပမာပြု၍ ဓမ္မပဒပါဠိတော်၌"လာလှည့်ကြပါ၊ ရှုလှည့်ကြပါ"ဟု ဘဂဝါအတုလက သတ္တဝါတွေ အပေါ်မှာ မဟာကရုဏာတော်ရသဖြင့် ဒေသနာတော် မုခက ထုတ်ပြ၍ မချမသွေ ဟောတော်မူခဲ့သည်ကို သတိချပ်၍ နာကြားကြပါကုန်လော။ (သတိ)

ယထာပိ မူလေ အနုပဒ္ဒဝေ ဆိန္နောပိ ရုက္ခော
ပုနဒေဝ ရူဟတိ၊ ဧဝမ္ပိ တဏှာနုသယေ အနူဟတေ
နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ။

ပါဠိတော်။

**အနက်ကား** မူလေ၊ ကြံ့ကြံ့ထီးထီး ရေသောက်မြစ်ကြီးသည်။ အနုပဒ္ဒဝေ၊ စိမ်းရှင်လတ်လတ် မဖြတ်မသတ်သေးသည်ဖြစ်၍။ ဒဠှေ၊ မြဲမြံခိုင်ခံ့သေးသည်ရှိသော်။ ဆိန္နောပိ၊ ဘယ်လိုပင် အခက်အရွက် ဖြတ်တောက်သော်လည်း။ ရုက္ခော၊ မားမားထီးထီး သစ်ပင်ကြီးသည်။ ပုနဒေဝ၊ တဖန်သာလျှင်။ ရူဟတိ ယထာ၊ တဏှာနုသယ အကြောင်းသမုဒယ တဏှာဟူသော အနုသယကို။ အနူဟတေ၊ မဂ်ဉာဏ်ဖြင့် မပယ်နိုင်သေးသည်ရှိသော်။ အနူဟတေ၊ ဘဂဝါသုံးတဲ့ အနတ္တတလုံးနှင့် မပယ်မသတ်နိုင်သေးသည်ရှိသော်။ ပုနပ္ပုနံ၊ ဖြစ်ပြန်ပျက်ပြန် လောကဓံ အဖန်တလဲလဲ။ ဣဒံဒုက္ခမ္ပိ၊ ဤဖြစ်တုံပျက်တုံ သံသရာဝဋ္ဋ ဆင်းရဲခြင်း သည်လည်း။ နိဗ္ဗတ္တတေ၊ မချမသွေဖြစ်ရချေ၏။

အဓိပ္ပါယ် သိလွယ်ပြီ၊ ထို့ကြောင့် တရားလိုလား လူရှင် ရဟန်းများတို့သည် အထူးသတိထား၍ ဝိဝေကလုပ်ကြပါ၊ ဤသာသနာတော်ကြီးနှင့် ကြုံတွေ့သည့်အခါမှသာ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နဟူသော ဥပါဒါနက္ခန္ဓာ၏ ဖြစ်ခြင်း ပျက်ခြင်း အကျိုးကို သိနိုင်၏၊ ထိုအကျိုးသိမှသာ အကြောင်း ရှာ၍သတ်နိုင်သော ပညာရမှ အဓိသီလ အဓိစိတ္တ အဓိပညာ ဖြစ်၍၊ တနည်း အကြောင်းသတ်နိုင်သော ပညာရမှ အဓိသီလ အဓိစိတ္တ အဓိပညာဖြစ်၍ ဤကဲ့သို့ ယထာဘူတဉာဏ် ရရှိမှ သာ ဤသာသနာတော်ကြီးနှင့် ကြုံတွေ့ရသည့် အကျိုးနပ် ၏ဟု ဒေသနာတော်မှာ ရှိ၏၊ မှားမည်၊သမယပစ္စုပ္ပန် ဝိညာဏ် နာမ်ရုပ် မြင်အောင်ကြည့်၊ ဝိညာဏ် နာမ်ရုပ် ချုပ်တတ်သော ပညာဆရာ ရှာဘို့ မြဲစွာသိ။

အခဏ်း-၅ ပြီး၏။

# အခန်း - ၆

## ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တ

| | | |
|---|---|---|
| ၁။ | ရုပ်ကျုံရုပ် | ရေမြှုပ်သဏ္ဍာန်၊ |
| | အနိစ္စဘဲ | အမြဲအမှန်၊ |
| | ဖြစ်လျှင်ဆင်းရဲ | မလွဲဒုက္ခံ၊ |
| | အနတ္တ | မှတ်ကြ လောကမံ။ |
| ၂။ | ဝေဒနာစက် | ရေပွက်သဏ္ဍာန်၊ |
| | အနိစ္စဘဲ | အမြဲအမှန်၊ |
| | ဖြစ်လျှင်ဆင်းရဲ | မလွဲဒုက္ခံ၊ |
| | အနတ္တ | မှတ်ကြ လောကမံ။ |
| ၃။ | သညာမှတ်တတ် | တံလျှပ်သဏ္ဍာန်၊ |
| | အနိစ္စဘဲ | မမြဲအမှန်၊ |
| | ဖြစ်လျှင်ဆင်းရဲ | မလွဲဒုက္ခံ၊ |
| | အနတ္တ | မှတ်ကြ လောကမံ။ |
| ၄။ | သင်္ခါရစက် | ဖြစ်ပျက်ပြုပြန်၊ |
| | အနိစ္စဘဲ | မမြဲအမှန်၊ |
| | ဖြစ်လျှင်ဆင်းရဲ | မလွဲဒုက္ခံ၊ |
| | အနတ္တ | မှတ်ကြ လောကမံ၊ |
| ၅။ | ဝိညာဏ်သိဖွဲ့ | ဖြစ်ငြားဒုက္ခံ၊ |
| | သုခမဘက် | ဖြစ်လျက်အမှန်၊ |

သန္တတိပျက် ဉာဏ်ကွက်ထင်ရန်၊
ဘယ်ဘေး ရှုရေး စေကံ။

၆။ နာမ်ရုပ်နှစ်ပါး ပျက်ပြားအမှန်၊
ဖြစ်ပြန်ဒုက္ခ ချုပ်ရလေပြန်၊
အနိစ္စမို့ စိုးမရပြန်၊
ဘင်္ဂဘေး ရှုရေး စေကံ။

ဤသို့အားဖြင့် နိရောဓသစ္စာ ဟူသော နိဗ္ဗာန်သည် နှစ်ပါး အပြားရှိ၏၊ နှစ်ပါးဟူသော်ကား သဉပါဒိသေသ နိရောဓ သစ္စာ နိဗ္ဗာန်, အနုပါဒိသေသ နိရောဓသစ္စာ နိဗ္ဗာန် ဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် သဉပါဒိသေသ နိဗ္ဗာန်သည် ပုဗ္ဗေဓမ္မဋ္ဌိတိဉာဏ် ရသောပုဂ္ဂိုလ် မျက်မှောက်ပြုနိုင်၏၊ သဉပါဒိ သေသနိဗ္ဗာန်သည် ပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာမှာပင် ရှိသေး၏၊ ပုဗ္ဗဟူသော နိဗ္ဗာန် မည်၏၊ သဉပါဒိသေသ ပုဗ္ဗနိဗ္ဗာန်သည် ဘယ်ခါကိုပင်လျှင် ရှေးပုဗ္ဗဟု ဆိုပါသနည်း၊ အကြင် ပုထုဇဉ် ပုဂ္ဂိုလ်တယောက်သည် (သတိပြုဘတ်)

၁ ယောနိသော မနသိကာရ ဟူသော အတ္တသမ္မာ ပဏိဓိ မင်္ဂလာတရားတပါးနှင့် ပြည့်စုံနိုင်သော ပုဗ္ဗကာလ တပါး မှတ်ပါ။

၂ သပ္ပုရိသ ယထာဘူတဉာဏ် ရှိသော ပုဂ္ဂိုလ်ကို ပေါင်းဖေါ်မှီဝဲရခြင်း ပုဗ္ဗကာလ တပါး မှတ်ပါ။

၃ ထို သပ္ပုရိသပုဂ္ဂိုလ်၏ သဒ္ဓမ္မသဝန ယထာဘူတတရား တော်ကို အခါမလင့် ကြားနာရသော ပုဗ္ဗကာလ တပါး မှတ်ပါ။

၄ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဥပါဒါနက္ခန္ဓာဟူသော သမုပ္ပါဒ သမုပ္ပန္န ဘေးတည်းဟူသော သင်္ခါရလောက သံသရာမှ ထွက် မြောက်ရာဖြစ်သော ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏစရိယ တရားကို အားထုတ်ကျင့်ရသော ပုဗ္ဗကာလတပါး မှတ်ပါ။

ထို အင်္ဂါလေးပါးနှင့် ပြည့်စုံ၍ ရတနာ တည်းဟူသော သုံးပါးသောဂုဏ်ကို ရိုသေလေးစား ယုံကြည်မြတ်နိုးနိုင်သော သဒ္ဓါတရားကို ရသောအခါမှ သဒ္ဓါနုသာရီမည်သော ပုဂ္ဂိုလ် ဖြစ်၍ ဒိဋ္ဌိ ဝိစိကိစ္ဆာနှင့်တကွ အမြဲစွဲစူး၍ ပုထုဇဉ်၏ အမြစ် မူလနှစ်ပါးကို နုတ်၍ သပ္ပုရိသ နယ်မြေသို့ နင်းမိ ဝင်မိ၍ သပ္ပုရိသအဖြစ် ရောက်နေသောနေ့သည် ပုဗ္ဗကာလပုဗ္ဗနိဗ္ဗာန် ခေါ်ဆိုရ၏၊ ပုဗ္ဗမည်၏။

ပုဗ္ဗနိဗ္ဗာန်ခေါ်သော သဉပါဒိသေသ နိဗ္ဗာန်ကို သတိပြု ဘတ်၊ သဉပါဒိသေသ ဟူသော ပါဠိ၏ ပုဒ်၌ သ-သဒ္ဒါသည် သဟတ္ထ-တကွသောအနက်ကို ဟောပါသည်၊ဉပါဒိ-သဒ္ဒါသည် ဉပါဒါနက္ခန္ဓာ ဟူသော အဝိဇ္ဇာ တဏှာ အမြစ်နှစ်ပါးကို ဟောတော်မူ၏၊ သေသ-သဒ္ဒါသည် ဥဒ္ဒစ္စနှင့် မာနဟူသော ဉပါဒါနက္ခန္ဓာငါးပါး မူလနှစ်ပါး ကြွင်းကျန်သေးသည် ဟူ

ဟော၏၊ပုဗ္ဗမည်သော သဉပါဒိသေသ နိဗ္ဗာန်သည် ကြွင်းကျန်သေး၏၊ ပုဗ္ဗသည်ဘယ်အခါမှ ကောဋ္ဌိအန္တ အဆုံးသို့ရောက်ပါသနည်း၊ အကြောင် သပ္ပုရိသ ပုဂ္ဂိုလ်သည် အဘိညာ ပဟာတဗ္ဗဖြင့် အဝိဇ္ဇာတဏှာဟူသော မူလနှစ်ပါးကို အကြွင်းအကျန်မရှိ သမုစ္ဆေဒအားဖြင့် အရဟတ္တမဂ်ဉာဏ်နှင့် ပယ်ဖြတ်ခဲ့သော် အရ ဟတ္တဖိုလ်ဟူသော အကျိုးကိုရ၏၊ ထိုရသောအခါမှ ကောဋ္ဌိအန္တဟူသော အဆုံးသို့ ရောက်သောအခါ မည်၏၊ ကောဋ္ဌိမည်သော အနုပါဒိသေသသည် အကြွင်းအကျန်မရှိ၊ နိဗ္ဗာန်ခေါ်၏၊ အနုပါဒိ-သဒ္ဒါသည် ဉပါဒါနက္ခန္ဓာငါးပါးမရှိသည်ကို ဟော၏၊ သေသ - သဒ္ဒါသည် အဝိဇ္ဇာ တဏှာဟူသော မူလနှစ်ပါးကို အကြွင်း အကျန်မရှိ အကုန်ချုပ်ငြိမ်းသည်ဟု ဟောတော်မူ၏။ (ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌ကြည့်ပါ)

မိလိန္ဒပဉ္စာ၌ အရှင်နာဂသိန်အား မိလိန္ဒမင်းကြီး မေးလျှောက်သည်မှာ အရှင်နာဂသိန် နိဗ္ဗာန်လမ်း ကြွရောက်သွားတော်မူသော အရိယာပုဂ္ဂိုလ်တို့သည် အဘယ်မျှလောက် ဘဝကူးပြောင်းမှ အဆုံး ကောဋ္ဌိအန္တ နိဗ္ဗာန်သို့ ရောက်ပါသနည်း၊ တနည်းကား- အဆုံး အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်ပါသနည်း ဘုရားဟု မေးလျှောက်တော်မူရာ ပြဿနာတွင် ကိုးဘဝကူးပြောင်းမှ ကောဋ္ဌိမည်သော အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်ဟု ရှင်နာဂသိန် အရှင်မြတ်က ဖြေဆို

တော်မူလေသည်၊ ကိုးဘဝ ဟူသော်ကား လောကုတ္တရာ ဟူသော ရှစ်ဘဝနှင့် တိဟိတ်ဟူသော သပ္ပုရိသ ဘဝပါ ထည့်၍ နိဗ္ဗာန်ရောက်ခြင်း ဘဝကိုးပါးသည် ကိုးဘဝ မည်၏၊ မဂ်တက်စဉ် ဘဝကို ဘဝကိုးပါးဟု ယူရမည်၊ ထေရာအပ ဒါန်၌ ပုဗ္ဗနှင့် ကောဋ္ဌိအကြားမှာ ကမ္ဘာတသိန်း တိုင်အောင် နေနိုင်သောဘဝကား မဂ်တက်စဉ်ဘဝ မယူနိုင်၊ ပကတိ လူတို့၏ မြင်နိုင်သော အဗျာကတ ဝိပါက်ခန္ဓာဘဝကို ယူသင့် ၏၊ထိုထေရာအပဒါန်၌ ပါရှိသော ဝတ္ထုသာဓကကို အောက်၌ တရားရှာကြသော လူ ရှင် ရဟန်းတို့ အားထုတ်စေရန် ထုတ်ဆောင်၍ ပြပေအံ့။ (သတိပြု ဘတ်ပါ)

## နိရောဓမ္မနှင့် နိရောဓသစ္စာ ဒွယ သတိပြုဘတ်

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ပဒုမုတ္တိုရ် မြတ်စွာ ဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏၊ ထိုအခါ ဟိမဝန္တာတော၌ သမထဘာဝနာ ဈာန်လမ်းကို အားထုတ်နေ သော ဇဋိလမည်သော ရသေ့ရှိ၏၊ ထိုရသေ့သည် ပုထုဇဉ်သာ ဖြစ်၍ ပဒုမုတ္တိုရ် ဘုရားသခင်၏ ရွှေဉာဏ်တော် ကွန်ယက် အတွင်းသို့ သက်ဝင်လာသော ထိုရသေ့ကို မြင်တော်မူ၍ ပဒုမုတ္တိုရ်ဘုရားကိုယ်တော်တိုင် ဟိမဝန္တာတောသို့ ကြွရောက် တော်မူ၍ ထိုရသေ့၏သောတဒွါရနားသို့ကြားလောက်အောင် အဝေးက သီတင်းသုံးနေတော်မူပြီး ဂါထာတော်ကို ကျူးရင့် တော်မူလေ၏။ (ထေရာအပဒါန်မှာ ကြည့်ကြပါ)

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
ဟု-ကျူးရင့်၏။

ပါဠိတော်။

**အနက်ကား** သင်္ခါရာ၊ ပဋိစ္စသမုပ္ပါဒ နာမ်ရုပ်ဓမ္မ ဥပါဒါ-နက္ခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ အခြေမမြဲဘဲ သေပွဲသို့ ခယာခဏ ဝင်ရောက်ရသော အနိစ္စ ဓမ္မာရုံတို့ပါတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တရားတို့ပါတကား။ ဥပ္ပဇ္ဇိတွာ၊ ပဋိစ္စသမုပ္ပါဒ ဖြစ်ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ၊ ပဋိစ္စ-သမုပ္ပန္န နိရောဓဓမ္မမျိုးနှင့် အပျက်မျိုးသို့ ရောက်ရလေကုန်၏။ တေသံ၊ ထိုဆီးမရ တားမနိုင် ကံမခိုင်ဆိုးလှတဲ့ နိရောဓဓမ္မ အနိစ္စသဘောတရားတို့၏။ ဝူပသမော၊ အပူဇာတ်သိမ်း၍ ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာနန်းနိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ချမ်းသာလှပါပေ၏။ (စဉ်းစားဘတ်ပါ)

**အဓိပ္ပါယ်ကား**

ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န သမယပစ္စုပ္ပန် ဥပါဒါနက္ခန္ဓာ ဖြစ်ပျက်နေသော သံသရာဘေးမှ လွတ်မြောက်ချုပ်ငြိမ်း အေးတတ်သော တရားသာလျှင် ချမ်းသာ၏ဟု ဟောတော်မူတာပါဘဲ၊ တနည်း ကတော့ ဖြစ်ပျက်နေသော နိရောဓဓမ္မ

နယ်မြေက လွတ်မြောက်၍ ဖြစ်ခြင်း ပျက်ခြင်း ကင်းသော နိရောဓသစ္စာ နယ်မြေသည် ချမ်းသာလှပါ၏ဟု ဟောတော်မူတာပါဘဲ၊ ဤကဲ့သို့ ဇဋိလရသေ့သည် ထိုတရားသံ ကြားနာရသည်ရှိသော် အလွန်နှစ်သက်သောစိတ်ဖြင့် တိဟေတုက သမ္မာဒိဋ္ဌိဉာဏ်ဖြင့် နိရောဓသစ္စာဓမ္မနှင့် နိရောဓသစ္စာနှစ်ပါးကို ကွဲကွဲခြားခြားသိပြီး နိရောဓသစ္စာ ပုဗ္ဗနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော သဒ္ဓါနုသာရီပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်၍ သပ္ပုရိသဘုံမြေသို့ နင်းမိ ဝင်မိသည်ကို ပဒုမုတ္တိုရ်မြတ်စွာဘုရား သိတော်မူ၍ ကျောင်းတော်သို့ ကြွတော်မူ၏၊ ထိုဇဋိလရသေ့သည်လည်း စုတေပြီးသည့်နောက်မှ ကမ္ဘာတသိန်း ကာလပတ်လုံး အနုပါဒိသေသနိဗ္ဗာန် မရောက်မီ လူ့ဘဝနှင့် သူဌေးမျိုး မင်းမျိုး ကမ္ဘာငါးသောင်း,နတ်ဘဝနှင့် ကမ္ဘာငါးသောင်း လူမင်း နတ်မင်းစည်းစိမ်ကိုသာ ခံစားပြီး ယခု ဂေါတမဘုရားသာသနာတော်၌ ဇဋိလအမည်နှင့် ရဟန်းဖြစ်၍ ကောဋ္ဌိနိဗ္ဗာန်သို့ မျက်မှောက်ပြု၍ သွားတော်မူလေ၏။

ထို့ကြောင့် တရားရှာကြသော လူ ရှင် ရဟန်းတို့သည် ယခုအခါ ဂေါတမ ရှင်တော်မြတ် ဘုရား၏ သာသနာတော်နှင့် ရင်ဆိုင်တိုးသဖြင့် သတိပြုကြပါ၊ သတိပြုကြပြီး ပုဗ္ဗနိဗ္ဗာန် မျက်မှောက်ပြုနိုင်ခြင်းငှါ ယထာဘူတ ဝိပဿနာမျိုးကို ကြိုးစား၍ ဆရာကောင်း ဆရာမြတ် ရှာကြပါ၊ မိမိက နှလုံးသွင်းကောင်းမှ ဆရာကိုလည်း တွေ့မှာ၊ တွေ့ပြန်သော်လည်း

ဆိုဆုံးမသောစကားကို မကြာ မကြာ နာကြားမှသာလျှင် အမြင်မှန်ရနိုင်မည်၊ ပွားများ အားထုတ်နိုင်မည်၊ ယထာဘူတ ဆိုသောစကားသည် အဆိုလွယ်၍ အသိခက်၏၊ သပ္ပုရိသ ပုဂ္ဂိုလ် ဟုတ် မဟုတ်သည် အလွန်သိဘို့ ခက်ခဲ၏၊ ခဲယဉ်း၏၊ ဆရာမှန်မှ တပည့်မှန်မည်၊ ဆရာမှားလျှင်လည်း တပည့်မှား တတ်သည်ကို အထူးသတိပြုပါ။ ဒီနေရာ ဆရာကင်း၍ မသိနိုင် ဟုမှတ်၊ ဆရာရှာပါ။ (သတိ)

ထို့ကြောင့် တရားကို လိုလားတောင့်တ ရှာဖွေသော ပုဂ္ဂိုလ်တို့သည် ဤဘုရားသာသနာတော် အတွင်း၌ပင်လျှင် သမ္မာဒိဋ္ဌိ ဉာဏသမ္ပယုတ်နှင့်တကွသော တိဟိတ်အဖြစ်သည် သဒ္ဓမ္မသဝနတရားတော်ကို ကြားနာမှတ်သား၍ ယောနိသော မနသိကာရ လုပ်မှသာလျှင် ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဟူသော သံသရာဘေးကို မြင်နိုင်သည်ဟု ကျမ်းဂန် များ၌ ဘုရားရှင် ဟောတော်မူပါ၏၊ သပ္ပုရိသ ဆရာမြတ်၏ တရားတော်ကို နာကြားရ၍ ထိုပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဘေးမှ လွတ်မြောက်နိုင်သောငှါ ဆရာ၏ ဆုံးမ ပြသသော သမထ ဝိပဿနာဉာဏ် အစွမ်းတို့နှင့် ရှေးဦးစွာ ပဗ္ဗမည်သော နိရောဓသစ္စာ နိဗ္ဗာန်၌ တည်တော်မူသော ဝိညာဏ်တော် တည်းဟူသော ဘုရား တွေ့ရ မြင်ရ ဖူးတွေ့ရသော အခါသို့ ရောက်ကြမှသာလျှင်“စတုဟာပါယေဟိ ဝိပ္ပမုတ္တော”စကား တော်နှင့် အညီ ဆင်းရဲကြီးစွာသော အပါယ်ဘေးမှ လွတ်

မြောက်လတံ့ဟု ဟောတော်မူလေ၏၊ ထို့ကြောင့် ယထာဘူတ သမထဘာဝနာ ဝိပဿနာဥာဏတို့ကို ကွဲကွဲပြားပြား သိနိုင် ပြနိုင်သော ဆရာကို ရှာကြပါ၊ တနည်းမှတ်ပါ၊ သမထဥာဏကို ဝိပဿနာလုပ်ပြ၊ ဝိပဿနာဥာဏကိုတော့ ဆရာမသိလျှင် အလွဲကြီး ကြီးစွာလွဲ၍ ဉာဏ်တော် ဘုရားပွဲတော် မနွှဲနိုင်ဟု မှတ်ပါ၊ ဆရာရှာကြပါ၊ (သတိ)

ဝိညာဏံ ဘိက္ခဝေ အဇာနတာ အပဿတာ ယထာဘူတံ ဝိညာဏေ ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ ကြည့်။

**အနက်ကား** ဘိက္ခဝေ၊ ယခုအခါ သာသနာကြုံကြိုက်၍ သဒ္ဓါဟုံ ထုံလိုက်ကြကုန်သော အို-ချစ်သား ချစ်သမီးတို့။ ဝိညာဏံ၊ ဝိညာဏ်တော်တည်းဟူသော နိရောဓသစ္စာ နိဗ္ဗာန်တော်ကြီးကို။ ယထာဘူတံ၊ လုပ်ကြံတာပယ်ရှား၍ ဟုတ်မှန်သည့်အတိုင်း။ အဇာနတာ၊ အသိအလိမ္မာ ကင်းပျောက်သဖြင့် အလင်းရောက်အောင်မသိ၍ မရှာတတ်သည်ရှိသော်။ အပဿတာ၊ အိပ်မက်ပမာကဲ့သို့ တကြိမ်တလှဲမှ မဖူးမမြင်ရ၍ မရှာတတ်သည်ရှိသော်။ ယထာဘူတံ၊ မဟုတ်မမှန်တာပယ်ရှား၍ ဟုတ်မှန်သည့်အတိုင်း။ ဝိညာဏေ၊ ဖူးမြင်ခြင်းသဒ္ဓါကြွသဖြင့် ဆုပန်ကာ ရှာကြသော ဝိညာဏ်တည်းဟူသော

နိရောဓသစ္စာ နိဗ္ဗာန်တော်၌။ ဉာဏာယ၊ ပညာအစဉ် အဆက်အလင်း ပေါက်အောင် ထွင်းဖေါက်ရှာမှီး ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်တော်ကြီးကို တွေ့မြင်ခြင်းငှါ။ သတ္ထာ၊ ဒိဋ္ဌဗုဒ္ဓ သုတဗုဒ္ဓ ထိုနှစ်ဝသော သပ္ပုရိသ ဆရာမှန် ဆရာမြတ်ကို။ ပရိယေသိတဗ္ဗော၊ ရှေးဦးပဌမ မရရအောင် ရှာမှီး၍ ကြေ်ာ ဆရာတော်ကြီးကို ဆရာ့ထံမှ နာကြားရအောင် မပြတ်မလပ် ချဉ်းကပ်ရလေတော့သတည်း။

ဤနိဒါနဝဂ္ဂသံယုတ်ပါဠိတော် လာသော မြတ်စွာဘုရား ၏ စကားတော်ကို စဉ်းစား၍ရှုကြလျှင် ဥပါဒါနက္ခန္ဓာ နာမ် ရုပ် နှစ်ပါးတို့၏ အနိစ္စတရား ဒုက္ခတရား အနတ္တတရား ဖြစ်ပျက် ရှိလျှင် ထိုနာမ်ရုပ်နှစ်ပါးတို့ မဖြစ်မပျက် ချုပ်ငြိမ်းရာ ချုပ်ငြိမ်း ကြောင်းဖြစ်သော နိရောဓသစ္စာထိုက်သော ဝိညာဏ်တော် ဘုရား ရှိပြီဟု မှန်းဆ၍ သိထိုက်ကြပါပြီ၊ ထိုမှန်းဆ၍ သိသော အသိကိုထား၍ ဒိဋ္ဌဓမ္မ နိစ္စ သုခ ပရမတ္ထ အပစ္စယ ဓမ္မာရုံကို ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏစရိယ အသိမှန်ရကြဘို့ငှါ သပ္ပုရိသ ထိုက်သော ယထာဘူတဉာဏ်ကို ဒိဋ္ဌ သုတ ထိုနှစ်ဝဖြင့် ကိုယ် ပိုင်ရှိသောဆရာကို ရှာ၍ ဆရာ၏ တရားသံ နာခံမှတ်သားပြီး ဘာဝနာဉာဏ်ဖြင့် ပွားများသော် ဒိဋ္ဌဓမ္မ ရနိုင်မည်ဟု ယုံကြည် လျက် တရားရှာကြသော လူ ရှင် ရဟန်းတို့သည် ဆရာရှာသင့် လှ၏၊ ဝိပဿနာစရ ဉာဏစရိယရှိသော ဆရာသည်ကား ဆရာ ပါဟု ပြောဆိုမှုသည် လုံးဝမရှိ၊အထူးစဉ်းစား၍ ဆရာကောင်း ဆရာမြတ် တွေ့အောင်ရှာပါ။

ယံ ခေါ ပန အာယသ္မာ ဓမ္မံ ဒေသေတိ၊ သော စ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီ- တော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော။

မဇ္ဈိမပဏ္ဏာသပါဠိတော်။

အနက်ကား အာယသ္မာ၊ ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရားသည်။ ယံ ခေါ ပန ဓမ္မံ၊အကြင် ပရမတ္ထ ဓမ္မာရုံဖြစ်သော နိရောဓသစ္စာ အပ္ပစ္စယ နိဗ္ဗာန်ဟူသော ဝိညာဏ်ဇောာ် နာမ်ထူး နာမ်မြတ်တရားကို။ ဒေသေတိ၊ ကောင်းစွာမသွေ ဟောတော်မူပါပေ၏။ သော ဓမ္မော၊ ထိုနိဗ္ဗာန်ဟူသော နိရောဓသစ္စာ နာမ်ထူး နာမ်မြတ်တရားသည်။ ဂမ္ဘီရော၊ နက်နဲသော သဘောရှိ၏။ ဒုဒ္ဒသော၊ အလွန့်အလွန် မြင်လည်းမြင်နိုင်ခဲပေ၏။ ဒုရနုဗောဓော၊ သိလည်း အလွန့်အလွန် သိနိုင်ခဲပေ၏။ သန္တော၊ ငြိမ်လည်းငြိမ်သက်၏။ ပဏီတော၊ မြတ်လည်းမြတ်၏။ အတက္ကာဝစရော၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ ကြံရာကျက်စားရာမဟုတ်။ နိပုဏော၊ အလွန့်အလွန် သိမ်မွေ့၏။ ပဏ္ဍိတဝေဒနီယော၊ သပ္ပုရိသဘုံမြေသို့ နင်းမိသော သဒ္ဓါနုသာရီမည်သော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ရှိသော သူမှသာလျှင် သုံးဆောင် ခံစားနိုင်ပါပေ၏။

အဓိပ္ပါယ်ကား

စင်္ကြံပြာဟ္မဏ ပုဏ္ဏားသည် မြတ်စွာဘုရားကို တဖန် လျှောက်ထားပြန်၏၊ ဘုန်းတော်ကြီးတော်မူသော ရှင်တော်

မြတ်ဘုရား ဤနက်နဲခက်ခဲသော သိမ်မွေ့သော နိဗ္ဗာန်တရားကို ဤခန္ဓာကိုယ်ကာယနှင့်တကွ မျက်မှောက်ပြုခြင်းငှါ အဘယ်ကဲ့သို့ ကျင့်ကြံ အားထုတ်ပါသနည်းဟု မေးမြန်းလျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် စင်္ကြိုဗြဟ္မဏပုဏ္ဏား ကောင်းစွာ နားထောင်လော့၊ ငါဘုရား နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်းငှါ သမ္မာဒိဋ္ဌိ မဂ္ဂင်လမ်းကို သင့်အား ညွှန်ကြား ပြသ ဆုံးမပေအံ့။

ရှေးဦးပဌမ မိမိကိုယ်၌ ယောနိသောမနသိကာရရှိရခြင်း။ (တပါး)နိရောဓသစ္စာ နိဗ္ဗာန်နှင့်လျော်သောအကျင့်ကောင်း အကျင့်မြတ်ကိုသာလျှင် ကောင်းစွာ ကိုယ်၌ အမြဲကျင့်၍ ထားရခြင်း။ (နှစ်ပါး)

ထိုနှစ်ပါးသည် မိမိကိုယ်၌ ရှိစေရမည်၊ ဤနှစ်ပါး ပြည့်စုံသည်ရှိသော် ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏစရိယတည်း ဟူသော ယထာဘူတ အသိဉာဏ်နှင့်ပြည့်စုံသော သပ္ပုရိသပုဂ္ဂိုလ်ကို မတွေ့တွေ့အောင် အားထုတ်၍ ရှာမှီး ကိုးစားရာ၏၊ (အင်္ဂါ တပါး) ထိုသို့ အသိမှန် အမြင်မှန်ပေးနိုင်သော သပ္ပုရိသ ဆရာမြတ်ကို တွေ့သည်ရှိသော် ထိုသပ္ပုရိသ ပုဂ္ဂိုလ်မြတ်၏ အဆုံးအမ ဩဝါဒ တရားထူး တရားမြတ်ကို ရှိသေစွာ နာခံ မှတ်သားပြီး စိတ်နှလုံးထဲ၌ သိုမှီးထားရာ၏၊ (အင်္ဂါနှစ်ပါး) ဤအင်္ဂါနှစ်ပါး ပြည့်စုံခြင်းသည် ရှာမှ ရနိုင်သော တရား နှစ်ပါးတည်းဟု မိန့်တော်မူလေ၏။

ထို့ကြောင့် တရားလိုလားကြသော လူရှင် ရဟန်းတို့သည် ထိုလေးပါးကို အထူး သတိပြုထိုက်၏၊ ၎င်းလေးပါးမှ နှစ်ပါးသည် ရှာရမည်၊ (သတိပြု) ဤကဲ့သို့ မိန့်တော်မူပြီးသည့်နောက် ဘုရားရှင်သည် ဆက်လက် မိန့်တော်မူပုံကား−

အို-စက်ခြုပြာဟ္မဏပုဏ္ဏား ဤလေးပါးသောတရားတို့တွင် မိမိကိုယ်၌ အမြဲရှိစေအပ်သော ယောနိသောမနသိကာရတရားသည် ဤလောက၌ နေမင်း၏ ထွက်ပေါ်ခြင်းသည် အရှေ့ဥဒည်အရပ်က အရုဏ်ဟူသော နီမြန်းသော အဆင်းရှိသော အရုဏ်သည် ရှေးဦးစွာ လာမြဲတည်း၊ ညဥ့်တည်းဟူသော အမိုက်မှောင်မှ လွန်မြောက်ရတော့မည်ဟု ဝမ်းမြောက်သော သူတို့၏ မြင်သောအရုဏ်ကဲ့သို့ ဤယောနိသောမနသိကာရတရားကြီးသည်လည်း မကောင်းသော အကုသိုလ်ဟူသမျှကို ပိတ်ဆီးတားမြစ်ထား၏၊ ကောင်းသော ကုသိုလ်ဟူသမျှကို အမြဲတစေ ဖြစ်စေတတ်၏၊ ပရိနိဗ္ဗုတမည်သော ဝိညာဏ်တော်ဘုရားတည်းဟူသော နိရောဓ သစ္စာမည်သော နိဗ္ဗာန်တည်းဟူသော နေမင်း၏ ထွက်ပေါ်လာခြင်း၏ ပဌမဦးစွာ ဖြစ်သည်ကား ယောနိသောမနသိကာရ တရားသာရှိ၏ဟု ငါဘုရား ဟောတော်မူ၏။

ထို့ကြောင့် ယခုအခါ သာသနာတော်နှင့် ရင်ဆိုင်တိုးနေသော တရားရှာသူ ဟူသမျှ ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ မိမိကိုယ်၌ ယောနိသောမနသိကာရ တရားဖြစ်အောင် ကောင်း

စွာ စိတ်ကို သတိပြု၍ အမြဲထားရာ၏၊ ဤကဲ့သို ပြဆိုခဲ့သော အင်္ဂါလေးပါးနှင့် ပြည့်စုံသောသူသည် မုချအမှန် ဧကန်စင်စစ် သပ္ပုရိသမည်သော သူတော်ကောင်းတို့ကို ဖူးတွေ့ရလတံ့ဟု သတိပြုကြပါ၊ ထိုစက္ကိပြာဟ္မဏပုဏ္ဏားကို ဟောတော်မူသော နိရောဓ နိဗ္ဗာန်သို့သွားသော သမ္မာဒိဋ္ဌိ လမ်းစဉ်အတိုင်း တသဝေမတိမ်းအောင် ကောင်းစွာ ပွားများ၍ အားထုတ် ရာ၏၊ ဤသို့ နိဗ္ဗာန်ရောက်ကြောင်း သပ္ပုရိသ သူတော် ကောင်းဟူသမျှ သဒ္ဓါတရားသာလျှင် အရင်းမူလဖြစ်၍ စက္ကိပြာဟ္မဏပုဏ္ဏားအား ဘုရားရှင် ထပ်၍ပင် မိန့်တော်မူ လေ၏။

အထ တမှိ သဒ္ဓံ နိဝေသတိ၊ သဒ္ဓါဇာတော ဥပသင်္ကမတိ၊ ဥပသင်္ကမန္တော ပယိရုပါသတိ၊ပယိရုပါ သန္တော သောတံ ဩဒဟတိ၊ ဩဟိတသောတော ဓမ္မံ သုဏာတိ၊ သုတွာ ဓမ္မံ ဓာရေတိ၊ ဓာရိတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခတိ၊ အတ္ထံ ဥပပရိက္ခတော ဓမ္မာနံ နိဇ္ဈာနံ ခမန္တိ၊ ဓမ္မာနံ နိဇ္ဈာနခန္တိယာ သတိ ဆန္ဒော ဇာယတိ၊ ဆန္ဒဇာတော ဥဿာဟတိ၊ ဥဿာဟိတွာ တုလေတိ၊ တုလယိတွာ ပဒဟတိ၊ ပဟိတတ္တော သမာနော ကာယေန စေဝ ပရမသစ္စံ သစ္ဆိကရောတိ၊ ပညာယ စ အတိဝိဇ္ဈ ပဿတိ - ဟု မဇ္ဈိမပဏ္ဏာသ ပါဠိတော်၌ ဟောတော်မူပါပေ၏။

အနက်**ကား** အထ၊ ထိုနိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ အလိုရှိသော်။ တမှိ၊ ထို သပ္ပုရိသစသော ရတနာ သုံးပါး၌။ သဒ္ဓံ၊ ယုံကြည်ခြင်း သဒ္ဓါတရားကို။ နိဝေသတိ၊ နှလုံးသွင်းရာ၏။ သဒ္ဓါဇာတော၊ ယုံကြည်ခြင်း သဒ္ဓါတရားဖြစ်သောသူသည်။ ဥပသင်္ကမတိ၊ ဆည်းကပ်နိုင်၏။ ဥပသင်္ကမန္တော၊ ဆည်းကပ်သောသူသည်။ ပယိရုပါသတိ၊ အနီးသို့ကပ်၍ ရှိသေနိုင်၏။ ပယိရုပါသန္တော၊ အနီးသို့ကပ်၍ ရှိသေခြင်းရှိသော သူသည်။ သောတံ ဩဒဟတိ၊ ဟောပြောသမျှကို နားထောင်နိုင်၏။ ဩဟိတသောတော၊ ပြောဟောသမျှကို နားထောင်သောသူသည်။ ဓမ္မံ၊ တရားတော်ကို။ သုဏာတိ၊ နာကြား၏။ ဓမ္မံ၊ တရားတော်ကို။ သုတွာ၊ ကြားနာ၍။ ဓာရေတိ၊ ဆောင်ထား၏။ ဓာရိတာနံ၊ ဆောင်ထားအပ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အတ္ထံ၊ သဘောအနက်ကို။ ဥပပရိက္ခတိ၊ စုံစမ်းဆင်ခြင်၏။ ဥပပရိက္ခတော၊ စုံစမ်းဆင်ခြင်သောသူသည်။ ဓမ္မာနံ၊ တရားတို့ကို။ နိဇ္ဈာနံ၊ ရှုဆင်ခြင်ခြင်းကို။ ခမန္တိ၊ ခံ့ကုန်၏။ ဓမ္မာနံ၊ တရားတို့ကို။ နိဇ္ဈာနခန္တိယာ၊ ရှုဆင်ခြင်ခြင်းငှါ ခံ့သော ဉာဏ်သည်။ သတိ၊ ရှိသော်။ ဆန္ဒော၊ သမ္မာဆန္ဒသည်။ ဇာယတိ၊ ဖြစ်၏။ ဆန္ဒဇာတော၊ သမ္မာဆန္ဒဖြစ်သော သူသည်။ ဥဿာဟတိ၊ အားထုတ်နိုင်၏။ ဥဿာဟိတွာ၊ အားထုတ်၍။ တုလေတိ၊ နှိုင်းချိန်၏။ တုလယိတွာ၊ နှိုင်းချိန်၍။ ပဒဟတိ၊ ကမ္မဋ္ဌာန်းကို ပွားများ၏။ ပဟိတတ္တော၊ နိရောဓသစ္စာ နိဗ္ဗာန်သို့ စေလွှတ်

သော စိတ်ရှိသည်။ သမာနေ၊ ဖြစ်သည်ရှိသော်။ ကာယေန- စေဝ၊ ကိုယ်တိုင် မျက်မှောက်ဖြင့် သာလျှင်။ ပရမသစ္စံ၊ မြတ်သောနိရောဓသစ္စာ တည်းဟူသော နိဗ္ဗာန်ကို။ သစ္ဆိ- ကရောတိ၊ မျက်မှောက်ပြုနိုင်၏။ ပညာယ စ၊ ပွားများအပ်သော ဝိပဿနာ ပညာဖြင့်လည်း။ တံ၊ ထို နိရောဓသစ္စာ တည်းဟူသော နိဗ္ဗာန်ကို။ အတိဝိဇ္ဈ၊ ထိုးထွင်း၍။ ပဿတိ၊ ဝိပဿနာပညာဖြင့် မြင်၏- ဟု ဟောတော်မူလေသည်။

## အဓိပ္ပါယ်ကား

စင်္ကြံပြာဟ္မဏပုဏ္ဏားအား ဟောသည်ကား နိရောဓသစ္စာ ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းငှါ အလိုရှိသော သပ္ပုရိသ အပေါင်းတို့သည် ရှေးဦးစွာ သဒ္ဓါတရားကို ရမှသာလျှင် အလုံးစုံသော ဘာဝေတဗ္ဗဖြစ်သော သမ္မာဒိဋ္ဌိဉာဏ်ကိုလည်း ရနိုင်၏၊ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဟူသော ဥပါဒါ- နက္ခန္ဓာ သံသရာ၌ နိဿရဏဖြစ်သော သဥပါဒိသေသ တည်းဟူသော နိရောဓသစ္စာ နိဗ္ဗာန်ကိုလည်း ဤယခုဘဝ ခန္ဓာ ကိုယ် ကာယနှင့်ပင် မျက်မှောက်ပြုခြင်းငှါလည်း စွမ်းနိုင်၏ဟု ဟောတော်မူလေသည်။ (သဒ္ဓါအရင်းထား သတိပြုပါ)

ထို့ကြောင့် ယခုအခါ သာသနာတော်အတွင်း၌လည်း ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ ထိုလေးပါးသော ဩဃတည်းဟူသော ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဖြစ်

ပျက်အစဉ် ဉာဏ်အမြင်ဖြင့် အနိစ္စချက် ဒုက္ခချက် အနတ္တချက် ဘယဖက်လျက် သံသရာစက်မှ ကူးမြောက် လိုလားသော သူတော်ကောင်း သပ္ပုရိသအပေါင်းတို့သည်၊ တနည်းကား ဘာဝနာဉာဏ် စခန်းမှ သမယပစ္စုပ္ပန် ဖြစ်ပြန် ပျက်ပြန် လောကဓံ အကျိုးတရား ဒုက္ခနယ်မှ မုချတကယ် ကျွတ်လွတ် ချင်သော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် ဘုရား တရား သံဃာ ရတနာသုံးပါး၌ ကြည်ညို ယုံကြည်သော သဒ္ဓါတရားကို ရသောသူသည်သာလျှင် ဤသြဃလေးပါး ဟူသော သံသရာကို ကူးမြောက်နိုင်၏၊ တနည်းကား အရိယာ သပ္ပုရိသ ဆရာမြတ်၏ အဟုတ်အမှန် ဓမ္မခန်ကို ယုံကြည်နိုင် သော သဒ္ဓါတရားရမှသာလျှင် ခြောက်ဒွါရမှ ဖြစ်ပျက်နေ သော နာမ်ရုပ်ဓမ္မ သင်္ခါရတည်းဟူသော ကမ္မဝဋ်၏အကြောင်း ဖြစ်သော ကိလေသာ ဝဋ်အနွယ်ကို ဖြတ်တောက်နိုင်သဖြင့် ဥပါဒါနက္ခန္ဓာဟူသော ဝိပါကဝဋ်ဒုက္ခ ကြီးလှစွာသော နယ်မှ ကူးမြောက်ခြင်းသည် ယုံကြည်နိုင်ခြင်း သဒ္ဓါတရားဖြစ် သတည်း။ (သတိပြုဘတ်)

ထိုရတနာသုံးပါး၌ ယုံကြည်နိုင်သော သဒ္ဓါတရားကို မမေ့မလျော့သော သတိသည် သမ္မာသတိ တရားတည်း၊ တနည်းကား သဒ္ဓါတရားဖြင့် ဘုရားအစရှိသော သပ္ပုရိသ ဆရာမြတ်တို့၏ ယထာဘူတ အဟုတ်အမှန် ဒုံးမသော တရား တို့၌ မမေ့မလျော့သော သတိသည် သမ္မာသတိတည်း၊ထိုသတိ

ဗိုလ်သည် ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နဟူသော သံသရာကို လွန်မြောက်နိုင်၏၊ သမ္မာဝါယာမ မဂ္ဂင် လုံ့လတည်းဟူသော ဝီရိယဗိုလ်ကို ရသောသူမှသာလျှင် ဥပါဒါနက္ခန္ဓာ တည်းဟူသော အဘိဉာ ပရိညေယျ ပိုင်းခြားနိုင်သော သမ္မာသမာဓိ မဂ္ဂင် ဟူသော သမာဓိဗိုလ်ကို ရ၍ သမ္မာသင်္ကပ္ပမဂ္ဂင် တည်းဟူသော ပညာဗိုလ်ဖြင့် ဖြစ်ပျက်အစဉ် ခန္ဓာဝန်မှ ကူးမြောက်နိုင်၏၊ ထိုပဋိစ္စသမုပ္ပါဒ တည်းဟူသော သံသရာ၏ မူလတရား အမြစ်နှစ်ပါး၌ အမြဲညစ်နွမ်း၍ နေသော ဒိဋ္ဌိ ဝိစိကိစ္ဆာ တည်းဟူသော အဝိဇ္ဇာတည်းဟူသော အဝိဇ္ဇာနှင့်တကွာ ဟူသော ညစ်နွမ်းမှုတရားကို ဝိပဿနာ ဉာဏစရိယ သမ္မာဒိဋ္ဌိ မဂ္ဂင်ပညာဖြင့်သာလျှင် ပထမအစ သဒ္ဓါအရင်းခံဖြင့် သန့်ရှင်းစေနိုင်၍ စင်ကြယ်စေနိုင်၏ ဟု ဟောတော်မူလေ၏။

သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခ မစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်။

**အနက်ကား** သဒ္ဓါယ၊ ဘုရားအစ မြတ်မွန်နှင့် သံဃ အရိယာ ယုံကြည်သော သဒ္ဓါတရားဖြင့်။ ဩဃံ၊ ဩဃလေးပါးကို။တရတိ၊ ကူးမြောက်နိုင်၏။ အပ္ပမာဒေန၊ မမေ့မလျော့သောသတိဖြင့်။ အဏ္ဏဝံ၊ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဟူသော သံသရာတည်းဟူသော သမုဒ္ဒရာကို ။တရတိ၊ကူးမြောက်နိုင်၏။

ဝီရိယေန၊ သမ္မာဝါယာမ တည်းဟူသော ဝီရိယဖိုလ်ဖြင့်။ ဒုက္ခံ၊ ဥပါဒါနက္ခန္ဓာငါးပါး တည်းဟူသော ဒုက္ခဘေးကြီး အပေါင်းကို။ အစ္စေတိ၊ လွန်မြောက်နိုင်၏။ ပညာယ၊ ဝိပဿနာ ဉာဏစရိယ ပညာဖြင့်။ ပရိသုဇ္ဈတိ၊ အဝိဇ္ဇာတည်းဟူသော ကိလေသာ အညစ်အကြေးကို စင်ကြယ် စေနိုင်၏။ (သဒ္ဒါအရင်းထား၍ အသင်းတရားရပုံ)

ထိုဒေသနာတော်များ၌ အင်္ဂါလေးပါးကြည့်၍ ဘုရား မြတ်နှင့်တွေ့သော်၊ တနည်းကား ဒိဋ္ဌဗုဒ္ဓဘွဲ့ထူးကို ခူးနိုင်သော ဆရာမှန် ဆရာမြတ်နှင့်တွေ့သော်၊ တနည်းကား သိအပ်တဲ့ တရား ပယ်အပ်တဲ့တရား ပွားအပ်တဲ့တရား မျက်မှောက်ပြုအပ် တဲ့တရား ယထာဘူတဉာဏ်သိနှင့် ဝိပဿနာဓုရ ဆောင်ထား သော ဆရာနှင့် တွေ့သော် ယုံကြည်နိုင်သော သဒ္ဒါတရား ရှိလျှင် အဝိဇ္ဇာ တဏှာ ခြံရံလျက်ရှိသော ဥပါဒါနက္ခန္ဓာ ငါးပါး နာမ်ရုပ်နှစ်ပါးဖြစ်လောက ပျက်လောက ဖရိုဖရဲပြိုကွဲ နေသော လောက၊ တနည်းကား ခြောက်ဒွါရမှာ ကျရောက် လျက် သမယပစ္စုပ္ပန်တည့်တည့်၌ ဘာဝနာအစွမ်းနှင့် လမ်း မှန်ကျမှ မြင်စွမ်းနိုင်တဲ့ မမြဲတဲ့ အနိစ္စလောက ဆင်းရဲတဲ့ ဒုက္ခလောက တားမရတဲ့ အနတ္တလောက ပဋိစ္စသမုပ္ပါဒ် အကျိုးမျှဖြစ်သော လောကသတ္တဝါ ဘယ်ဟာတုံးလို့ သုံးနှုန်း ခေါ်ဝေါ်စရာမရှိတဲ့လောက သဘောကျအောင် ယထာဘူတ ဉာဏစရိယ ဉာဏ်ပိုင်ရသော ဆရာမြတ် သပ္ပုရိသ ပုဂ္ဂိုလ်မြတ်

နှင့် တွေ့သော် ယုံကြည်နိုင်သော သဒ္ဓါတရား အရင်းခံလျှင် အဝိဇ္ဇာ တဏှာ ရစ်ပတ်လျက်ရှိသော ဗာလပုထုဇဉ်လောကမှ လွန်မြောက်၍ သဒ္ဓါအရင်းခံသဖြင့် ဆရာကို မညင်းဆန်ဘဲ အလင်းဉာဏ်ရမည်ဟု ဟောတော်မူတာပါဘဲ၊ သတိပြုကြပါ၊ ဘတ်ပါ။

ထိုသဒ္ဓါ အရင်းခံလျှင်ဖြင့် ဆရာမှန် ဆရာမြတ်ကို မညင်းဆန်လျှင် အတွင်းရန်ဖြစ်သော ပညတ္တိပထ ပုထုဇဉ်ဟူသမျှမှာ သိမ်းပိုက်ကာ ဝေဒနာရသဖြင့် ဒေသနာ အရမှာတော့ ဥပါဒါနက္ခန္ဓာလို့ ဟောသည်၊ အဲဒီ ဥပါဒါနက္ခန္ဓာဘေးမှ ကင်းဝေးအောင် ဆရာထံ မကင်းမဝေးဘဲ ဝိပဿနာဉာဏ်နှင့် ချင်းပေးပါလိမ့်မည်၊ဝိပဿနာဉာဏ်နှင့် ရှင်းပေးတော့ အလင်းအေးတဲ့ သဘောကို ဆိုက်ရောက်မှသာလျှင် သိအပ်တဲ့ကိစ္စ သိကာမျှထားရော၊ ပယ်အပ်တဲ့ကိစ္စ ပယ်ချ၍ထားရော၊ ပွားအပ်တဲ့ကိစ္စ ပွားကာသာပွားများရော၊ ဆိုက်ရောက်တဲ့ကိစ္စ မျက်မှောက် ပြုထားနိုင်သဖြင့် အမှုပွားနိုင်သော ဥပါဒါနက္ခန္ဓာဘေးမှ လွတ်မြောက်နိုင်သည်ဟု ဒေသနာတော်တခု ပြမည်။

ဥပါဒါနေ ဘယံ ဒိသွာ၊ ဇာတိမရဏသမ္ဘဝေ။
အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏသင်္ခယေ။
ဥပရိပဏ္ဏာသပါဠိတော်။

**အနက်ကား** ဇာတိမရဏသမ္ဘဝေ၊ ခြောက်ဒွါရမှာ တရံမစဲ တဖွဲဖွဲ တသဲသဲ တရွဲရွဲ တမဲမဲ တရိပ်ရိပ် တသုံသုံ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းတို့ဖြင့် အမြဲဖြစ်ပျက်လျက် နေသော။ ဥပါဒါနေ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ သမယပစ္စုပ္ပန်ဟူသော ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာငါးပါး၌။ ဘယံ၊ သံသရာဟူသော ဘေးကြီးအပေါင်းကို။ ဒိသွာ၊ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့် သိမြင်ကြကုန်သည်ဖြစ်၍။ ဇာတိမရဏသင်္ခယေ၊ ပဋိစ္စသမုပ္ပါဒမည်သော ဥပါဒါနက္ခန္ဓာငါးပါး လောက၏ ဖြစ်ပျက်၍နေသော ဇာတိမရဏဟူသော မီးငြိမ်းရာ ကုန်ရာဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်၌။အနုပါဒါ၊ ဥပါဒါနက္ခန္ဓာငါးပါးမှ ကင်းကုန်သည်ဖြစ်၍။ ဝိမုစ္စန္တိ၊ ပဋိစ္စသမုပ္ပါဒ ဟူသော ဥပါဒါနက္ခန္ဓာဘေးမှ လွတ်မြောက်တော်မူကြကုန်၏။

## အဓိပ္ပါယ်ကား

ထို ပဋိစ္စသမုပ္ပါဒမည်သော ဥပါဒါနက္ခန္ဓာဝန် ဘေးကြီးသည် အလွန်လေးလံသော ခန္ဓာဝန်ထုပ်ကြီး မည်၏၊ ၎င်းခန္ဓာဝန်ထုပ်ကြီးမှ သပ္ပုရိသ အရိယာ အရှင်မြတ်တို့သည် လွတ်မြောက်တော်မူသော ဘာဝနာမယဉာဏ်ဖြင့် ပွားများအားထုတ်၍ ပြုလုပ်သော သစ္စာလေးပါး၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ဖြင့်၊တနည်းကား- ဒုက္ခသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ဖြင့် ပိုင်းခြားခြင်းအမှု၌ ဘာဝနာဉာဏ် လုပ်၏၊

သမုဒယသစ္စာ၌ သစ္စညာဏ် ကိစ္စညာဏ် ကတညာဏ်ဖြင့် ပယ်အပ်သော အမှု၌ ဘာဝနာညာဏ် လုပ်၏၊ နိရောဓသစ္စာ၌ သစ္စညာဏ် ကိစ္စညာဏ် ကတညာဏ်ဖြင့် မျက်မှောက်ပြုခြင်း၌ ဘာဝနာညာဏ် လုပ်၏၊ မဂ္ဂသစ္စာ၌ သစ္စညာဏ် ကိစ္စညာဏ် ကတညာဏ်ဖြင့် ပွားများအပ်သော အမှု၌ ဘာဝနာညာဏ် လုပ်၏၊ ဤကဲ့သို့ ဘာဝနာညာဏ် အစွမ်းဖြင့် သဒ္ဓါနှင့်ဝီရိယ မေတ္တာ ပညာ တည်းဟူသော အလောဘဟိတ် ဦးစီးထား၍ သီလနှင့် ခန္တီ သစ္စာ ပညာ တည်းဟူသော အဒေါသဟိတ် ဦးစီးထား၍ နိက္ခမနှင့် ဥပေက္ခာ အဓိဋ္ဌာန် ပညာ တည်းဟူသော အမောဟဟိတ် ဦးစီးထား၍ အပစယ ကုသိုလ်ကိုသာလျှင် ပါရမီ ဖြည့်ကျင့်တော်မူကြ၏။

ထို့ကြောင့် ယခုအခါ သာသနာတော်နှင့် ကြုံတွေ့ပါလျက်နှင့် ပါရမီ ဒါန သီလ ဘာဝနာ တရားဖြစ်တို့ အသိညာဏ်ထွင်းဖေါက်၍ အလင်းရောက်မှသာလျှင် ပါရမီမျိုး ပုညဖြစ်၏၊ တနည်းကား- ခန္ဓာ အာယတန ဓာတ် သစ္စာ ဖွဲ့လျက်ဟောထားသော တရားရင်း၊ ကွဲကွဲခြားခြား အသိညာဏ် ထွင်းဖေါက်၍ အလင်း ရောက်ရသဖြင့် ပြုစု ပျိုးထောင်နိုင်သော ဒါနမှု သီလမှု ဘာဝနာမှု ပါရမီစု ပုညမျိုးဟု မှတ်ရမည်၊ တနည်းကား- သမထ ဝိပဿနာ ဘာဝနာညာဏ် အရှိန်တို့ကြောင့် သမယပစ္စုပ္ပန်၌ ဖြစ်ပျက်နေသော ဥပါဒါနက္ခန္ဓာဟု သမုတ်ထားသော နာမ်ရုပ်များကို စေတသိက် သခါရ

တရားဟု ခေါ်သည်၊ ထိုစေတသိက် သင်္ခါရတရားကို မြင်ပါမှ နိစ္စ သုခ အတ္တ ဟု ထင်မှတ်နေသော သညာခေါတ်တွေ့ ကွာကျ၍ အနိစ္စခေါတ် ဒုက္ခခေါတ် အနတ္တခေါတ် ဆတ်ဆတ် ပါလားဟု ဉာဏ်သိဖြင့် အမှန်ရှိတာ အမှန်သိ၍ ပြုစုသော ပုညမျိုးကိုသာလျှင် ပါရမီ ဒါန သီလ ဘာဝနာ မှတ်ရမည်၊ "အနိစ္စဒဿနေန အလောဘော ဒုက္ခဒဿနေန အဒေါသော အနတ္တဒဿနေန အမောဟော"ဟု သတိပြု၍ "ဒါနံ အလောဘော ဟေတု၊ သီလံ အဒေါသော ဟေတု၊ ဘာဝနာ အမောဟော ဟေတု"ဟု ဟောတော်မူထားပါသည်၊ ပါရမီ တရား လက်ကိုင်ထားနိုင်ပါစေဟု သတိပြု။

## ခန္ဓဝဂ္ဂသံယုတ် ဘာရဝဂ်

ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ ဘိက္ခဝေ လောကဓမ္မော၊ တံ တထာဂတော အဘိသမ္ဗုဇ္ဈတိ အဘိသမေတိ၊ အဘိသမ္ဗုဇ္ဈိတွာ အဘိသမေတွာ အာစိက္ခ-တိ ဒေသေတိ ပညပေတိ ပဋ္ဌပေတိ ဝိဝရတိ ဝိဘဇတိ ဥတ္တာနီကရောတိ၊ ယော ဘိက္ခဝေ တထာဂတေန ဧဝံ အာစိက္ခိယမာနေ ဒေသိယမာနေ ပညပိယမာနေ ဝိဝရိယမာနေ ဝိဘဇိယမာနေ ဥတ္တာနီကရဏိယမာနေ န ဇာနာတိ န ပဿတိ၊ တမဟံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အဇာနန္တံ အပဿန္တံ ကိန္တိ ကရောမိ။ ဟု ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ဘာရဝဂ်၌ ဟောတော်မူ၏။

သုခန္ဓဝတီ (က—၁၅၆) ၁၁

**အနက်ကား** ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ လောကေ၊ အမြဲမပြတ် ကပ်လျက်ရှိသော သံသရာ လောကဘေးကြီးထဲ၌။ လောကဓမ္မော၊ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န သမုဒယဓမ္မ နိရောဓဓမ္မ သင်္ခါရပယူသော သံသရာလောကဓာတ်ကြီးသည်။ ရူပံ၊ ရုပ်မည်၏။ ဝေဒနာ၊ ဝေဒနာမည်၏။ သညာ၊ သညာမည်၏။ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ ဝိညာဏံ၊ ဝိညာဏ်မည်၏။တံ၊ ထိုသို့သဘောရှိသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို။ တထာဂတော၊ ငါဘုရားသည်။ အဘိသမ္ဗုဇ္ဈတိ၊ မရှိဟူသော သမုဒယဓမ္မကိုင်ငး, ရှိဟူသော နိရောဓဓမ္မကိုင်ငး ဉပါဒါနက္ခန္ဓာငါးပါး ထိုတရားကို အဟုတ်အမှန် သိမြင်တော်မူ၏။ အဘိသမေတိ၊ အငြိမ်းကြီးငြိမ်းတော်မူ၏။ အဘိသမ္ဗုဇ္ဈိတွာ၊ ကောင်းစွာ သိတော်မူပြီး၍။ အဘိသမေတွာ၊ ၍။ ပညပေတိ၊ သိတော်မူ၏။ ပဋ္ဌပေတိ၊ ရွတ်ဆိုတော်မူ၏။ ဝိဝရတိ၊ ဖွင့်ပြတော်မူ၏။ ဝိဘဇတိ၊ ဝေဘန်တော်မူ၏။ ဉတ္တာနီကရောတိ၊ ပေါ်လွင်ထင်အောင် ပြုတော်မူ၏။ ဟုဟောတော်မူလေ၏။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ယော၊ အကြင်သဿတ-ဒိဋ္ဌိ-ဉစ္ဆေဒဒိဋ္ဌိဖြင့် အမြဲစွဲမှီ၍နေသော ပုထုဇဉ်သည်။ တထာ-ဂတေန၊ ငါဘုရားသည်။ ဝေံ၊ ဤသို့ ဉပါဒါနက္ခန္ဓာငါးပါး၏ သဘောဖြင့်။အာစိက္ခိယမာနေ၊ ကြားအပ်ပါလျက်။ ဒေသိယ-မာနေ၊ ဟောအပ်ပါလျက်။ ပညပိယမာနေ၊ သိစေအပ်ပါ

လျက်။ ပဌ္ဌပိယမာနေ၊ ရွှတ်ဆိုပြောဆိုပါလျက်။ ဝိဝရိယမာနေ၊ ထပ်ခါ ဆင့်ကာ မကြာမကြာ ဖွင့်ပြပါလျက်။ ဝိဘဇိယမာနေ၊ ဝေဘန် ပိုင်းခြားပါလျက်။ ဥတ္တာနီကရိယမာနေ၊ နည်းအများဖြင့် နားမလည်သူ အလွယ်တကူ သိမြင်ပေါ်လွင်အောင် ပြုပါလျက်။ န ဇာနာတိ၊ မမြင်။ ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ ဗာလံ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးဖြင့် အမြဲအစွဲယူမှားရှိနေသော။ အန္ဓံ၊ ဖုံးကွယ်သော မျက်စိရှိသော။ အစက္ခုကံ၊ ဉာဏ်တည်းဟူသော မျက်စိမရှိသော။ အဇာနန္တံ၊ သိနိုင်သော နားမရှိသော။ အပဿန္တံ၊ မြင်အပ်သော မျက်စိမရှိသော။ တံ ပုထုဇ္ဇနံ၊ ထိုအယုတ်တရား အစွန်းနှစ်ပါး၌ အမြဲနေသော ပုထုဇဉ်ကို။ အဟံ၊ ငါဘုရားသည်။ ကိန္တိ၊ အဘယ်ကဲ့သို့မူ၍။ ကရောမိ၊ အပါယ်ဘေးကြီး ဒုက္ခမီးမှ လွတ်အောင် ပြုနိုင်ပါတော့အံ့နည်း။ န ကရောမိ၊ မပြုနိုင်တော့ပြီ။ (သတိပြုဘတ်ပါ)

ဤခန္ဓဝဂ္ဂသံယုတ် ဘာရဝဂ်၌ ဘုရားသခင် ဟောကြားသော ဒေသနာတော်ကို ထောက်ဆ၍ ကြည့်လိုက်ပေတော့၊ ယခုအခါမှာ သာသန ပဋိဝေဓ နေလိုလလို ထွန်းကားသော် မိမိ၌ အမြဲစူရဝင်နေသော မိစ္ဆာပထ ပညတ္တိအာရုံ သိမ်းပိုက်မိသော သဿတ ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးပြိုကွဲအောင် ဝိပဿနာဉာဏ်ရာစရိယဖြင့် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န များစွာသော နည်းအမျိုးမျိုးဖြင့် ဘုရားသခင်

ဆုံးမတော်မူသော ဒေသနာတော်အရ မိမိဉာဏ်ဝမှာ ဒိဋ္ဌိ နှစ်ပါး ပြာချ၍မဖြစ်နိုင်သေးလျှင် ပဋိဝေဓ နေလလိုထွန်းပေမဲ့ သာသနာတော်အတွင်း ရောက်ပြီဟု အပါယ်ဘေးကြီး ကြောက်စရာမရှိဟု စိတ်မချနိုင်သေး။ (သတိပြုကြပါ)

ဘာ့ကြောင့် ဆိုသော် ဘုရားသခင်က ငါဘုရား ဟောကြားပါလျက် ဆုံးမပါလျက် ပြသပါလျက် ပေါ်လွင် အောင် ညွှန်ကြားပါလျက်နှင့် ဥပါဒါနက္ခန္ဓာ ဝန်ထုပ်ကြီး ကို မသိကြလျှင် မမြင်ကြလျှင် ပုထုဇဉ်သဘာဝနှင့် ဒိဋ္ဌိနှစ်ပါး မလွတ်ငြားသဖြင့် ကြီးစွာသော အပါယ်ဘေးကြီး ဒုက္ခမီးမှ လွတ်အောင် ငါဘုရား မပြုနိုင်ဟု မိန့်ဟတော်မူခြင်းကြောင့် ယခုအခါ တရားရှာကြသော လူ ရှင် ရဟန်း သူတော်ကောင်း အပေါင်း ယောဂီအလောင်းတို့သည် မိမိကိုယ်ကို စစ်တမ်း ထုတ်သင့်လှပါ၏၊ ငါသည် ဥပါဒါနက္ခန္ဓာငါးပါး နာမ်ရုပ် နှစ်ပါး သိပြီလား၊ ခန္ဓာ့ကွဲနိုင်သော အသိဉာဏ် ရှိပြီလား၊ နာမ်ရုပ်နှစ်ပါးတို့၏ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပျက်လောကကို သိပြီလား၊ ထိုလောကမှ လွတ်နိုင်သော ဝိပဿနာ ဝိသေသ အနတ္တတလုံး ဆရာသူတော်ကောင်း သပ္ပုရိသ ဆရာမြတ် နှင့် တွေ့၍ ရပြီလားဟု သတိပြုသင့်လှပါ၏၊ တရားရှာတာ ရှာသင့်လှပါ၏၊ တရားရှာကာမှ အစွဲပိုတတ်သည်။ (သတိ ပြုကြပါ)

ထို့ကြောင့် အထူးစဉ်းစားစရာ ဘာဝနာ ဉာဏ်အရှိန်နှင့် ဥပါဒါနက္ခန္ဓာ နာမ်ရုပ်နှစ်ပါးတို့၏ သမယပစ္စုပ္ပန်တည့်တည့်၌ စေတသိက် သင်္ခါရခေါ် ဒွါရခြောက်ပါးမှ ကျရောက်လာသော ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န အကျိုးဝိညာဏ် နာမ်ရုပ်တို့၏ အနိစ္စ မမြဲခြင်းသဘော ဒုက္ခ ဆင်းရဲခြင်းသဘော အနတ္တ တားမြစ်ကန့်ကွက်မရခြင်းသဘော ရှိလျှင် ထိုဖြစ်ပျက်အကျိုး၏ ထောက်ပံ့ထားသော အကြောင်းရှာ၍ ပယ်ဖျက်နိုင်ပါလျှင် ဖြစ်ပျက် ရုပ်သိမ်းသွားချေ၏၊ ဖြစ်ပျက် ရုပ်သိမ်းသွားလျှင် မဖြစ်မပျက်တတ်သော နိစ္စ သုခ ပရမတ္ထဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရားတော်လည်း ထင်ရှားစွာ ရှိနိုင်သည်ဟု စဉ်းစားစရာ ဖြစ်သင့်၍ ဆရာကောင်း ဆရာမြတ် သပ္ပုရိသ ဆရာတွေ့က မိမိကြိုးစားက သိနိုင် မြင်နိုင်လောက်၏ဟု ဆရာကောင်း၏ ဥပနိဿယကို ယူသင့်၍ ဆရာကောင်း ဆရာမှန် ရှာကြပါ။

အခန်း-၆ ပြီး၏။

# အခန်း-၇

## ဒုက္ခအေးဘွယ်

၁။ သို့လောစိတ်ဇော   သဘောစင်ကြယ်၊
အုပ်ချုပ်မှုကြီး   အပြီးကွယ်မယ်၊
သည်ခါကျမှ   အေးကြအေးနယ်၊
မဂ်စခန်း   တက်လှမ်း နိုင်တော့မယ်။

၂။ မဂ်ဖိုလ်စခန်း   တက်လှမ်းလိုလျှင်၊
ဖြစ်ပျက်တာများ   ဉာဏ်အားဆင်ခြင်၊
ဖြစ်ပုံအစ   ပျက်ရတာမြင်၊
ဖေါက်ကာခွဲ   မလွှဲ သိဘို့ပင်။

၃။ မရှိပညတ်   ငြိကပ်လို့ပင်၊
ဒွါရခြောက်ပါး   ကျငြားရုပ်ထင်၊
ရုပ်ထင်အရိပ်   နာမ်ဟိတ်ဝင်ယှဉ်၊
ဖျတ်ခနဲ   သေပွဲ ဒုက္ခဝင်။

၄။ ဖြစ်လား ပျက်လား   အများကိုပင်၊
စွဲမက်လေငြား   တအားခင်မင်၊
ခင်မင်စွဲမက်   ပျောက်ပျက်အစဉ်၊
ပျက်သဘော   မက်မော အပူယှဉ်။

၅။ ပျောက်ပျက်သဘော စွဲသောအရာ၊
အဝိဇ္ဇာကား လှည့်ဖြားရှိသာ၊
ဝိဇ္ဇာသန်လျက် ဉာဏ်စက်နှင့်လွှာ၊
ခုတ်ထွင်တတ် နှစ်စပ် ပြတ်သွားမှာ။

၆။ နှစ်စပ် ပြတ်သွား စွန့်ချက်ကိုပင်၊
နိဗ္ဗာန်ခေါ်လတ် ပညတ်အစဉ်၊
ပညတ်ကိုတွေး တောင်းရေးကိုဆင်၊
အသ်နဲ့ လူမွဲ ဉာဏ်မမြင်။

၇။ ကြောင်းကျိုးနှစ်ရပ် ထွက်တတ်ဉာဏ်ပါ၊
နိဗ္ဗာန်ခေါ်ကြ လောကသူငါ၊
နိဗ္ဗာန်ပြည်ကြီး ပူမီးမလာ၊
တဖြေးဖြေး အေးအေး ငြိမ်းသွားမှာ။

၈။ အေးငြိမ်းတာကား နိဗ္ဗာန် မဟုတ်ပါ၊
နိဗ္ဗာန်သိမှ အေးငြိမ်းကြမှာ၊
အေးသဘောက မူလ အသေပါ၊
အထင်လွဲ အရှင်လဲ သူဖြစ်လာ။

၉။ ငါမဟုတ်ဘဲ ငါဘဲသိတာ၊
သိသဘောထဲ ဝေခွဲစေရာ၊
ဝေခွဲစေမှု မေးမှုကိုသာ၊
ခွင့်ပြုထား ဘုရား စကားပါ။

၁၀။ မေးခွင့်ရှိလျက် မေးခွင့်မပိုင်၊
ငါ့ဝါဒနှင့် နေ့လင့်မှိုင်မှိုင်၊
အဲသည်ခါလဲ ဆင်းရဲကနိုင်၊
အနတ္တကင်း ချက်ခြင်း အတ္တပိုင်။

၁၁။ သင်္ခါရစက် လွှတ်ထွက်အရာ၊
ဆရာမြတ်လဲ ရှာမြဲစဉ်လာ၊
ဆရာပြမှ ဃနကျေမှာ၊
နည်းမရ ခက်လှ ဓမ္မတာ။

၁၂။ အရောင်အရိပ် စိတ်ကဝင်ယှဉ်၊
ငါသိတာများ စွဲထားအစဉ်၊
ငါကိုဖေါက်ခွဲ အစွဲမပြင်၊
ရောင်ရိပ်ကင်း အလင်း နိဗ္ဗာန်ဝင်။

၁၃။ ရောင်ရိပ်ကင်းပျောက် ထွင်းဖေါက်စေငှါ၊
ဆရာမြတ်လဲ ရှာမြဲစဉ်လာ၊
ဆရာမပြ ထွင်းဖေါက်ခြင်းငှါ၊
နည်းမရ ခက်လှ ဓမ္မတာ၊

၁၄။ အလယ်အလတ် နှစ်ထပ်နှစ်လီ၊
ဆရာပြမှ ရပ်တတ်ပါမည်၊
ရပ်တတ်တရား မရဘာဂီ၊
လူဖြစ်ကျိုး အဘိုး ဆုံးတော့မည်။

၁၅။ ရောင်ရိပ်ကင်းပျောက် ထွင်းပေါက်စေငှါ၊
ဆရာမြတ်လဲ ရှာမြဲစဉ်လာ၊
ဆရာမပြ ထွင်းပေါက်ခြင်းငှါ၊
နည်းမရ လယ်ကြ သံသရာ။

၁၆။ ဆရာမြတ်နှင့် တွေ့သည့်ခါမှာ၊
တုပ်ကွရိုကျိုး ရှိခိုးပြီးခါ၊
နည်းကောင်းလမ်းစ ပေးပါဆရာ၊
မာန်ကိုချ တောင်းကြ ဒို့သူငါ။

တရားရှာကြသူ စဉ်းစားဘတ်ပါ။

ယထာဘူတံ အဇ္ဇာနန္တော၊ သုဒ္ဓိကာမာပိ ယေ ဣဓ။
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။
ပါဠိတော်။

အနက်ကား ဣဓ သာသနေ၊ နေရောင်လရောင် ပမာဆောင်၍ ထွန်းပြောင်ပဝင်း ဤသာသနာအတွင်း၌။ ယေ ယောဂိနော၊ စိတ်ဓာတ်ပြေ့ပျောင်း အကြင်ယောဂီခေါ် အရိယာအလောင်းတို့သည်။ သုဒ္ဓိကာမာပိ၊ ဥပါဒါနက္ခန္ဓာ ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာ နန်းနိဗ္ဗာန်ကို အလိုရှိကြကုန်သော်လည်း။ ယထာဘူတံ၊ လုပ်ကြံတာပယ်ရှား၍ ဟုတ်မှန်သည့်အတိုင်း။ အဇ္ဇာနန္တော၊ သိပိုင်နိုင်သော ပညာဉာဏ်

မရှိကြကုန်သည်ဖြစ်၍။အဇာနန္တော၊ ဒိခန္ဓာ ဘယ်သူ့ကြောင့်လဲလို့ အဝိဇ္ဇာ တဏှာ မူလနှစ်ပါး ပဋိစ္စသမုပ္ပါဒ်တရားအငြစ်ပါပနှင့် ဖြစ်ရဌာန ဥပါဒါနက္ခန္ဓာ အခြေခံကို ဝေဘန်ခါ မသိကြကုန်သောကြောင့်။ တေ ယောဂိနော၊ စိတ်ခေတ်ပြောင်းပျောင်း ထိုယောဂီအပေါင်း အရိယာအလောင်းတို့သည်။ ဝါယမန္တာပိ၊ အရိုးဘဲကျေကျေ အရေဘဲခန်းခြောက်ခန်းခြောက် မစား မသောက် မအိပ် မနေ ဘယ်လိုပင် တရားအားထုတ်ကြသော်လည်း။ဝိသုဒ္ဓိံ၊ အဝိဇ္ဇာ တဏှာ ကင်းပြတ်သဖြင့် ဥပါဒါနက္ခန္ဓာ ဖြစ်ပျက်မှု အရှင်းမကပ်နိုင်သော အလင်းခေတ်ခေါ် နိရောဓသစ္စာ နိဗ္ဗာန်နန်း အပ္ပစ္စယဓမ္မ အသစ်တခေတ်ကို။ နာဓိဂစ္ဆန္တိ၊ ဩြ-မရောက်နိုင် မသိနိုင် မရနိုင်ကြလေကုန်တော့သတည်း။

## အဓိပ္ပါယ်ကား

ဤယခု မိမိရရှိထားသော လူယောကျ်ား လူခန္ဓာ လူမိန်းမ လူခန္ဓာတို့သည်လည်း ဘယ်သူကြောင့်လဲလို့ သိဘို့လိုနေသည်၊ သိပြီ၊ အဝိဇ္ဇာနှင့် တဏှာဟုဆိုမည်၊ မှန်၏၊ စာဉာဏ်ခေါ်၏၊ ရွာဉာဏ်ခေါ်, အများပြော၍ မှတ်ဉာဏ်ခေါ်, အများဟော၍ မှတ်ဉာဏ်ခေါ်၏၊ ထိုမှတ်ဉာဏ်ခေါ်သော စာဉာဏ် ရွာဉာဏ် အများပြော၍ မှတ်ဉာဏ် အများဟော၍ မှတ်ဉာဏ်တို့သည် မှတ်သားအပ်၏၊ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ ဆိုခြင်းကြောင့် နာကြား မှတ်သားထားအပ်၏၊ သို့သော် အဝိဇ္ဇာနှင့်တဏှာ

မူလနှစ်ပါး ဖြစ်ရာဌာန ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဘာဝနာဉာဏ်ဖြင့် သိပြီဟု မဆိုနိုင်၊ ယထာဘူတဉာဏ် မဆိုနိုင်၊ အဘယ်ကြောင့်ဆိုသော် စိတ္တသတိပဋ္ဌာန် ဘာဝနာဉာဏ်ဟု ဆိုအပ်သော သတိပဋ္ဌာန် ဘာဝနာမယဉာဏ်နှင့် သာလျှင် ပွားများနိုင်မှသာ သိနိုင်၏၊ ထိုကဲ့သို့ ပွားများသော ဘာဝနာမယဉာဏ်ဖြင့် သိမှသာ နောက်ကပြဆိုခဲ့သော ဝိသုဒ္ဓိမဂ်အာဘော်နှင့်လျော်၏၊ ထိုအဝိဇ္ဇာ တဏှာဖြင့် သမယပစ္စုပ္ပန်မှ ဝေဒနာအကျိုး တဏှာအကြောင်း စိုးမိုး၍ ဖြစ်နေသော ဌာနကို ဘာဝနာမယဉာဏ်ဖြင့် သိမှသာလျှင် မိမိတို့၏ တောင့်တလိုလားသော တဏှာအကြောင်းဖြတ်နိုင်သော ပညာရရှိလျှင် သမယပစ္စုပ္ပန် အကျိုး ဥပါဒါနက္ခန္ဓာ ဟူသော ဝေဒနာချုပ်သဖြင့် နိရောဓသစ္စာ နိဗ္ဗာန် မျက်မှောက်ပြုနိုင်မည်ဟု ဟောတော်မူပါပေ၏။

ထိုအဝိဇ္ဇာအစ မရဏအဆုံးထား၍ ပဋိစ္စသမုပ္ပါဒ ပဋိစ္စ-သမုပ္ပန္န ဒွယ ဒွယအားဖြင့် နှစ်ပါး နှစ်ပါးထား၍ မြတ်စွာဘုရားသည် ဟောကြားတော်မူ၏၊ ထိုသို့ လုမ်းသကဲ့သို့ ဟောကြားသော ဒေသနာသည် မဟာသမုဒ္ဒရာ အလယ်၌ ယုန်သူငယ် ထောက်လှမ်းသကဲ့သို့ မြတ်စွာဘုရား၏ သဗ္ဗညုတရွှေဉာဏ်တော် တည်းဟူသော ဉာဏသာဂရဖြင့် ဟောတော်မူအပ်သော အနန္တနယ သာဂရတည်းဟူသော ပဋ္ဌာန်းကျမ်းကြီးဖြင့် ထုတ်ဖော်ညွှန်ပြအပ်သော မဟာသံသာရ သာဂရ

တည်းဟူသော ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဟူသော အကျိုး ဖလရှစ်ပါး မူလနှစ်ပါးတို့သည် အလွန်တရာမှ သိနိုင်ဘို့ ခဲယဉ်း လှပါ၏၊ သပ္ပုရိသဆရာမြတ် တွေ့မှသာလျှင် အဝိဇ္ဇာနှင့် တဏှာ မူလ တရားနှစ်ပါး အကြောင်းထောက်ပံ့သဖြင့် သမယ ပစ္စုပ္ပန်၌ အကျိုး ဖလရှစ်ပါး တည်းဟူသော ဥပါဒါနက္ခန္ဓာ ကို သမ္မာသမာဓိ သုတမယဉာဏ် ဘာဝနာမယဉာဏ်ဖြင့် အာရုံ အာရမ္မဏိကတရား သိနိုင်၏၊ ထိုဥပါဒါနက္ခန္ဓာ ဖြစ်ပျက် အကျိုး ဒုက္ခမျိုးကို သိမှသာ သမ္မာသမာဓိအရှိန် ဘာဝနာ မယဉာဏ်ဖြင့် သမယပစ္စုပ္ပန်မှ အဝိဇ္ဇာ တဏှာ သိခြင်းကို ဉာဏ်သိခေါ် ၎င်းအဝိဇ္ဇာနှင့် တဏှာ ဉာဏ်သိ သိမှသာလျှင် သံသရာအစ အခြေခံမူလကို သိနိုင်ပြီဟု ဆိုနိုင်ဘွယ်ရာ ရှိ၏။ (ဆရာရှာမှု သတိပြု)

ထို့ကြောင့် သံသရာဆိုသည်ကား အဘယ်တရားကို သံသရာဟူ၍ ဆိုထိုက်ပါသနည်း၊ခန္ဓာ အာယတန ဓာတ် သစ္စာ တို့ဖြင့် ဖွဲ့၍ဟောအပ်သော ဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တရားတို့သည်သာလျှင် သံသရာမည်၏၊ထိုသံသရာ သည် အဘယ်ကဲ့သို့ ကျင်လည် ကျက်စား၍ ဖြစ်ပျက်နေ သနည်းဟု ဆိုသော် မျက်စိအစရှိသော ခြောက်ပါးသော အကြည်ဓာတ်မှန်ပေါ်တွင် ပညတ္တိပထဖြစ်သော ရူပါရုံ အရိပ် သဒ္ဒါရုံအရိပ် ဂန္ဓာရုံအရိပ် ရသာရုံအရိပ် ဖောဋ္ဌဗ္ဗာရုံအရိပ် ငါးကိစ္စတို့ဖြင့် သိမ်းပိုက်ထားသော မနောဓာတ် မနာယတန

ဟူသော ဇဝနကိစ္စ တဒနုဝတ္တကဝီထိ မွှောရုံအရိုင်ဖြင့် ဖြစ်၍ ပျက်၍ နေသည်ကို သံသရာ ကျင်လည် ကျက်စားသည်ဟု ဟောတော်မူ၏၊ ထိုပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နဖြင့် ခြောက်ဒွါရမှာ ကျရောက်လျက် အရိပ်အရောင် ပညတ္တိပထ မွှောရုံ စေတသိက် သင်္ခတ သင်္ခါရတရားသည် နိဿတ္တ နိဇ္ဇီဝ သဘောရှိ၏၊ ထိုသတ္တဝါမဟုတ် ဓာတ်မှန်ရုပ်တို့၏ ဖြစ်ပေါ်စသည် ဇာတိမည်၏၊ ပျက်တတ်သော သဘောရှိ၏၊ ပျက်ခြင်းသည် မရဏမည်၏၊ ထိုဇာတိနှင့် မရဏကိုသာ ပဋိစ္စသမုပ္ပါဒ ပဋိစ္စ-သမုပ္ပန္နဟူ၍ ဟောတော်မူပါသည်။

ခန္ဓဘေဒေါဝ မရဏံ၊ ဇာတိ တပ္ပါတုဘာဝတာ။
ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။
သမ္မောဟ ဝိနောဒနီ အဋ္ဌကထာပါဠိတော်။

အနက်ကား ခန္ဓဘေဒေါ၊ သမယပစ္စုပ္ပန်၌ ငါးသာတ်နာမ်ရုပ် သင်္ဘာယတန ဖဿ ဝေဒနာ ဥပါဒါနက္ခန္ဓာ ဒုက္ခအကျိုးတို့၏ နိရောဓမွှေအားဖြင့် ပျက်စီးခြင်းသည်သာလျှင်။ မရဏံ၊ ပဋိစ္စသမုပ္ပန္န မရဏမည်၏။ တပ္ပါတုဘာဝတာ၊ ထိုဥပါဒါနက္ခန္ဓာ ဒုက္ခအကျိုးတရားတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည်။ ဇာတိ၊ စေတသိက် မွှောရုံဇာတိမည်၏။ ပဋိပါဋိ၊ အစဉ်အတိုင်း။ ခန္ဓာနဉ္စ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ရင်း။

ဓာတုအာယတနာနဥ္စ၊ ဓမ္မာရုံ ဓာတ် အာယတန တို့၏ရင်း။ အဗ္ဗောစ္ဆိန္နံ၊ စက္ခုစသောမှန်အကြည် ခြောက်ပါးအပေါ်မှာ (အာယတနတို့၌) မပြတ်လည်သည်ဖြစ်၍။ ဝတ္တမာနာ၊ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နဖြစ်၍ နေသည်ကို။ သံသာရောတိ၊ ဘေးဒုက္ခသံသရာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

(သတိပြု၊ သံသရာကို မြင်အောင်ကြည့်။)

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န မရဏဟူသော ဘေးကြီးဆိုက်လျက်နေသော ပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာ နယ်မှ လွတ်ထွက်ခြင်းကိုသာလျှင် ခန္ဓဝိမုတ္တိ တရား ဖြစ်နိုင်မည်၊ ထိုသမုပ္ပန္နမရဏ သေခြင်း ကင်းသည်ကိုသာလျှင် အမတ နိဗ္ဗာန်ဟု ဟော၏၊ သမုပ္ပါဒ ဇာတိဖြစ်ခြင်း ကင်းသည်ကိုသာ လျှင် အဇာတိနိဗ္ဗာန်ဟု ဟော၏၊ ထို့ကြောင့် ဝိညာဏဋ္ဌိတိ နှင့်တကွသော သတ္တာဝါသ ဘုံကိုးဝဌ် နေသော သတ္တဝါတို့၏၊ ဝါ-တနည်းကား လူယောကျ်ား လူ့ခန္ဓာ လူမိန်းမ လူ့ခန္ဓာ သေခြင်းသည်ကား တဘဝတွင် ဥပါဒ် ဌီ, ဘင်အားဖြင့် မရဏာသန္တတိထိအားဖြင့် တကြိမ်သာ စုတိကျ၍ သေရခြင်းကို မရဏ သေခြင်းဟု ဆို၏၊ ထိုဝိညာဏဋ္ဌိတိနှင့် တကွသော လူယောကျ်ား လူ့ခန္ဓာ လူမိန်းမ လူ့ခန္ဓာ သေကြေပျက်စီး ခြင်း သေခြင်းမရဏကို အမတနိဗ္ဗာန်ဟု ဟောတော်မမူ၊ ဝိညာဏဋ္ဌိတိတရားသည် ပရမတ္ထအားဖြင့် ထင်ရှားသော နိရောဓ အတ္ထိ ဟု ဟောတော်မူ၏၊ ထိုဝိညာဏဋ္ဌိတိ၏

လူယောကျ်ား လူ့ခန္ဓာ လူမိန်းမ လူ့ခန္ဓာတို့၏ ဇာတိ ဇရာ ဗျာဓိ မရဏကို ဆုတောင်း၍ မရကောင်းသော တရားဟူ၍ ဟောတော်မူလေ၏၊ ယံပိစ္ဆံ န လဗ္ဘတိ ဟု ဓမ္မစကြာသုတ်တော်၌ ဟောတော်မူလေ၏၊ဤသို့ဆိုလျှင် မရဏတရားနှစ်ပါး ဒွယ-ဒွယ သတိပြုပါ၊ ဆရာရှာကြပါ၊ ထို့ကြောင့် ကထာ ဝတ္ထုပါဠိတော်ကို တရားရှာသူ အလေးမူသင့်၏၊ အဘယ် သို့နည်း "အညေ ခန္ဓာ အညံ နိဗ္ဗာနန္တိ န ဟောမံ ဝတ္တဗ္ဗေ"ကို သတိပြုကြပါ၊ ဆရာရှာနေပြီ။

ထို့ကြောင့် တရားရှာကြသော ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့၏ မျက်စိအကြည် မှန်ပြင်ပေါ်၌ အပြင်ပ ရူပါရုံအဆင်းနှင့် ဆုံမိသော် ထိုသို့သောတရား အခိုက်အတံ့မျှကို ပိုင်းခြား၍ မသိနိုင်သဖြင့်၊ဝါ-တနည်းကား ထိုအရောင်အရိပ်ကိုစေတသိက် တည်းဟူသော ပညိန္ဒြေဖြင့် ဘုံဘဝ ကြုံရတဲ့ သဘောတရားပါ တကားဟု အခိုက်အတံ့မျှကို ပိုင်းခြားနိုင်သော အသိကင်း သဖြင့် သတိပြုကြပါ စဉ်းစားကြပါ၊ မျက်စိအလင်း အကြည် မှန်ပြင်ပေါ်သို့ ကျရောက်နေသော အရောင်အရိပ် ပညတ္တိ ပထ အာရုံဟူသော စေတသိက်တည်းဟူသော မောဟဖြင့် ငါသိသည်ဟု ဖြူသည် မဲသည် နီသည် စသည်ဖြင့် သိမ်းပိုက် ခြင်းသည် အဒ္ဓါနပစ္စုပ္ပန် အကျိုးကို သိမ်းပိုက်လက်ခံ၍ အကြောင်းလုပ်ထားကြ၏။

ထိုအတိတ် အကြောင်းကြောင့် သမယပစ္စုပ္ပန်မှ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်ပေါ်လာရ၏၊ ထိုအကျိုးကို လွန်စွာသိရမည်၊ အမောဟာသမ္ပဇဉ သတိ ကင်းသဖြင့် မောဟဖြစ်ပြီး သမယပစ္စုပ္ပန်၌ တဏှာ ဥပါဒါန် အဝိဇ္ဇာ သင်္ခါရ ကမ္မဘဝ အကြောင်းဖြစ်ရ၏၊ ၎င်း ငါးပါး အကြောင်းကြောင့် အနာဂတ် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အကျိုးရရှိပြန်၏၊ ၎င်းအကျိုး မသိနိုင်သဖြင့် အတိတ်ကာလမှ တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ အကြောင်း ဖြစ်ပြန်၏။

ထိုအတိတ် အကြောင်းတရား ငါးပါးကြောင့် ပစ္စုပ္ပန် အကျိုးငါးပါး၊ ထိုအကျိုးကိုစွဲမှီ၍သော ပစ္စုပ္ပန်မှ အကြောင်း တရား ငါးပါး၊ ထိုအကြောင်းတရား ငါးပါးကြောင့် အနာဂတ် အကျိုးငါးပါး ဖြစ်ပေါ်လာ၏၊ ထိုအကျိုးကို စွဲမှီ၍ အတိတ်အကြောင်း ဆက်စပ်၍ လည်ခြင်းကို ပဋိစ္စ-သမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဟု ဟောတော်မူလေ၏၊ ထိုပဋိစ္စ-သမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တရားသည် အဆင်းရုပ်က ဖြစ်သည် လော၊ မျက်စိ အသားဆိုင်နှင့်တကွ အကြည်မှန်အပြင်က ဖြစ်သည်လော၊ ထိုမှန်ပြင်၏ နီးစွာသော မြင်သိ ဝိညာဏ်က ဖြစ်သည်လောဟု မေးစရာ ပေါ်ထွက်လာ၏၊ မျက်စိအကြည် မှန်ပြင်ကလည်း မဟုတ်၊ အဆင်းရုပ်ကလည်း မဟုတ်၊ နီးစွာ သော မြင်သိ ဝိညာဏ်ကလည်း မဟုတ်၊ ထိုသုံးဦးတို့ အဒ္ဓါန

ပစ္စုပ္ပန် အကျိုးသာ ဖြစ်နိုင်သေး၏၊ (ကန့်လိုက် သတိပြု) အဒ္ဓါန ပစ္စုပ္ပန်အကျိုးကို ကျော်လွန်၍ မှန်ပေါ်မှာ အရောင် အရိပ် စွဲလမ်း၍သာ ကာလသုံးပါးဖြင့် ကျေးဇူးပြုတတ်သော စေတသိက် ပညတ္တိပထ တဒနုဝတ္တကဝီထိ ဝိညာဏ်ကသာ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဖြစ်ပေါ်နေ၏၊ ထိုအကြောင်း အကျိုးတရား ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န သံသရာရထား သည် မြင်ဆဲ ကြားဆဲ နံဆဲ လျက်ဆဲ တွေ့ထိဆဲ သိဆဲ ထို ခြောက်ပါးသော အကြည် မှန်ပြင်ပေါ်မှာလည်း ခုတ်မောင်း ပြေးလွှားနေ၏၊ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန် နှစ်ပါး မောင်း၍ သွားသည်။ (သတိပြုပါ)

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တရားနှင့် ဉပမာ ပြ၍ထားသော အကြောင်းနှင့် အကျိုးနှစ်ပါးသော ပဋိစ္စ သမုပ္ပန္နမျိုးသည် ပုထုဇဉ် သတ္တဝါဟူသမျှတို့မှာ အဇ္ဈတ္တဗဟိဒ္ဓ ထိုနှစ်ရပ်သော ခြောက်ပါးပေါ်၌ တထောင့်မနားဘဲ မသိနိုင်၊ တနည်းကား- သတိချပ်ပါ၊ လေးလေးဘတ်ပါ၊ စဉ်းစားပါ၊ ဗဟိဒ္ဓခေါ်သော မြင်ဆဲ အကြည်မှန်ပြင်ပေါ်မှာ ခုတ်မောင်း ခြင်း၊ ကြားဆဲ အကြည်မှန်ပြင်ပေါ်မှာ ခုတ်မောင်းခြင်း၊ နံဆဲ အကြည်မှန်ပြင်ပေါ်မှာ ခုတ်မောင်းခြင်း၊ လျက်ဆဲ အကြည် မှန်ပြင်ပေါ်မှာ ခုတ်မောင်းခြင်း၊ တွေ့ထိဆဲ အကြည်မှန်ပြင် ပေါ်မှာ ခုတ်မောင်းခြင်း၊ သိဆဲ အကြည်မှန်ပြင်ပေါ်မှာ ခုတ်မောင်းခြင်း၊ ဗဟိဒ္ဓ အာယတန ခြောက်ပါး ခေါ်နိုင်၏၊

အဇ္ဈတ္တခေါ်သော မြင်ရောင် အပေါ်မှာ ခုတ်မောင်းခြင်း၊ ကြားရောင် အပေါ်မှာ ခုတ်မောင်းခြင်း၊ နံ့ရောင်အပေါ်မှာ ခုတ်မောင်းခြင်း၊ လျက်ရောင် အပေါ်မှာ ခုတ်မောင်းခြင်း၊ ထိရောင်အပေါ်မှာ ခုတ်မောင်းခြင်း၊ သိရောင်အပေါ်မှာ ခုတ်မောင်းခြင်း အဇ္ဈတ္တိကာယတန ခြောက်ပါး ခေါ်ဆိုနိုင်၏။

ထို သံသရာရထား ဥပမာပြုခြင်းသည် အဘယ်ကဲ့သို့ သဘောရှိသနည်း၊ ယခုလောကဥ္စ မီးရထား တစင်းသည် ကွမ်းခြံဘူတာမှာ ဆိုက်ကပ်သော် ကွမ်းခြံရထားသာ ခေါ်ဆိုနိုင်၏၊. ထိုရထား မောင်းနှင်၍ တဖန် ပုဇွန်တောင်ဘူတာ ရောက်သော် ပုဇွန်တောင်ရထား ခေါ်နိုင်၏၊ထိုမှတဖန်မောင်းနှင်၍ တာမွေဘူတာ ရောက်သော် တာမွေရထား ခေါ်နိုင်၏၊ ထိုနည်းတူစွာ စေတသိက် ဓမ္မာရုံကိုမှီ၍ အကြောင်းအကျိုး ပြေးလွှားခြင်းကိုသာ "ပါပဿိ ရမတိ မနော"ဟု ဟောတော်မူလေ၏။

ဓမ္မပဒပါဠိတော်၌ ကြည့်ကြပါ။

အနက်ကား မနော၊ တွက်ချင့်ကာသူမမြော် လက်သင့်ရာ စားတော်ခေါ်တဲ့ အမော်ရှေသွား စိတ်တရားသည်။ ပါပဿိ၊ အပူသယ်ဝယ်ထား မသူတော်တရားတို့၌။ ရမတိ၊ မွေ့လျော်တတ်၏။ ရမတိ၊ အခြေနိမ့်စရာ မောဟာဖြင့် ဖိခဲ့ပေါ့ အရောင်

အရိပ်အထွေထွေ မှီးခဲ့သဖြင့် ကာယ်မှဲ့အရာခမ္မနှင့် မနီးနိုင်ကြဘဲ ပုထုဇဉ် သတ္တဝါတွေမှာ မြေနိမ့်ရာရေစီး ဖြစ်ရလေတော့ သတည်း။

ထိုသို့ပင် အဆင်းရုပ်သည် မျက်စိနှင့် ဆိုင်သည်ရှိသော် အကြည်မှန်ပြင်ပေါ် သို့ ကျရောက်လာသော အရောင်အရိပ်ကို မြင်ပါသော်လည်း ပုထုဇဉ်တို့သည် ဘဝအနန္တ ဘဝများစွာက ထုံလာခြင်း၌ရှင်း၊ ယခုဘဝ ထုံခြင်း၌ရှင်း၊ မိစ္ဆာဝါဒ ဟူသော သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ တည်းဟူသော သံယောဇဉ်တို့နှင့် ဖွဲ့ချည်၍ အထုံဝါဒမျိုး အကျင့်ဆိုးနှင့် နေခဲ့ရသဖြင့် ထိုပညတ္တိပထ မိစ္ဆာဝါဒကို မပယ်နိုင်ဘဲ ရှိလျက်နေကြ ၏၊ ထိုသက္ကာယဒိဋ္ဌိကို မပယ်နိုင်ခြင်းကြောင့် မိစ္ဆာအာရုံကို သာ အာရုံပြုနိုင်၍ အသက်ဝိညာဏ်ရှိသော ယောကျ်ား မိန်းမတို့၏ သွားခြင်း လာခြင်း စားသောက်ခြင်း ပြောဆိုခြင်း စသော ကိရိယာ အမူအရာတို့ကို မိမိမျက်စိ အကြည်မှန်ပေါ် ကျရောက်သော အရောင်အရိပ်ထဲ ထည့်သွင်း၍ မြင်ကြ ကြား ကြပြီး နေကြရ၏၊ မြင်တာထဲ သညာသွင်း၍ သက်ာမကင်း နိုင်ဘဲ နေကြရ၏၊ ဤလူ့ပြည်မှာ ဘုရားတဆူတဆူ ပွင့်လာ သောအခါမှ ပညတ္တိပထဖြစ်သော စေတသိက် ဓမ္မာရုံ၏ ဥပါဒါနက္ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးကို မရှိသော သုညတ တုစ္ဆ မောဃဟူ၍ အချည်းနှီးဖြစ်သော သက်သက် သုဒ္ဓဓမ္မ ဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န သမုဒယဓမ္မနှင့် နိရောဓ

ဓမ္မအကြောင်းနှင့် အကျိုး ထိုသဘာဝဟူသော လောက သံသရာ ဘဝါသဝ သဿတနှင့် ဒိဋ္ဌာသဝ ဥစ္ဆေဒဟူသော သက္ကာယ သမုဒယသစ္စာနှင့် ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာနှစ်ပါး ဓမ္မပြုလျက် ဟောတော်မူမှ ဝေနေယျ သတ္တဝါတို့သည် သမ္မာ ဒိဋ္ဌိ အမြင်မှန်ရသဖြင့် ဒုက္ခသစ္စာ အကျိုး သိသဖြင့် သမုဒယ သစ္စာ အကြောင်း ပယ်စွန့်နိုင်ကြ၏။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ကြည့်ပါ။

ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ တထာ-ဂတာနံ ဌိတာဝ၊ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ တံ တထာဂတော အဘိသမ္ဗုဇ္ဈတိ အဘိသ-မေတိ အဘိသမ္ဗုဇ္ဈိတွာ အဘိသမေတွာ အာစိက္ခတိ ဒေသေတိ ပညပေတိ ပဋ္ဌပေတိ ဝိဘဇတိ ဝိဝရတိ ဥတ္တာနီ ကရောတိ ပဿထာတိ စာဟ။

ဟု နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူလေ၏။

**အနက်ကား** တထာဂတာနံ၊ မြတ်စွာ ဘုရားတို့၏။ ဥပ္ပါဒါ ဝါ၊ ပွင့်တော်မူသော်ရင်း။ တထာဂတာနံ၊ မြတ်စွာ ဘုရားတို့၏။ အနုပ္ပါဒါ ဝါ၊ မပွင့်သော်ရင်း။ သာဓာတု၊ ထိုပရမတ္ထဖြစ်သော စေတသိက် ဓမ္မာရုံ ဓမ္မဓာတ်ကြီးသည်။ ဌိတာဝ၊ ဌိတိကိုးပါးဟူသောအမည်ဖြင့် အမြဲတည်၍နေသော တရားသာလျှင်။ ဓမ္မဋ္ဌိတတာ၊ ဓမ္မာရုံဖြစ်၍တည်၏။ ဓမ္မနိယာ

မတာ၊ ဓမ္မာရုံဖြစ်၍ အမြဲတည်၏။ ဣဒပ္ပစ္စယတာ၊ အကြောင်းကြောင့် အကျိုးဖြစ်၍ နေသောတရားတည်း။ တံ၊ ထိုပဋိစ္စ-သမုပ္ပါဒ ပဋိစ္စသမုပ္ပန္နတရားကြီးကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ အဘိသမ္ဗုဇ္ဈတိ၊ သိတော်မူ၏။ အဘိသမေတိ၊ ပြီမ်းစေတော်မူ၏။ အဘိသမ္ဗုဇ္ဈိတွာ၊ သိတော်မူ၍။ အဘိသမေတွာ၊ ပြီမ်းစေတော်မူ၍။ အာစိက္ခတိ၊ ကြားတော်မူ၏။ ဒေသေတိ၊ ဟောတော်မူ၏။ ပညပေတိ၊ သိတော်မူ၏။ ပဋ္ဌပေတိ၊ ရွတ်ဆိုတော်မူ၏။ ဝိဘဇတိ၊ ဝေဘန်တော်မူ၏။ ဝိဝရတိ၊ ဖွင့်တော်မူ၏။ ဥတ္တာနီကရောတိ၊ ပေါ်လွင်အောင်ပြုတော်မူ၏။ ပဿထ၊ ရှုကြကုန်လော။ ဣတိ စ၊ ဤသို့လည်း။ အာဟ၊ ငါဘုရားဟောတော်မူ၏။

ဣတိ ခေါ ဘိက္ခဝေ ယာ တတြ တထတာ အဝိတထတာ အနညထတာ ဣဒပ္ပစ္စယတာ အယံ ဝုစ္စတိ ပဋိစ္စသမုပ္ပါဒေါ။

ပါဠိတော်။

**အနက်ကား** ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣတိ ခေါ၊ ဤသို့လျှင်။ ယာ၊ အကြင်ပရမတ္ထဖြစ်သော ဓမ္မာရုံဋ္ဌိတိတရားကြီးသည်။ တတြ၊ ထိုပဋိစ္စသမုပ္ပါဒမည်သော သံသရာ၌။ တထတာ၊ မှန်သောအဖြစ်ကိုရင်း။ အဝိတထတာ၊ မချွတ်မယွင်းသောအဖြစ်ကိုရင်း။ အနညထတာ၊ ဖြစ်ခြင်းမှတပါး

မပြောင်းမရွှေ့ခြင်းကိုရင်း။ဣဒပ္ပစ္စယတာ၊အကြောင်းကြောင့် အကျိုးဖြစ်၍ နေသောတရားကိုရင်း။ အယံ၊ ဤအလုံးစုံသောတရားကို။ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒဟူ၍။ ဝုစ္စတိ၊ ဟောတော်မူလေ၏။

ဤပဋိစ္စသမုပ္ပါဒ သံသရာကြီးသည် ဘုံသုံးပါး၌ ဘုရားပွင့်သော်ရင်း၊ မပွင့်သော်ရင်း ဋ္ဌိတိကိုးပါးဟူသော အမြဲတည်သော အမည်ကိုးပါးတည်း။

၁။ ပရမတ္ထသဘာဝဖြင့် အမြဲတည်သော ဋ္ဌိတိတပါး။

၂။ ဓမ္မာရုံဖြင့် အမြဲတည်ခြင်းကြောင့် ဓမ္မနိယာမ အမြဲတည်သော ဋ္ဌိတိတပါး။

၃။ အကြောင်းဖြစ်သော် အကြောင်းကြောင့် အကျိုးရသော ဣဒပ္ပစ္စယတာဋ္ဌိတိ တပါး။

၄။ မချွတ်မယွင်းမှန်သောကြောင့် အဝိတထတာ ဋ္ဌိတိတပါး။

၅။ ဖြစ်သော အခိုက်အတံ့ကာလဟူသော ပဋိစ္စသမုပ္ပါဒ ဋ္ဌိတိတပါး။

၆။ အခိုက်အတံ့ ကာလမှတပါး ပျက်သော ကာလကို မဟောသောကြောင့် အနညထတာဋ္ဌိတိ တပါး။

၇။ ပျက်သောကာလသို့ ပြောင်းသွားသည့် အညထတာ ဋ္ဌိတိ တပါး။

၇။ ပျက်ခြင်း သဘောသို့ ဝင်ရခြင်း ရောက်ရခြင်း ပဋိစ္စသမုပ္ပန္နဌိတိ တပါး။

၈။ ဌိတိကိုးပါးဟူသော အမည်ကို ရသော တရား သံသရာတည်းဟူသော ဌိတိကိုးပါးတည်းဟု ဘုရားရှင်ဟောတော်မူပါသည်၊အကျဉ်းအားဖြင့် ကြောင်းနှင့် ကျိုးမျှ သဘာဝတရားတည်းဟူ၍ သိစေအပ်၏။ (သတိပြုကြပါ)

ဤသို့ သင်္ခတဓမ္မာရုံ အနိစ္စဓမ္မ ပဋိစ္စသမုပ္ပန္န မည်၏၊ ထိုအနည်းထတာ အညထတာ ဟူသောစကား၊ ဝိပရိဏာမတာ ဟူသော စကားတို့သည် ပဋိစ္စသမုပ္ပါဒ၏ ပဋိစ္စသမုပ္ပန္န အနိစ္စဓမ္မမျိုး၌သာလျှင် ဟောတော်မူလေ၏၊ သတ္တာဝါသ ဘုံကိုးဝ၌ ဖြစ်နေသော ဝိညာဏဋ္ဌိတိ၏ အနိစ္စမျိုးကို အညထတာဟူ၍ ၎င်း၊ ဝိပရိဏာမတာဟူ၍၎င်း ဟောတော်မမူ၊ သတိပြုကြပါ၊ ထိုပဋိစ္စသမုပ္ပါဒ၏ သဘောကား အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ ဟူသောအကြောင်း ဟေတု ဖြစ်ကြသည် ရှိသော် အကျိုးဖလဖြစ်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော နိရောဓဓမ္မာရုံတို့၏ ဖြစ်ခြင်းသည် မုချကေန် မှန်သောကြောင့် တထတာဌိတိဟု ဟောတော်မူ၏၊ မချွတ်မယွင်း အမြဲအမှန်ဖြစ်ခြင်းကြောင့် အဝိတထတာ ဌိတိဟု ဟောတော်မူ၏၊ ဤသို့ အကြောင်းဟေတု ဖြစ်သည်ရှိသော် အကျိုးဖလငါးပါး တရားတို့သည် အမြဲ ဖြစ်ခြင်းကြောင့်

ဣဒပ္ပစ္စယတာ ဋ္ဌိတိ ဟု ဟောတော်မူ၏၊ ဤ စိတ် စေတသိက် ဥပါဒါရုပ် နိဗ္ဗာန်ဟူသော ဓမ္မာရုံ ပရမတ္ထတရား လေးပါးတို့သာ ပဋိစ္စသမုပ္ပါဒ မည်ကုန်၏၊ ထိုတရား လေးပါးတို့ကိုသာ ခန္ဓာ အာယတန ဓာတ်သစ္စာ ဖွဲ့၍ ဟောတော်မူ၏၊ သတ္တာဝါသနှင့် တကွသော ဝိညာဏဋ္ဌိတိ ဟူသော ဝိညာဏ်တို့ကို ဥပါဒါနက္ခန္ဓာ ဖွဲ့၍ မဟောအပ်၊ မြတ်စွာဘုရားသည် ဟောတော်မမူ၊ ပဋိစ္စသမုပ္ပါဒ တရားကို ဋ္ဌိတိကိုးပါးနှင့် တကွသော ပဋိစ္စသမုပ္ပန္နမည်သော အနိစ္စဓမ္မကို ပွားများ အားထုတ်နိုင်သော သပ္ပုရိသ ပုဂ္ဂိုလ်သည် ဓမ္မဋ္ဌိတိ တည်းဟူသော ပစ္စယပရိဂ္ဂဟဉာဏ်ကို ရနိုင်သည်ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ မိန့်တော်မူပါ၏၊ ဤသို့ တဏှာမှ ပေါက်ပွားသော နာမ်ရုပ်ကို နာမရူပပရိစ္ဆေဒ တည်းဟူသော ဉာဏ်ဖြင့် ရှုဆင်ခြင်ခြင်းသည် ပိုင်းခြားရ၏၊ အဘိညာ ပရိညေယျလုပ်၍ တဏှာကို ပဟာတဗ္ဗ လုပ်ရ၏၊ ထိုမှ ပစ္စယပရိဂ္ဂဟဉာဏ် ရနိုင်ပါ၏။

ဧဝံ သင်္ခါရေ သလ္လက္ခေတွာ ဋ္ဌိတာ ပန ဘိက္ခုဿ ဒသဗလသာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

သတိပဋ္ဌာန် ဝိဘင်းအဋ္ဌကထာ ပါဠိတော်။

**အနက်ကား** ဧဝံ၊ ဤသို့။ သင်္ခါရေ၊ ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာ ဟူသော နာမ်ရုပ် သင်္ခါရတရားတို့ကို။ သလ္လက္ခေတွာ၊

ဝိပဿနာဉာဏ်ဖြင့် မှတ်၍။ ဋ္ဌိတဿ၊ တည်သော။ ဘိက္ခုဿ ပန၊ ရဟန်းအားကား။ ဒသဗလဿသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ မူလံ၊ အဝိဇ္ဇာ တဏှာ ဟူသော အမြစ် မူလကို။ ဩတိဏ္ဏံ နာမ၊ ကူးမြောက်သည် မည်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ လဒ္ဓဿာသော၊ရအပ်သော သက်သာ ရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်ရာ တည်ရာ ရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသော ဂတိ ရှိသော။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရလေ၏။

## အဓိပ္ပါယ်ကား

ဤသတိပဋ္ဌာန် ဝိဘင်းအဋ္ဌကထာ ဒေသနာတော်၏ အာဘော်ကတော့ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န နာမ်ရုပ် ဓမ္မ သင်္ခါရတရားတို့ကို သတိ ဟူသောဗိုလ်ဖြင့် ဘာဝနာ မယဉာဏ် ဖြင့် အပြန်ပြန် အလှန်လှန်ဖြင့် ဆင်ခြင် သုံးသပ်သော ပဋိသင်္ခါဉာဏ်ဖြင့် အဟုတ်အမှန် အတိုင်း ဝိပဿနာဉာဏ စရိယ သမ္မာဒိဋ္ဌိ ဉာဏ်ရသဖြင့် ဤ သာသနာတော်မှာ ထောက်တည်ရာ ဖြစ်ကြ၍ နိယတဘွဲ့တံဆိပ်ရသည်ဟု ဟော တော်မူ၏၊ ထိုသမယပစ္စုပ္ပန် အကျိုးဝိညာဏ် နာမ်ရုပ် နှစ်ပါး သိရမဲ့တရား ပိုင်းခြားနိုင်သောဉာဏ်ကို ရမှသာလျှင် သမယ ပစ္စုပ္ပန်အကြောင်း ပယ်နိုင်၏၊ ၎င်းအကြောင်း ပယ်နိုင်မှ

အကျိုး ငြိမ်းအေးချုပ်သိမ်းသည်ကို နိဗ္ဗာန်ဟူ၍ ဟောတော်မူ၏၊ ဆရာရှာကြပါ၊ သတိပြုကြပါ။

ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ-ဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

ဝိသုဒ္ဓိမဂ်၌ ကြည့်ကြပါ။

**အနက်ကား** ဉာဏေန၊ ဤပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့်။ ဥပါဒါနက္ခန္ဓာ၊ နာမ်ရုပ်တို့၏ ဒုက္ခသစ္စာထိုက်သော သင်္ခါရကို သိအပ်သော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်စွမ်းနိုင်သော ဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿ-ကော၊ ဝိပဿနာပွားများသော ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သောသက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသောဂတိရှိသော။ စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပါယ်ကား

ဥပါဒါနက္ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၏ သမယ ပစ္စုပ္ပန်၌ ဖြစ်ခြင်း ပျက်ခြင်း ပဋိသင်္ခါဉာဏ်ဖြင့် အဖန်ဖန်သုံး

သပ်၍ ထိုနာမ်ရုပ်နှစ်ပါး သင်္ခါရတရားတို့ကို သိသဖြင့်၊ တနည်းကား နာမ်ရုပ်နှစ်ပါး သံသရာ အကျိုးတရားကို ဝိပဿနာဉာဏ်ဖြင့် အမှန် အမှန်အတိုင်း ကောင်းစွာသိသဖြင့် ထိုနာမ်ရုပ်နှစ်ပါး ပိုင်းခြား၍ထားပြီး သခ်ယပစ္စုပ္ပန်၌ နာမ် ရုပ်နှစ်ပါး၌ ငြိကပ်သော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ တွယ်တာမှု အကြောင်းတရားကို ပညာတည်းဟူသော မဂ်ဖြင့် ပယ်စွမ်း နိုင်သော ယောဂီသူမွန် ပုဂ္ဂိုလ်ချွန်သည် ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ၌ ကြုံရကျိုးနပ်သဖြင့် သာသနာ၌ ထောက်တည်ရာရသည်ဖြစ်၍ ကောင်းသောဂတိ မြဲ၏ဟု ဟောတော်မူလေသည်၊ အပါယ် ဘေးမှ လွတ်သည်ဟု ဆို၏၊ ထို့ကြောင့် ဝိပဿနာဉာဏစရိယ သမ္မာဒိဋ္ဌိ အမြင်မှန်ရအောင် ဆရာကောင်း ဆရာမြတ် ရှာကြပါ။ (သတိပြုပါ)

ထို့ကြောင့် ယောဂီသူမွန် ပုဂ္ဂိုလ်ချွန်တို့သည် သပ္ပုရိသ ဆရာဖြစ်သော ဒိဋ္ဌဗုဒ္ဓ သုတဗုဒ္ဓ ဆရာမြတ်နှင့်တွေ့ရသော်အသိ မှန်အမြင်မှန် ပညာကို ကြားနာမှတ်သားပြီး ဘာဝနာစခန်း လှမ်းတက်၍ ဉာဏစရိယ သမ္မာဒိဋ္ဌိ ဝိပဿနာနယ်သို့ ရောက် သည်ရှိသော် အမှန်ကိုသိသော ပုဂ္ဂိုလ်ချွန်ဖြစ်၍ သပ္ပုရိသ ဘုံမြေသို့ နင်းမိ ဝင်မိသဖြင့် မိမိ၏ မှားယွင်းနေသော ရက် လ ဘဝကိုလည်း သိနိုင်၏၊ မိမိ၏ မှန်သော ရက် လ ဘဝကိုလည်း သိနိုင်၏၊ သမ္မာဒိဋ္ဌိဉာဏ်သည် အမှားကို အမှားမှန်းသိ၏၊ အမှန်ကို အမှန်မှန်းသိ၏၊ပုထုဇဉ်ဘဝနှင့် အမှားအမှန် နှစ်ဌာန

ကို သဘာဝအတိုင်း မသိနိုင်၊ သို့ဖြစ်၍ သမ္မာသက်ပ္ပ သမ္မာဒိဋ္ဌိ ပညာမဂ္ဂင်နှစ်ပါးဖြင့် ပရမတ္ထဖြစ်သော ဥပါဒါနက္ခန္ဓာ ဓမ္မခတ် ဓမ္မာရုံဖြစ်သော ဓမ္မသဘောသိသော ပညာရှိသူချွန် ပုဂ္ဂိုလ်မှန်တို့သည် မိမိ၏ ဉာဏ်တွင် မိစ္ဆာဒိဋ္ဌိနှင့်တကွ ယှဉ်တွဲ၍ ဖြစ်သော ဥပါဒါနက္ခန္ဓာ ပညတ်ဓမ္မာရုံကိုလည်း ကောင်းစွာ မြင်၍ သမ္မာဒိဋ္ဌိ အသိဉာဏ်ဖြင့် ကိန်းဝပ်သဖြင့်(ထို့ကြောင့်) "ယော ဓမ္မံ ပဿတိ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ" ဟု ရှင်တော်မြတ်ဘုရား ဟောတော်မူပါပေ၏။

အို-တရားရှာကြသူ လူ ရှင် ရဟန်းတို့ သမုဒယသစ္စာ အကြောင်းတရားကြောင့် ဒုက္ခသစ္စာ အကျိုး ဆင်းရဲမျိုးဖြစ်ရ၏၊ ထိုဆင်းရဲမျိုး အကျိုး ဥပါဒါနက္ခန္ဓာကို သိသဖြင့် ဝိပဿနာရှု၍ ထင်မြင်နိုင်သဖြင့် သမုဒယအကြောင်းတရားကို ပညာတည်းဟူသော မဂ်ဖြင့် ပယ်စွမ်းနိုင်မှ ဥပါဒါနက္ခန္ဓာ အကျိုး ဖြစ်ခြင်း ပျက်ခြင်း ကင်းလွတ်၍ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်မည်၊ မဂ်ပညာသည် မဂ္ဂသစ္စာခေါ်၏၊ ထိုမဂ္ဂသစ္စာထိုက်သော မဂ်ပညာရနိုင်ခြင်းငှါ ဆရာရှာရသည်၊ ဆရာရှာနေပြီ။

## ပရမတ္ထသံခိပ်ကျမ်း ဆောင်ပုဒ်

ခန္ဓာ ဒိနည်း၊ ဖွဲ့စည်း ပြီးခါ၊ သုံးဖြာ လက္ခဏာ၊ သုံးပါက၊ သမ္မသနဉာဏ် ဝိပဿနာတည်း။

ဒေသနာတော်များတွင် ခပ်သိမ်းကုန်သော နာမ်ရုပ်တရားနှင့် နာမ်ရုပ်တရားတို့ကို စုပုံဖွဲ့စည်း၍ အတန်တန် အဖန်ဖန် အပြန်ပြန်ဖြင့် သုံးသပ်အပ်သော ဉာဏ်သည် သမ္မသနဉာဏ်မည်၏၊ ထိုသမ္မသနဉာဏ်ရှိမှ ဌာနာဌာနကောသလ္လဉာဏ်ဖြင့် သိနိုင်၏၊ ထိုဌာနာဌာနကောသလ္လဉာဏ်ရှိမှ ရူပနာမ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်နိုင်၏၊ ထိုရူပနာမ နာမရူပပရိစ္ဆေဒဉာဏ်ရှိမှ ပရိညေယျတရားနှင့် အဘိညာ ပရိညေယျ တရားနှစ်ပါးကို ကွဲကွဲခြားခြား သိနိုင်၏၊ ထိုသို့ သမထယာနိက ထိုက်သော ဌာနနှင့် ဝိပဿနာထိုက်သော ဌာနနှစ်ပါး မကွဲခြားလျှင် သမထဌာနကို ဝိပဿနာထင်၍ ပွားများလျှင် တရားလွဲ၍ သညာမက္ခာတဲ့အပြင် ရုပ်စွဲ ဖြစ်တတ်ပါသည်။ (အထူးသတိပြုပါ)

သတိပြု အထူးစဉ်းစားပါ၊ ရုပ် ရုပ်ချင်း တိုက်ဆိုင်မှသာ ဖြစ်ပေါ်လာနိုင်သော အသိနှင့်တကွ ရုပ်နာမ်ဟု မှတ်ရမည်၊ ပရိညေယျတရားသာ သိအပ်၏၊ သတိပြုကြပါ၊ ဘာဝနာဉာဏ် အစဉ်ဖြင့် မြင်အပ်သော ခြောက်ဒွါရမှာ ကျရောက်နေသော ဉပါဒါနက္ခန္ဓာကို နာမ်ရုပ်ဟု သမုတ်၍ ဟောတော်မူလေ၏၊ ထိုနာမ်ရုပ်သည် နာမ်ညွတ်မှ ရုပ်ပေါ်၏၊ ရုပ်ပေါ်မှ နာမ် ညွတ်နိုင်၏၊နာမ်ရုပ်ဟု မှတ်ရ၏၊ ထိုနာမ်ရုပ်ကို ဝိပဿနာယာနိက စခန်းခေါ်၏၊ အဘိညာ ပရိညေယျတရား ပိုင်းခြားသော တရား မှတ်ရ၏၊ ထိုသမယပစ္စုပ္ပန်မှာ ဖြစ်ပျက်နေသော နာမ်

ရုပ်ကို ဒုက္ခသစ္စာမှန်း သိ၏၊ ဒုက္ခ၏အကြောင်းတရား သမုဒယ သစ္စာကို မဂ်ပညာဖြင့် ပယ်ရ၏၊ မဂ်ပညာဖြင့် ဘာဝေတဗ္ဗ တရား ပွားများနိုင်ခြင်းငှါ ဆရာအစဉ်အဆက် ရှာရမည်။

## အဘိဓမ္မတ္ထ သမုစ္စည်းပိုင်း သင်္ဂဟဂါထာများ

ရူပဉ္စ ဝေဒနာ သညာ၊ သေသစေတသိကာ တထာ။
ဝိညာဏမိတိ ပဉ္စေတေ၊ ပဉ္စက္ခန္ဓာတိ ဘာသိတာ။

ထိုခန္ဓာသည် ပရိညေယျတရား ရုပ်နာမ်နှစ်ပါး သတိထား။

ပဉ္စုပါဒါနက္ခန္ဓာတိ၊ တထာ တေဘူမကာ မတာ။
ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟ နိဿဋံ။

ထိုခန္ဓာသည် အဘိညာ ပရိညေယျတရား နာမ်ရုပ်နှစ်ပါး သတိထား။ (အထူးစဉ်းစားပါ)

အပေါ်က အဗျာကတခန္ဓာ ပဉ္စက္ခန္ဓာ ဟုမှတ်၊ အောက်က သာသဝခန္ဓာ ပဉ္စုပါဒါနက္ခန္ဓာ ဟုမှတ်။

ထိုပဉ္စုပါဒါနက္ခန္ဓာ ချုပ်အောင်သာလျှင် ဝိပဿနာလုပ်၍ ပိုင်းခြားအပ်သော တရားကို အဘိညာ ပရိညေယျလုပ်၍

ပယ်အပ်သောတရားကို အဘိညာပဟာတဗ္ဗလုပ်မှု ပဟာတဗ္ဗ တရားကို ပဟာယကလုပ်မှု၊ တနည်းကား ပယ်အပ်သော တရားကို သိသဖြင့် ပယ်တတ်သောပညာကို ပွားမှု ပယ်အပ် သော အကြောင်းပျက်၍ ပဋိပါဒါနက္ခန္ဓာ ချုပ်ငြိမ်းခြင်း ကို ခန္ဓဝိမုတ္တိဖြစ်၍ နိဗ္ဗာန်ဟု ဟောတော်မူခြင်းကိုလည်း သတိပြုအပ်၏။

## သမထဉာဏ်လမ်း ရုပ်နာမ်လွတ် သတိပြု ခဏိကသမာဓိ

ထို့ကြောင့် မျက်စိအကြည် အရိပ်ရုပ် ထင်ဆဲ မြင်ဆဲ ရုပ်နာမ်သည် အဒ္ဓါနပစ္စုပ္ပန်၌ အခိုက်အတန့် ဒုက္ခသဘောကို ပိုင်းခြားနိုင်သော ဉာဏ်သည် ပရိဉ္ဉေယျ ရုပ်နာမ်လွတ် သပစ္စယဓမ္မာရုံ ခေါ်၏၊ အမောဟ ပညိန္ဒြေ ခေါ်၏၊ ဝိဇ္ဇာ ဉာဏ် ခေါ်ပါသည်၊ သမထဉာဏ်လမ်း ခေါ်ပါသည်၊ ဘယ် အတွက် ဉာဏ်လမ်း ဖြစ်နိုင်သနည်း ဟု မေးလျှင် ထိုမျက်စိ အကြည် မှန်ပြင်ပေါ်တွင် အရိပ်ရုပ် ထင်ဆဲ မြင်ဆဲ ရုပ်နာမ်ကို အခိုက်အတန့်မျှ သူ့သဘာဝကို အသမ္မောဟသမ္ပဇဉ် ကင်း ကြ၍ ဒုက္ခမှန်မှန်း မသိ၊ အဝိဇ္ဇာ ထိုအဝိဇ္ဇာမှ ဖေါက်ခွဲ၍ အဒ္ဓါနပစ္စုပ္ပန် အခိုက်အတန့် ဒုက္ခသဘောအမှန် အမှန်မှန်း ဘောက်ခွဲသိ၍ အမှန်အသိပေါ်မှာ သတိထားခြင်းသည် ဉာဏ်လမ်းဖြစ်ပါသည်။

## သမထ ချာန်လမ်း

မျက်စိ တံခါး နားတံခါး နှာခေါင်းတံခါး လျှာတံခါး ကိုယ်ကာယတံခါး ထို တံခါး ငါးပေါက်မှ အဒ္ဒါနုပစ္စုပ္ပန် တည့်တည့်က ရုပ်ခန္ဓာပေါ်မှာ သတိချထားလျှင် သမထ ဈာန်လမ်း ရူပသညာခေါ်သည်၊ သို့မှု နာမ်ခန္ဓာပေါ်မှာ သတိ ချထားလျှင် သမထဈာန်လမ်း နာနတ္တသညာ ခေါ်ပါသည်၊ ၎င်းဈာန်လမ်းသညာ နာမ်သညာ အပေါ်မှာ ချထား၍ မကူနိုင်သဖြင့် ဉာဏ်မယှဉ်နိုင်သဖြင့် ဉာဏဝိပ္ပယုတ်ခေါ်ပါ သည်၊ အဝိဇ္ဇာလည်း ခေါ်ပါသည်၊ သတိပြုပါ၊ ထွက်လေ ဝင်လေ သတိ လုပ်ခြင်းသည်လည်း သမထလမ်းဟုမှတ်၊ ထိုမှတပါး ကိုယ်ကာယအပေါ်မှာ ပူသိ,အေးသိ သတိချထား ခြင်းသည် သမထလမ်းမျှသာ ဖြစ်နိုင်ပါသည်၊ ကိုယ်ပေါ်မှာ ခေတ်ဘဲဟု သတိပြုခြင်းသည် သမထမျှသာ ဖြစ်ပါသည်။ (အထူး စဉ်းစားကြပါ)

## ဝိပဿနာ ယာနိက ပြဆိုမည် သတိပြု

သိကာမျှ အသိပေါ် သတိချ၊ တနည်းကား ဘဝင်ခိုက် သတိချ၊ သတိ အားကောင်းလျှင် မိမိလက်ရှိ ကိုယ်ကာယ ရုပ်မှာဖြစ်ပေါ်နေသော သုခဝေဒနာ ဒုက္ခဝေဒနာ ချုပ်နေ၏၊

ဣရိယာပုထ် ငြိမ်းနေ၏၊ထိုဣရိယာပုထ် ငြိမ်းမှုအဘိညာဏ်စိတ် ဖြစ်၍ ဟာဒယလိုဏ်ဂူအတွင်းမှ ထွက်ပေါ်လာသော စေတသိက်ဓမ္မာရုံလည်း ခေါ်၏၊ ပညတ္တိပထလည်း ခေါ်၏၊ ပကိဏ္ဏက ခြောက်လုံးလည်း ခေါ်၏၊ ဒွါရခြောက်ပါးမှာ ကျရောက်လာသော ဥပါဒါနက္ခန္ဓာလည်း ခေါ်၏၊ အဇ္ဈတ္တခန္ဓာလည်း ခေါ်၏၊ ကာယအကြည် အရိပ်အရောင်နှင့် အာရုံနှင့် မနေး မနှောင်း ဖြစ်ပျက်နာမ်ရုပ်လည်း ခေါ်၏၊ ထိုနာမ်ရုပ် ဖြစ်ပျက်သည်ကို မြင်မှု မမြဲသော အနိစ္စမှန်း ထင်မြင်နိုင်၏၊ ထို ဖြစ်ပျက် နာမ်ရုပ်သည် ဆင်းရဲသော ဒုက္ခမှန်း ထင်မြင်နိုင်၏၊ ထိုဖြစ်ပျက် နာမ်ရုပ်သည် တားမြစ်မရနိုင်သဖြင့် အနတ္တမှန်း ထင်မြင်နိုင်၏၊ ဝိပဿနာသည် အဇ္ဈတ္တ ဥပါဒါနက္ခန္ဓာခေါ် နာမ်ရုပ်ကို ရှုရ၏၊ ထို အဇ္ဈတ္တခန္ဓာ နာမ်ရုပ်မြင်မှု နိစ္စသညာ သုခသညာ အတ္တသညာ ကွာ၍ သမယပစ္စုပ္ပန် အကျိုးဝေဒနာ သမယပစ္စုပ္ပန် အကျိုးဒုက္ခသစ္စာတလုံး (သိ) ပိုင်းခြားနိုင်လေ၏၊ထိုဒုက္ခသစ္စာ ဖြစ်ပျက် အကျိုး ဝေဒနာ သမယပစ္စုပ္ပန်သိမှု အကြောင်းတဏှာ သမယပစ္စုပ္ပန်၌ ပယ်အပ်၏ဟု မြင်၏၊ ထို ပယ်အပ်သော သမုဒယသစ္စာကို မဂ်ပညာဖြင့်သာ ပယ်နိုင်၏၊ ထိုမဂ်ပညာကို မဂ္ဂသစ္စာဟု ဘာဝေတဗ္ဗ ပွားများမှု သမယပစ္စုပ္ပန်၌ အကြောင်း ငြိမ်းသဖြင့် သမယပစ္စုပ္ပန်၌ အကျိုး

မပေးနိုင်၊ ထိုအကျိုးဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ ချုပ်ငြိမ်းခြင်းကို နိရောဓသစ္စာ နိဗ္ဗာန်ဟု ဟောတော်မူလေ၏။

ဆရာရှာရမည်၊ ဆရာရှာကြပါ၊ စာသိနှင့် မပြီးသေးပါ။

## သစ္စာအနက် ၁၆-ချက်

### ဒုက္ခသစ္စာအနက် လေးပါး

၁။ ပီဠနဋ္ဌော- အဇ္ဈတ္တတွင် တရှံမစဲ တဖွဲဖွဲ တသဲသဲ တရွှဲရွှဲ တရိပ်ရိပ် တစိပ်စိပ် အမွှာမွှာ နှိပ်စက်အပ် နှိပ်စက်တတ်သော ဒုက္ခသဘော။

၂။ သင်္ခတဋ္ဌော- အဖန်ဖန် အပြန်ပြန် အလှန်လှန် တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွှရွှ ပြုတတ် ပြင်တတ် စီရင်တတ်သော ဒုက္ခသဘော။

၃။ သန္တာပဋ္ဌော-ဖြစ်ပျက်မစဲ ဆင်းရဲစွဲလျက် အမြဲဆူလှုံ့ သူ့ရကန်စက် အိုးထိန်းခွက်မှ အဆက်မပြတ် ပူပန်စေတတ်သော ဒုက္ခသဘော။

၄။ ဝိပရိဏာမဋ္ဌော- ပါဒ် ဗီဇနှာ တရှံမစဲ ဖြစ် တည် ပျက်မြဲ ချုပ်ကွယ် ပျောက်ကင်း ဆင်းရဲခြင်းမှ ဖေါက်ပြန်တတ်သော ဒုက္ခသဘော။

## သမုဒယသစ္စာအနက် လေးပါး

၁။ အာယူဟနဋ္ဌော–ဖြစ်ပျက်အစဉ် ခန္ဓာဝန်ကို ခင်မင်မက်မော ဆင်းရဲပေါ်အောင် ရှက်ဆောင် အားထုတ်တတ်သော သမုဒယသဘော။

၂။ နိဒါနဋ္ဌော- သံသရာစက် ဝဲဂယက်၌ ဆက်ကာ ဆက်ကာ အဓွန့်ကြာအောင် ထမ်းဆောင်ပေးကမ်း ဆောင်နှင်းတတ်သော သမုဒယသဘော။

၃။ သံယောဂဋ္ဌော- သံသရာစီးပွား ကြီးထွားမှုကို အမြဲယှဉ်တွဲ မခွဲရက်အောင် ဖွဲ့နှောင်တတ်သော သမုဒယသဘော။

၄။ ပလိဗောဓဋ္ဌော- ဆင်းရဲချက်မှ မထွက်ရအောင် ချုပ်နှောင်ဖွဲ့စည်း ရစ်ပတ်ဆီးလျက် အနည်းနည်း နှောက်ရှက်တတ်သော သမုဒယသဘော။

## နိရောဓသစ္စာအနက် လေးပါး

၁။ နိဿရဏဋ္ဌော- ဖြစ်ပျက်ဝဋ်ဘောင် အလွတ်ရှောင်၍ ထုတ်ဆောင် ကူးမြောက် ချုပ်ငြိမ်းခြင်းသို့ရောက်အောင် ကင်းလွတ်တတ်သော နိရောဓသဘော။

၂။ ဝိဝေကဋ္ဌော-ဆင်းရဲမီးရှိန် ချုပ်ငြိမ်းကင်းကွာ အေး ငြိမ်းစွာလှ ဆိတ်ငြိမ်တတ်သော နိရောဓသဘော။

၃။ အသင်္ခတဋ္ဌော· ဖြစ်ခြင်း ပျက်ခြင်း သေခြင်းကင်း၍ ကြောင်းအင်လေးပါး မစီရင် မပြုပြင်နိုင်တတ် သော နိရောဓသဘော။

၄။ အမတဋ္ဌော- သေပျက်မစဲ လွတ်အောင်နွဲ၍ မချုပ် မပျောက် မြဲမှန်တည်နေ မသေရာဖြစ်တတ်သော နိရောဓသဘော။

## မဂ္ဂသစ္စာအနက် လေးပါး

၁။ နိယျာနဋ္ဌော-ဒုက္ခပင်း ပြုပြင်ခြင်းကို ပယ်ရှင်းခုတ် ဖြတ် လက်စသတ်၍ အေးငြိမ်းအမှန် ပြည်နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်တတ်သော မဂ္ဂသဘော။

၂။ ဟေတုဋ္ဌော- လောကုတ္တရာ အကြောင်းရင်းမူလ နိဗ္ဗာန်ဘက်သို့ ခိုလှုံသက်ဝင် အကြောင်းရင်းဖြစ် တတ်သော မဂ္ဂသဘော။

၃။ ဒဿနဋ္ဌော- နိဗ္ဗာန်ကို တပ်အပ်ထင်ထင် ရှင်ရှင် မြိုင်မြိုင် မြင်စွမ်းနိုင်တတ်သော မဂ္ဂသဘော။

၄။ အဓိပတေယျဌေ့ာ- သိက္ခာသုံးခု အကျင့်မှုတွင် သူ့ပြင်မရှိ ကြီးဘိတုလွတ် အကြီးအမှူးဖြစ်တတ်သော မဂ္ဂသဘော။

ဤသစ္စာအနက် ၁၆-ချက်သည် စာသဘောမျှသာ ဖြစ်၍ ဉာဏ်ဝမှာ ထင်ထင်လင်းလင်း သိမြင်ဘို့အရေး ဆရာကောင်း ဆရာမြတ်ကို ရှာရမည်သာတည်း။ (သတိ)

အခန်း ၇-ပြီး၏။

၁၀၇၈၀

## နိဂုံး စကား

၁၃၂၈-ခု ပဌမ ဝါဆိုလဆန်း ၂-ရက်နေ့မှ အစပြု၍ ဒုတိယ ဝါဆိုလဆန်း ၈-ရက်နေ့တွင် အပြီးရေးသား၍ အားလုံးသော လူ ရှင် ရဟန်းတို့၏ အကျိုးငှါ ပြုလုပ်အားထုတ်၍ မေတ္တာရှေ့ထားပြီး ဤ **တိဖလ အဖွင့်ကျမ်း** ကို ရေးသား စီရင်အပ်ပါသည်။

သို့သော် အမှား အမှန် တွေ့ရှိပါက-

**ကြီးခေါ် ငယ်ပင့်၊ ပိုနုတ် လိုစွက်၊ မကျေနပ်၊**

**နောက်ထပ် ခေါ် ၍မေး။**

ဤ ကျမ်းရေးရ ဘိုဘာဂကြောင့် ယထာဘူတ ဉာဏ်ခမ္မကို နေ့ညမကွာ လင်းလင်းသာ၍ တဖြာထိုမှ ယထာဘူတ သဘာဝကို လူရှင် ရဟန်း သင်တန်းများကို သေချာပြတ်သား ဟောယူနိုင်စေသား။

တတိယ သုံးကြိမ်မြောက် ပုံကူး ရောင်းစားခွင့် မရှိရ။

## တိဖလ အဖွင့်ကျမ်း ပြီးပြီ။

ဦးတင်ထွေးက ပုံနှိပ်ထုတ်ဝေသည်၊
ပုံနှိပ်တိုက်မှတ်ပုံတင် ၀၀၁၅၊ ထုတ်ဝေသူ ၀၂၂၀။
ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၁၀၃၂)
၁၃၃၀–၃ နယုန်လ။ အုပ်ရေ–၂၀၀၀။
အဘိုး ၁ ကျပ်